မြဝတီ နေ့စဉ်

အချိန်မီဖြန့်ချိ သတင်းစုံသည် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၃၄၁)

၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်
၂၀၂၅ ခုနှစ်၊ မတ် ၂၅ ရက်၊ အင်္ဂါနေ့

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

မြတ်ဗုဒ္ဓ၏အဆုံးအမတရား

တစ်ခဲနက်ဖြစ်သော ကျောက်တောင်သည် အရပ်လေးမျက်နှာမှ လာသောလေကြောင့် မတုန်မလှုပ်သကဲ့သို့ ပညာရှိတို့သည် ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းတို့ကြောင့် မတုန်လှုပ်ကုန်။

ဓမ္မပဒ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံစီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမျိုးသားစီမံကိန်းကော်မရှင် အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

ပြည်ထောင်စုဝန်ကြီးဌာနများက လျာထားသည့်လုပ်ငန်းများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများက လျာထားသည့်လုပ်ငန်းများတွင် လက်တွေ့ကျသည့်စီမံကိန်းဖြစ်စေရန်နှင့် ပြည်သူကို အမှန်တကယ်အကျိုးပြုနိုင်သည့်စီမံကိန်းများဖြစ်စေရေး စနစ်တကျလေ့လာသုံးသပ်ပြီး အချိန်မီပြီးစီးရေးကို ဆောင်ရွက်သွားကြရမည်ဖြစ်



အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမျိုးသားစီမံကိန်းကော်မရှင်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် မတ် ၂၄

အမျိုးသားစီမံကိန်းကော်မရှင်အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ အမျိုးသားစီမံကိန်းကော်မရှင်ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ **စာမျက်နှာ ၆ ကော်လံ ၁** ★



အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ မတ် ၂၅ ရက်)

ဒို့တာဝန်အရေးသုံးပါးကို အစဉ်အမြဲဦးထိပ်ပန်ဆင်သောတပ်မတော်

မြန်မာနိုင်ငံတွင် တပ်မတော်တစ်ရပ်ခိုင်ခိုင်မာမာတည်ရှိနေသည့်အတွက် လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲနေခြင်းဖြစ်သည်။ တပ်မတော်သည် နိုင်ငံအတွက် အသက်သွေးကြောနှင့်ပမာတူလှသည်။ အသက်သွေးကြောရှင်သန်ခြင်းမရှိက လူတစ်ဦး၏ဘဝကို နိဂုံးချုပ်သွားစေနိုင်သည်။ ထို့အတူ တပ်မတော်တစ်ရပ်မရှိပါက အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ရပ်တည်ရန်ခဲယဉ်းပေလိမ့်မည်။ တပ်မတော်သားဆိုသည်မှာ ပြည်သူလူထု၏သားသမီးများပင်ဖြစ်သည်။ ပြည်သူများမှမွေးဖွားလာခဲ့သော သားကောင်း၊ သမီးကောင်းရတနာများသာဖြစ်သည်။

တပ်မတော်သို့ ဝင်ရောက်တာဝန်ထမ်းဆောင်နေကြသူများမှာ မိမိတို့၏ယုံကြည်ချက်၊ ခံယူချက်ဖြင့် ဝင်ရောက်တာဝန်ထမ်းဆောင်နေကြသူများဖြစ်ကြသည်။ မိမိနိုင်ငံနှင့်လူမျိုးကို ချစ်သည့်စိတ်၊ မြတ်နိုးတန်ဖိုးထားသည့်စိတ်ဖြင့် စွန့်လွှတ်စွန့်စားတာဝန်ထမ်းဆောင်နေခြင်းဖြစ်သည်။ ပြည်သူများ၏သားသမီးများဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည့် တပ်မတော်ဖြစ်သည့်အတွက် ပြည်သူများအနေဖြင့်လည်း တပ်မတော်အပေါ်ယုံကြည်အားကိုးကြသည်။ တပ်မတော်အနေဖြင့် နိုင်ငံနှင့်ပြည်သူအပေါ်ကျရောက်လာမည့် ဘေးအန္တရာယ်မှန်သမျှကို တားဆီးကာကွယ်ပေးလျက်ရှိသည်။

နိုင်ငံတော်နှင့်ပတ်သက်လာလျှင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို အစဉ်ဦးထိပ်ထားဆောင်ရွက်လျက်ရှိသည်။ အဆိုပါ ဒို့တာဝန်အရေးသုံးပါးကို တပ်မတော်၏အမျိုးသားနိုင်ငံရေးတာဝန်အဖြစ်ခံယူထားသည်။ ဒို့တာဝန်အရေးသုံးပါးနှင့်ပတ်သက်လာလျှင် တပ်မတော်သားတို့သည် အရိုးကြေကြေအရေခန်းခန်း မဆုတ်မနစ်သောဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် တာဝန်ထမ်းဆောင်လျက်ရှိသည်။ စစ်သည်တော်တိုင်း တစ်ဦးချင်းအနေဖြင့် ပြုကျင့်ရမည့်ကျင့်ဝတ်များတွင် “ဒို့တာဝန်အရေးသုံးပါးကိုအစဉ်ဦးထိပ်ထားပါ” ဟူ၍သတ်မှတ်ပေးထားသည်။ ထို့ကြောင့် တပ်မတော်သားတို့၏စိတ်တွင် ဒို့တာဝန်အရေးသုံးပါးကို အစဉ်အမြဲဦးထိပ်ပန်ဆင်လျက်ရှိကြသည်။

မြန်မာနိုင်ငံသည် အတိတ်သမိုင်းတွင် ကိုလိုနီလက်အောက်ခံနိုင်ငံအဖြစ်လည်းကောင်း၊ ဖက်ဆစ်စနစ်၏လွှမ်းမိုးချုပ်ကိုင်မှုအောက်တွင်လည်းကောင်း တည်ရှိခဲ့ဖူးသည်။ မျိုးချစ်လူငယ်များသည် ငါတို့မြန်မာနိုင်ငံကို ငါတို့ပိုင်စိုးရမည်ဟူသော သခင်စိတ်ဓာတ်ဖြင့် တပ်မတော်တစ်ရပ်ကိုလျှို့ဝှက်စွာဖွဲ့စည်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။ ထို့ကြောင့် ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်တွင် ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သော ဗမာ့လွတ်လပ်ရေးတပ်မတော်ကိုစတင်ဖွဲ့စည်းနိုင်ခဲ့ကြသည်။ တပ်မတော်ကိုစတင်ဖွဲ့စည်းသည့်အခါ လွတ်လပ်ရေးအတွက်တိုက်ပွဲဝင်မည်ဟူသောမွန်မြတ်သည့်စိတ်ဓာတ်ဖြင့် လူငယ်လူရွယ်များမှာ တပ်မတော်သို့ သူ့ထက်ငါအလုအယက်ဝင်ရောက်ခဲ့ကြသည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရရှိရေးကြိုးပမ်းမှုစိတ်ဓာတ်သည် လွန်စွာမြင့်မားခဲ့သည်။ တပ်မတော်ကိုစတင်ဖွဲ့စည်းစဉ်က အင်အား၂၀၀ ခန့်သာရှိခဲ့သော်လည်း နယ်ချဲ့အင်္ဂလိပ်တို့ကို တိုက်ထုတ်သည့်အခါတွင် တပ်မတော်၏အင်အားမှာ ငါးသောင်းခန့်မျှရှိခဲ့သည်။ ဤသည်မှာ ဗမာ့သတ္တိကိုကမ္ဘာကသိအောင်ပြသခဲ့ခြင်းလည်းဖြစ်သည်။

တပ်မတော်သည် နယ်ချဲ့အင်္ဂလိပ်တို့ကို တော်လှန်ရေးဆင်နွှဲပြီးသော်လည်း လွတ်လပ်ရေးမရရှိသေးပေ။ မြန်မာတို့အားကူညီမှုပြုခဲ့သောဂျပန်တို့သည် မူလကပေးထားသောကတိများကိုဖောက်ဖျက်ကာ မြန်မာနိုင်ငံကိုလွတ်လပ်ရေးပေးရန်ပျက်ကွက်ခဲ့သည်။ ၁၉၄၃ ခုနှစ် ဩဂုတ်လ ၁ ရက်တွင် ဂျပန်တို့က မြန်မာတို့အား လွတ်လပ်ရေးပေးကြောင်းကြေညာခဲ့သည်။ သို့သော် အမှန်တကယ်လွတ်လပ်ခြင်းမရှိခဲ့ပေ။ ဂျပန်တို့အနေဖြင့် အင်အားကြီးမားနေသောဗမာ့လွတ်လပ်ရေးတပ်မတော်ကို အင်အားများစွာလျှော့ချကာ ဗမာ့ကာကွယ်ရေးတပ်မတော်အဖြစ်သို့အမည်ပြောင်းလဲခဲ့သည်။

တပ်မတော်၏အမည်ကိုမည်သို့ပြောင်းလဲစေကာမူ တပ်မတော်အနေဖြင့်မပြောင်းလဲဘဲ အမြဲခိုင်မာစွာရပ်တည်နေသည်မှာ နိုင်ငံနှင့်ပြည်သူအတွက်သာဖြစ်သည်။ ထို့ကြောင့် တပ်မတော်သည် ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်တွင် ဖက်ဆစ်တော်လှန်ရေးကို တပ်မတော်နှင့်ပြည်သူလက်တွဲကာဆင်နွှဲခဲ့ကြရပြန်သည်။ ထိုနေ့သည် မြန်မာ့သမိုင်းတွင် တပ်နှင့်ပြည်သူတို့၏ စည်းလုံးညီညွတ်မှုအင်အားကိုအထင်အရှားပြသနိုင်သည့်နေ့ဖြစ်သည်။ နိုင်ငံတစ်ဝန်းလုံး လှည်းနေလှေအောင်းမြင်းဇောင်းမကျန် ပြည်သူတို့တိုက်ပွဲဝင်ခဲ့ကြသည်။ ကြီးမားသောအောင်မြင်မှုရရှိခဲ့သည်။ သို့သော် မြန်မာနိုင်ငံကားလွတ်လပ်ရေးမရရှိသေးပေ။ နယ်ချဲ့အင်္ဂလိပ်တို့ပြန်လည်ဝင်ရောက်လာသည်နှင့်ကြုံရပြန်သည်။

မြန်မာနိုင်ငံသို့ ဒုတိယအကြိမ်ပြန်လည်ဝင်ရောက်လာသည့် အင်္ဂလိပ်တို့သည် မြန်မာ့တပ်မတော်၏စွမ်းအားကိုမြင်တွေ့ရသည့်အတွက် တပ်မတော်ကိုဖျက်သိမ်းရန်ပင်ကြံစည်ခဲ့သေးသည်။ တပ်မတော်နှင့်ပြည်သူတို့၏ သွေးစည်းညီညွတ်သောစွမ်းအားကြောင့် အင်္ဂလိပ်တို့အကြံအစည်ပျက်သွားခဲ့သည်။ ဤသည်ကား ဒို့တာဝန်အရေးသုံးပါးကို စတင်ဖွဲ့စည်းချိန်မှယနေ့ကာလထိတိုင်အမြဲဦးထိပ်ပန်ဆင်ခဲ့သောတပ်မတော်၏ကျေးဇူးတရားပင်ဖြစ်သည်။ ဆက်လက်၍လည်း နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များအား ကျရာအခန်းကဏ္ဍမှ အားသွန်ခွန်စိုက်ပါဝင်ဆောင်ရွက်နေမည်သာဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ဒို့တာဝန်အရေး(၃)ပါးကို အစဉ်အမြဲဦးထိပ်ပန်ဆင်ပြီး တပ်မတော်၏အဓိကလုပ်ငန်းကြီး(၃)ခုဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့်ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များအား ကျရာအခန်းကဏ္ဍမှအားသွန်ခွန်စိုက်ပါဝင်ဆောင်ရွက်ရေး။

(ခ) နိုင်ငံတော်ဖွဲ့ဖြိုးတိုးတက်ရေးနှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့်ထာဝရငြိမ်းချမ်းရေးရရှိရန်ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဦးတည်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ်ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်များမှကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏လူမှုဘဝလုံခြုံရေးနှင့်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။

(ဃ) ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များကူညီဆောင်ရွက်ပေးရေး။

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

	အမည်၊ လက်ရှိရာထူး၊ ဌာန	ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန
(က)	ဒေါက်တာသက်လွင်	ညွှန်ကြားရေးမှူးချုပ်
	ပါမောက္ခချုပ်	မြန်မာနိုင်ငံစာစစ်ဦးစီးဌာန
	ပြည်တက္ကသိုလ်	ပညာရေးဝန်ကြီးဌာန
	အဆင့်မြင့်ပညာဦးစီးဌာန	
	ပညာရေးဝန်ကြီးဌာန	
(ခ)	ဒေါက်တာခင်မောင်ဇော်	ပါမောက္ခချုပ်
	ပါမောက္ခချုပ်	ပြည်တက္ကသိုလ်
	စစ်တွေတက္ကသိုလ်	အဆင့်မြင့်ပညာဦးစီးဌာန
	အဆင့်မြင့်ပညာဦးစီးဌာန	ပညာရေးဝန်ကြီးဌာန
	ပညာရေးဝန်ကြီးဌာန	

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ နိုင်ငံတကာရေးရာနှင့် တားဆီးကာကွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကောင်းဇော်သန့်ကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

သဇင်(FM)အသံလွှင့်အစီအစဉ်

၂၅-၃-၂၀၂၅(အင်္ဂါနေ့)

၁။ ၀၈:၀၀ နှလုံးသားဝယ်ဘုရားတည်
၂။ ၁၁:၅၀ လှပကျန်းမာ
၃။ ၁၃:၅၀ Speech On Air
၄။ ၁၆:၀၀ တပ်မတော်စာတိုက်ခန်း
၅။ ၁၇:၀၀ ထင်ရှားကျော်ကြားပုဂ္ဂိုလ်များ
၆။ ၂၁:၂၀ Memory Box

မြဝတီ ခုနှစဉ် Myawady Daily

စာတည်းမှူးချုပ် – ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) – ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) – ဦးရဲမင်းတင်
စာတည်းမှူး(ကျွမ်းကျင်)အင်္ဂလိပ် – ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) – ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) – ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) – ဦးဇော်မင်းဝိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) – ဦးစံမင်းသူ
နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၉၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။
ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂။ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၃၇၅၅၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် – ၀၀၃၇၈/၀၀၄၉၄
စာတင်ထုတ်ဝေသည့်ရက် – ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website – www.myawady.net.mm

ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ဦးဇော်ဇော်စိုးအား ခန့်အပ်

နေပြည်တော် မတ် ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံအမတ်ကြီး ဦးဇော်ဇော်စိုးအား ထိုင်းနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ်ခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

တိုင်းစစ်ဌာနချုပ်အသီးသီးနှင့် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များ၌ ကျောင်းသား/ကျောင်းသူများအတွက် နွေရာသီသင်တန်းများဖွင့်လှစ်

နေပြည်တော် မတ် ၂၄

ကျောင်းသား/ကျောင်းသူများအနေဖြင့် နွေရာသီကျောင်းပိတ်ရက်ကာလများတွင် အားလပ်ချိန်များကို အကျိုးရှိစွာအသုံးချတတ်စေရန်၊ ဘာသာ၊ သာသနာကိုတန်ဖိုးထားတတ်စေရန်၊ မြတ်ဗုဒ္ဓ၏အဆုံးအမနှင့်ကျင့်စဉ်များကို ပိုမိုနက်ရှိုင်းစွာနားလည်စေရန်နှင့် အကျင့်စာရိတ္တကောင်းမွန်ပြီး ပညာထူးချွန်သူများဖြစ်လာစေရန်၊ လက်တွေ့အသုံးချဘာသာရပ်များနှင့်အတူ ဗဟုသုတရစေပြီး အတတ်ပညာများတိုးပွားစေရန်ရည်ရွယ်၍ တိုင်းစစ်ဌာနချုပ်အသီးသီးနှင့် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များ၌ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း၊ အင်္ဂလိပ်စာအခြေခံနှင့် စကားပြောသင်တန်းနှင့် ကွန်ပျူတာအခြေခံသင်တန်းများဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး နွေရာသီသင်တန်းများတက်ရောက်ကြမည့် ကျောင်းသား/ကျောင်းသူများအတွက် သင်ထောက်ကူပစ္စည်းများနှင့် စာရေးကိရိယာများပေးအပ်စဉ်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ကျောင်းသား/ကျောင်းသူများအတွက် နွေရာသီသင်တန်းများဖွင့်ပွဲကျင်းပစဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက် နွေရာသီသင်တန်းများတက်ရောက်ကြမည့် ကျောင်းသား/ကျောင်းသူများအတွက် သင်ထောက်ကူပစ္စည်းများနှင့် စာရေးကိရိယာများပေးအပ်စဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ်၌ ကျောင်းသား/ကျောင်းသူများအတွက် နွေရာသီသင်တန်းများဖွင့်ပွဲကျင်းပစဉ်။

ထိုသို့ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ယနေ့တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ ဗလမင်းထင်ခန်းမ၌လည်းကောင်း၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ အောင်ဇေယျခန်းမ၌လည်းကောင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်ဧရာဝတီခန်းမ၌ လည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ ရန်အောင်မြင်ခန်းမ၌လည်းကောင်း အသီးသီးဖွင့်လှစ်ရာသက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ကျောင်းသား/ကျောင်းသူများနှင့် သင်တန်းနည်းပြများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးများက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးများက နွေရာသီသင်တန်းများတွင် တက်ရောက်ကြမည့် ကျောင်းသား/ကျောင်းသူများအတွက် သင်ထောက်ကူပစ္စည်းများ၊ စာရေးကိရိယာများနှင့် စားသောက်ဖွယ်ရာများအား ပေးအပ်ပြီး သင်တန်းများ ဖွင့်လှစ်သင်ကြားနေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များအား တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များ၌လည်း အဆိုပါနွေရာသီသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(၁၀၀)**

နှစ်(၈၀)ပြည့် တပ်မတော်နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြစ်ကြီးနားမြို့၊ အောင်ဇေရန်အောင်ဘုရား၌ နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

နေပြည်တော် မတ် ၂၄

၂၀၂၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် ကျရောက်မည့် နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများက ယနေ့နံနက်ပိုင်းတွင် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ အောင်ဇေရန်အောင်ဘုရား၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(၁၀၀)**



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက သန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။

တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

ယမန်နေ့မှအဆက်

"ဘာဖြစ်တာလဲဗျ ကိုမြ"

"ဆင်မက ဆင်ရိုင်းနဲ့ တွေ့နေသလားလို့ ဆရာ"

"ခလောက်သံတိတ်သွားတာက ဘာကြောင့်လဲဗျာ"

"ဆင်ရိုင်းနဲ့တွေ့နေရင် ဆင်မက ခလောက်သံမကြားရအောင် လည်ပင်းနဲ့ညှပ်ထားတတ်တယ် ဆရာ"

"သူ့ကို လူမတွေ့စေရအောင်လို့လား"

"ဟုတ်တာပေါ့၊ သူတို့ဘာသာဘာဝ ပျော်မြူးချင်တာပေါ့ ဆရာ"

"ဒါဖြင့် ကျုပ်တို့ ဘယ့်နယ်လုပ်ရမလဲ"

"ဆင်ရိုင်းနဲ့ တွေ့ရိုးမှန်ရင် လိုက်တတ်တယ် ဆရာ၊ သစ်ပင်ပေါ်တက်ပေတော့"

"သူတို့ချင်း 'လိုက်'တာကို တက်ကြည့်ဖို့လား"

"သူတို့ချင်းလည်း လိုက်တယ်၊ လူကိုလည်း လိုက်တတ်တာပဲ"

ကျွန်ုပ်ကား အတော်လန့်သွားလေပြီ။ သို့သော် လွန်ပြီးအဖြစ်ကိုတွေးပူပြီး ငါလိုက်ခဲ့မိခြင်းကား မှားလေပြီဟု မိမိကိုယ်ကို အပြစ်ဆိုတတ်သော ဝါသနာမရှိသည့်အလျောက် ဖိနပ်ကလေးကို ကပျာကယာချွတ်၍ တက်ရလွယ်သောသစ်ပင်တစ်ပင်ပေါ်သို့တက်လေ၏။

"နို့ ခင်ဗျားကောဗျ"

"ကျွန်တော်ကတော့ ဆင်မကို သွားကြည့်ရဦးမယ် ဆရာ၊ ဒီထက်မြင့်မြင့်မတက်နိုင်ဘူးလား ဆရာ"

"ဒီလောက်ဆို မလွတ်သေးဘူးလားဗျ"

"လွတ်တော့ လွတ်ပါတယ်၊ ခပ်မြင့်မြင့်တက်ပြီး ဆင်မကို မျှော်ကြည့်ရင် မြင်နိုင်မလားလို့ပါ"

ကျွန်ုပ်မှာ ဘုန်းကြီးကျောင်းသားဘဝကတည်းက သစ်ပင်တက်ခြင်းအလုပ်၌ အတော်အလေ့အကျင့်ရှိခဲ့သည်ဖြစ်၍ (ငယ်စဉ်က တက်ခဲ့ခြင်းများသည် အချက်ထဲတွင် အသုံးဝင်တတ်လှသည်။) သစ်ပင်ကြီးပေါ်သို့တက်နိုင်သမျှ မြင့်အောင်တက်ပြီး ခလောက်သံကြားရာဘက်သို့ မျှော်ကြည့်လိုက်ရာတွင် ကိုင်းတောကြီးတစ်ခုထဲ၌ မည်းမည်းအရာဝတ္ထုကြီးနှစ်ခုကို မြင်ရလေ၏။


"မည်းမည်းကြီးတွေမြင်တယ်ဗျို့၊ ဆင်နှစ်ကောင်နဲ့တူတယ်"

"ဟုတ်လိမ့်မယ် ဆရာ၊ ဆရာ ဒီမှာနေရစ်ဦးနော်"

"ခင်ဗျားက ဘယ်သွားမှာလဲ"

"ကျွန်တော်က ဆင်မ နောက်ကို လိုက်ချေဦးမယ်"

ကျွန်ုပ်မှာ ဆင်ရိုင်းများနှင့်မဝေးသော တောနက်



ကြီးထဲတွင် တစ်ယောက်တည်းနေရစ်ရမည့် အစီအစဉ်ကိုမကြိုက်သော်လည်း တခြားနည်းလမ်းမမြင်သည်နှင့် သဘောတူလိုက်ရလေ၏။ ဆင်ဦးစီးထွက်သွားသောအခါ ကျွန်ုပ်မှာတစ်ယောက်တည်း နေရစ်ခဲ့ရ၍ အားငယ်ရသည့်အထဲတွင် တောထဲ၌ လူနှင့် ဆင်ရိုင်းတွေ့၍ သစ်ပင်ပေါ်သို့ တက်ပြေးသော လူအား ဆင်ရိုင်းက ပင်စည်ကိုဦးခေါင်းဖြင့် တိုက်ချတတ်သည်ဆိုသောအဖြစ်အပျက်ကိုသတိရသဖြင့် အား တက်ဖွယ်မဖြစ်လာချေ။ သို့သော် ဆာရိုက်ဒါဟဂွတ်၏ စွန့်စားခန်းဝတ္ထုပေါင်း မြောက်မြားစွာတို့ကို ဖတ်ထားခဲ့သော ကျွန်ုပ်မှာ အလန်ကွာတာမိန်းသည် ဤအခြေအနေမျိုး၌ ဘယ်ကဲ့သို့ပြုလုပ်ချေမည်နည်း ဟုဆင်ခြင်ကာ အတုခိုးလျက် ဆေးတံကိုထုတ်ပြီး ဆေးတစ်ဆုံ့ သောက်လိုက်ပါသေးသည်။ (ရယ်စရာ ရေးခြင်းမဟုတ်၊ တကယ်လုပ်ခြင်းဖြစ်၏။ မိမိကိုယ်တိုင်မရဲသော်လည်း သတ္တိရှိသော လူများပြုမူပုံကိုသတိရခြင်းဖြင့် အားဖြည့်နိုင်ခြင်းသည် စွန့်စားခန်းဝတ္ထုများဖတ်ရှုခြင်း၏ အကျိုးကျေးဇူးပေတည်း။)

ဆေးတစ်ဆုံကုန်သောအခါ ဆင်နှစ်ကောင်ရှိသော ဘက်ဆီမှ 'ဝူး၊ ဝါး၊ ဝူး၊ ဝါး' ဟု အော်သော အသံများကြားရသဖြင့် မျှော်ကြည့်လိုက်ရာတွင် ကိုင်းတောထဲမှ မည်းမည်းကြီးနှစ်ခုအနက်တစ်ခုသည် တစ်ခုကိုခွဲခွာ၍ ခပ်သုတ်သုတ်ရွှေ့သွားသည်ကို မြင်လိုက်ရလေသည်။ ခဏကြာသောအခါ ခလောက်သံ 'ဂလောင် ဂလောင်' နှင့် ဆင်ဦးစီးက ဆင်မအား မောင်းလာခြင်းကို မြင်ရပါသည်။ ဤတွင်မှ ကျွန်ုပ်သည် သစ်ပင်ပေါ်မှဆင်းလာခဲ့လေ၏။ အောက်သို့ရောက်သောအခါ ဆင်ဦးစီးက-

"ဆင်စီးမလား ဆရာ"

"ကတီမှ မပါဘဲနဲ့ ဘယ်လိုလုပ်စီးရမလဲဗျ"

"ဦးခေါင်းပေါ် ထိုင်စီးပေါ့ ဆရာ၊ ကျွန်တော်တို့ ဒီလိုစီးတာပဲ"

"မဖြစ်ပါဘူးဗျ၊ လိမ့်ကျမှာပေါ့"

"ဒါဖြင့် လည်ပင်းခွစီး ဆရာ"

မလုပ်ဖူးသော အလုပ်ကိုလုပ်ခြင်းအားဖြင့် စုံချင်သော ဝါသနာရှိသည့် ကျွန်ုပ်သည် စီးရန်သဘောတူသဖြင့် ဆင်ဦးစီးက ဆင်မကိုဝပ်ခိုင်းပြီး ဆင်၏ လက်ပေါ်မှ လည်ပင်းပေါ်သို့ ခဲယဉ်းစွာ တက်ရလေ၏။ လည်ပင်းခွံကား သံကြိုးပတ်ချည်ထားလေရာ ကျွန်ုပ်သည် သံကြိုးနောက်၌ ခွထိုင်ကာ သံကြိုးကိုကိုင်ထားရလေသည်။ ထို့နောက် ဆင်ဦးစီးက ထခိုင်းပြီး နောက်မှလိုက်လာရာ ဆင်မသည် ရှေ့မခပ်သုတ်သုတ်လှမ်းလာလေ၏။ ထူးခြားသောအခြင်းအရာတစ်ခုကို သတိပြုမိသည်မှာ ဆင်မသည် နောက်မှလိုက်ပါလာသော ဆင်ဦးစီးအား တစ်ခဏကလေးမျှ မျက်ခြည်ပြတ်မခံဘဲ လက်ဝဲဘက်မှဖြစ်စေ၊ လက်ယာဘက်မှဖြစ်စေ ဆင်ဦးစီးကို မြင်ရလောက်အောင် ဦးခေါင်းကို တစ်ပြောင်းတည်းပြောင်း၊ တစ်စောင်းတည်းစောင်းငဲ့ကာ ပြုပြင်သွားပါလေတော့သည်။

သတ္တိပြခြင်း

ဆင်ကိုမူကား တစ်ယောက်တည်း စီးဖူးပါပြီ။ သို့ရာတွင် လည်ပင်းကိုကားရာ၌ ထိုင်ရခြင်းဖြစ်သောကြောင့် ဆင်၏ကြမ်းတမ်းသော ကုပ်မွေးများသည် ပေါင်များနှင့်တင်ပါးတို့ကို စူးလှပါသည်။ အတန်ငယ်သွားမိ၍ ဆင်၏ခြေလှမ်းနှင့် လှုပ်ရှားပုံအခြင်းအရာကို ရိပ်စားမိလာသောအခါ မိမိမတတ်သေးသော အခြင်းအရာတစ်ခုကို သင်ခွင့်ကြုံက တတ်အောင် သင်ချင်တတ်သော ကျွန်ုပ်၏ ဝါသနာအတိုင်း လည်ပင်း၌ခွ၍မစီးမူ၍ ဆင်ဦးစီးများကဲ့သို့ ဦးကင်းထိပ်မှ ခြေတွဲလောင်းချ၍ စီးဖို့ကြိုးစားတော့၏။ ကျွန်ုပ်သည်ခွထားသော ခြေထောက်များကို တဖြည်းဖြည်းရုပ်သိမ်း၍ (သံကြိုးကိုလက်မလွှတ်ဘဲ) ဦးခေါင်းထိပ်သို့ တရွေ့ရွေ့ ရွေ့လာ၏။ ဆင်၏ ဦးခေါင်းနွဲ့ပုံကိုကြာလေ သဘောပေါက်လေရှိလာသည်တွင် နောက်ဆုံး၌ သံကြိုးကိုနောက်ပြန်ကိုင်လျက် ဦးကင်းပေါ်တွင် တင်ပါးလွှဲထိုင်ကာ ခြေတွဲလောင်းချလျက် စီးနိုင်ပါတော့သည်။ ဗိုလ်တဲ့သို့ ရောက်လာသောအခါ ကိုဝင့်မော်တို့လူစု ရောက်နှင့်ကြပြီဖြစ်ရာ သူငယ်ချင်းကိုဝင့်မော်အား ဆင်ဦးကင်းထက်မှ နှုတ်ဆက်လိုက်ရခြင်းသည် ကျွန်ုပ်အဖို့ရာ၌ အောင်မြင်မှုကြီးတစ်ခုဖြစ်ပါတော့သည်။ ဤတွင် ကိုဝင့်မော်က "ခင်ဗျားဟာက သံကြိုးကိုကိုင်ထားတာကိုးဗျ၊ လက်လွှတ်စီးမှပေါ့" ဟုပြောလိုက်ရာ ကျွန်ုပ်သည် ချက်ချင်းပင် လက်လွှတ်၍ စီးလိုက်သည်။ တခြား လူတစ်ယောက်က ထိုကဲ့သို့ပြောလိုက်လျှင် ကျွန်ုပ်ပြုလုပ်လိမ့်မည်မဟုတ်။ ကိုဝင့်မော်မူကား သူ၏ကျိစားခြင်းကို တစ်သက်လုံးခံခဲ့ရသဖြင့် သတ္တိကြောင်သည်ဟု ထင်မည်စိုးသောကြောင့် (လိမ့်ကျပြီး ကျိုးတော့မှ ကျိုးစေ) စွန့်စား၍ လုပ်ပြလိုက်ခြင်းဖြစ်လေသည်။ ကိုဝင့်မော်နှင့် ကျွန်ုပ်မှာရှေ့တွင်လည်း ဤအဖြစ်အပျက်ကလေးမျိုးတွေ ရှိပါသေးသည်။

ဆင်စိတ်ကောက်ခြင်း

မြတောင်ဆိပ်ကမ်းတွင် ဈေးသည်ဘော်များသည် ရက်သတ္တပတ်လျှင် တစ်ကြိမ်မျှ ဆိုက်ကပ်လေရာ သဘော်မဆိုက်မီတစ်ရက်တွင် ကိုဝင့်မော်က "ခင်ဗျားစားချင်တာတွေကြည့်ပြီး ဝယ်ရအောင်၊ ကိုယ်တိုင်လိုက်သွားချေဗျာ"ဟု ကျွန်ုပ်အားခိုင်း၏။ ရိုက္ခာဝယ်ရန်မှာ ကျွန်ုပ်တို့အတွက်သာမဟုတ်။ သစ်ခုတ်သမားများအတွက်လည်း ဆီ၊ ဆန်မှစ၍ ဝယ်ရမည်ဖြစ်သောကြောင့် ဆင်နှစ်စီးနှင့် သွားကြရန် ဖြစ်လေသည်။ ညီတော်မောင်လည်း ဆင်စီးဖူးချင်သည်ဆို၍ အတူလိုက်ပါလာလေရာ တစ်နံနက်စောစော၌ ကျွန်ုပ်တို့ ညီအစ်ကိုသည် ဆင်နှစ်စီးနှင့် နမ်းပေါင်းဗိုလ်တဲမှ ထွက်လာခဲ့ကြလေ၏။

ဆက်လက်ဖော်ပြပါမည်။

သံတောင်ကြီးမြို့နယ်၌ ဘာသာရပ်စွမ်းရည်မြှင့်သင်တန်းဖွင့်ပွဲကျင်းပ

သံတောင်ကြီး မတ် ၂၄

ကရင်ပြည်နယ် သံတောင်ကြီးခရိုင် ပညာရေးမှူးရုံးမှဦးစီး၍ အခြေခံပညာအထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့်ဘာသာရပ်စွမ်းရည်မြှင့်သင်တန်းဖွင့်ပွဲအခမ်းအနားကို မတ်လ ၂၄ ရက်တွင် သံတောင်ကြီးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဆန်းဗိုလ်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပညာရေးမှူး ဒေါ်နော်စဲဘွယ်က ယခုကဲ့သို့ဘာသာရပ်စွမ်းရည်မြှင့်သင်တန်းဖွင့်လှစ်ပေးခြင်းဖြင့် ဆရာ၊ ဆရာမများ စွမ်းရည်မြင့်မားပြီး ထူးချွန်ထက်မြက်သော လူတော်လူကောင်းများကို မွေးထုတ်ပေးနိုင်ရန်၊ နည်းပြများ၏ သင်ကြားပို့ချမှုကို စနစ်တကျမှတ်သား၍ အချင်းချင်းတစ်ဦးနှင့်တစ်ဦး ဘာသာရပ်အလိုက်သင်ကြားမှုများကို လက်တွေ့ဆောင်ရွက်ကြရန်တို့ကို ဆွေးနွေးပြောကြားသည်။

အဆိုပါ ဘာသာရပ်စွမ်းရည်မြှင့်သင်တန်းကို မတ်လ ၂၄ ရက်မှ ၂၈ ရက်အထိဖွင့်လှစ်လျက်ရှိပြီး သံတောင်ကြီးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ အထက်တန်းပြ ဆရာ၊ ဆရာမ နည်းပြနှစ်ဦး၊ ဆရာ၊ ဆရာမ ၅၁ ဦး၊ ရုံးအဖွဲ့နှစ်ဦး၊ အလယ်တန်းပြ ဆရာ၊ ဆရာမနည်းပြခြောက်ဦး၊ ဆရာ၊ ဆရာမ ၁၀၂ ဦး၊ ရုံးအဖွဲ့သုံးဦးနှင့် မူလတန်းပြ ဆရာ၊ ဆရာမနည်းပြ ၂၂ ဦး၊ ဆရာ၊ ဆရာမ ၁၀၂ ဦး၊ ရုံးအဖွဲ့သုံးဦးတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

နော်နော်မူ





ပြည်သူလူထုတစ်ရပ်လုံးက ဝန်းရံထောက်ခံအားပေးနေ

တပ်မတော်ကဆင်နွှဲနေတဲ့ တရားသောစစ်အပေါ် တည်ငြိမ်အေးချမ်းရေးကိုလိုလားတဲ့ ပြည်သူလူထုတစ်ရပ်လုံးက ဝန်းရံထောက်ခံအားပေးနေသလို သောင်းကျန်းသူအမြစ်ဖြတ်ချေမှုန်းရေးနဲ့ အကြမ်းဖက်မှုနှိမ်နင်းတိုက်ဖျက်ရေးအတွက် ပြည်သူလူထု၊ အစိုးရ၊ တပ်မတော်ပေါင်းစည်းအား၊ ညီညွတ်သောစိတ်ဓာတ်တို့နဲ့အတူတကွ လုပ်ဆောင်သွားကြရမှာဖြစ်တယ်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး)ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၂၈) သူရတပ်ခွဲသင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားဌာန ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

၂၁-၂-၂၀၂၅

မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) အသုံးပြုခြင်းဆိုင်ရာ နည်းပြဆရာဖြစ်သင်တန်းဖွင့်ပွဲကျင်းပ

နေပြည်တော် မတ် ၂၄

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင်မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ဖြင့် ဆန္ဒမဲပေးနိုင်ရေးစီစဉ်ဆောင်ရွက်လျက်ရှိရာ မဲပေးစက်အသုံးပြုခြင်းဆိုင်ရာ နည်းပြဆရာဖြစ်သင်တန်းအမှတ်စဉ် (၁/၂၀၂၅) သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး တိုးချဲ့ရုံးအဆောက်အအုံ၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကိုက ၂၀၂၀ ပြည့်နှစ်အထွေထွေရွေးကောက်ပွဲ၌ဖြစ်ပွားခဲ့သည့် မဲစာရင်းများယွင်းမှု၊ မဲစာရင်းဖောင်းပွမှုများနှင့် မဲမသမာမှုဖြစ်စဉ်များကိုသုံးသပ်၍ မဲမသမာမှုဖြစ်နိုင်သည့် မဲလက်မှတ်ဖြင့် မဲပေးခြင်းစနစ်အစား အီလက်ထရောနစ်မဲပေးစက်ဖြင့် မဲပေးနိုင်ရေးကိုဆောင်ရွက်ခဲ့ကြောင်း၊ မဲပေးစက်နှင့်စပ်လျဉ်း၍ ပြည်ထောင်စုနယ်မြေအပါအဝင်တိုင်းဒေသကြီး/ပြည်နယ်ငါးခုနှင့် ပြည်ထောင်စုအဆင့်



အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများအပါအဝင် အဖွဲ့အစည်း ၄၇ ဖွဲ့တို့ရှိမဲဆန္ဒနှင့်ပြည်သူများ၊ နိုင်ငံရေးပါတီ ၃၅ ပါတီမှ ကိုယ်စားလှယ်များကို ရှင်းလင်းပြသခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးစေခြင်းများ ဆောင်ရွက်ခဲ့ပြီး ဖြစ်ကြောင်း။

MEVM စက်များအသုံးပြု၍ မဲဆန္ဒနှင့်ပြည်သူများ၏ လက်တွေ့စမ်းသပ်မဲပေးဆောင်ရွက်ခြင်းမှတစ်ဆင့် ရရှိလာသည့် အကြံပြုချက်များအပေါ် ပြင်ဆင်ဆောင်ရွက်ခဲ့ပြီး စနစ်ပိုင်းဆိုင်ရာသာမက လုံခြုံစိတ်ချရမှုအပိုင်း၊ မဲဆန္ဒနှင့်များ၏ယုံကြည်မှုအပိုင်း၊ ကြံ့ခိုင်မှုနှင့် အရည်အသွေးကောင်းမွန်မှုအပိုင်းများတွင်ပါ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ကျင်းပမည့် ရွေးကောက်ပွဲတွင် မဲလက်မှတ်ဖြင့်မဲပေးခြင်းအစား မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် မဲပေးခြင်းသည် မြန်မာနိုင်ငံအတွက် ပထမဆုံးအကြိမ်ဆောင်ရွက်ခြင်းဖြစ်ရာ မဲဆန္ဒရှင်ပြည်သူများ လွယ်ကူစွာမဲပေးနိုင်ရေးနှင့် မဲပေးစက်ကိုင်တွယ်မည့်သူများ စနစ်တကျကိုင်တွယ်နိုင်ရေးသည် အဓိကကျသည့်အပိုင်းဖြစ်ကြောင်း၊ ကော်မရှင်အနေဖြင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်ရှိဝန်ထမ်းများကို မြန်မာအီလက်ထရောနစ်မဲပေးစက် ကိုင်တွယ်အသုံးပြုခြင်းသင်တန်းများပို့ချခဲ့သကဲ့သို့ မဲဆန္ဒရှင်ပြည်သူများကိုလည်း ရှင်းလင်းပြသခြင်းနှင့် လက်တွေ့မဲပေးစေခြင်းများ ဆောင်ရွက်ခဲ့ကြောင်း။

ရွေးကောက်ပွဲ၌ မဲပေးစက်ကိုင်တွယ်ကြီးကြပ်မည့်သူများအား ဆင့်ပွားသင်တန်းများပို့ချပေးနိုင်ရန်အတွက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ရှိ ဝန်ထမ်းများကို မဲပေးစက်အသုံးပြုခြင်းဆိုင်ရာ ဆရာဖြစ်သင်တန်းများ ဖွင့်လှစ်ပို့ချပေးခဲ့ရာ ၂၀၂၄ ခုနှစ်အတွင်း သင်တန်းအမှတ်စဉ်ကိုးခု ဖွင့်လှစ်ခဲ့ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ အရာထမ်း၊ အမှုထမ်းစုစုပေါင်း ၂၂၇ ဦးကို သင်တန်းပို့ချခဲ့ပြီးဖြစ်ကြောင်း၊ ယခုသင်တန်းသည် ၂၀၂၅ ခုနှစ်အတွက် ပထမဆုံးအကြိမ်သင်တန်းဖြစ်ပြီး သင်တန်းများ ဆက်လက်ပို့ချသွားမည်ဖြစ်ကြောင်း၊ ဆရာဖြစ်သင်တန်းဖြစ်သည့်အတွက် သင်တန်းသားများအနေဖြင့် ကျွမ်းကျင်မှုရှိရန် လေးလေးနက်နက်သင်ယူကြရန် လိုအပ်ကြောင်းပြောကြားသည်။

သင်တန်းတွင်မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) တည်ဆောက်ပုံနည်းလမ်းများ၊ စက်တပ်ဆင်ပုံ၊ စမ်းသပ်မဲပေးပုံ၊ ဖြန့်ခွဲပုံ၊ ရွေးကောက်ပွဲနေ့တွင် မဲရုံ၌ မဲပေးစက်တပ်ဆင်ခင်းကျင်းပုံ၊ မဲရလဒ်ရေတွက်ပုံ၊ နည်းဥပဒေပါအတိုင်း မဲရလဒ်စာရင်းပြုစုပုံ၊ မဲပေးစက်အား ပြန်လည်ထုပ်ပိုးသိမ်းဆည်းပုံတို့ကို လုပ်ငန်းလမ်းညွှန်ချက်များနှင့်အညီ သင်ကြားပြသပေးမည်ဖြစ်သည်။

သင်တန်းဖွင့်ပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးတာဝန်ရှိသူများ၊ မကွေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများမှသင်တန်းသားများ တက်ရောက်ကြပြီး သင်တန်းကို မတ်လ ၂၆ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နိုင်လွန်ကတ္တရာလမ်းသစ်ဖွင့်လှစ်ခြင်း၊ အရိပ်ရအပင်များစုပေါင်းစိုက်ပျိုး

နေပြည်တော် မတ် ၂၄

နှစ်(၈၀)ပြည့် တပ်မတော်နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် အောင်မြေသာစံမြို့နယ်နှင့် မဟာအောင်မြေမြို့နယ်တို့တွင် နိုင်လွန်ကတ္တရာလမ်းသစ်ဖွင့်လှစ်ခြင်းနှင့် ရတနာပုံဥယျာဉ်တွင် အရိပ်ရအပင်များစုပေါင်းစိုက်ပျိုးခြင်းကို ယနေ့နံနက်ပိုင်းတွင် ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာတိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တာဝန်ရှိသူတစ်ဦးက လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့မိမြို့ဖတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက နိုင်လွန်ကတ္တရာလမ်းသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တက်ရောက်လာကြသူများ၊ ဘင်ခရာအဖွဲ့နှင့်ပန်းဖွားအဖွဲ့တို့အား ဖွင့်ပွဲအမှတ်တရလက်ဆောင်များ၊ ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကာ ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့သည် မြို့တွင်းရှိလမ်းမကြီးအား သန့်ရှင်းသပ်ရပ်မှုရှိစေရန် ရေများဖြင့် ဆေးကြောသန့်ရှင်းခြင်း၊ ယာဉ်ကြောပိတ်ဆို့မှုမဖြစ်ပေါ်စေရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ယာဉ်ကြောပြအမှတ်အသားများ ပေါ်လွင်ထင်ရှားစေရန် ဆေးကြောခြင်း ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ရတနာပုံဥယျာဉ်၌ကျင်းပသည့် နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယိုးဒယားမျိုး ကံ့ကော်ပင်များနှင့် စံပယ်ပင်များစိုက်ပျိုးပွဲသို့ တက်ရောက်ကြကာ ကံ့ကော်ပင်များကိုစိုက်ပျိုးပေးကြပြီး သစ်ပင်စိုက်ပျိုးပွဲတွင် တပျော်တပါးပါဝင်စိုက်ပျိုးနေသူများကို နှုတ်ဆက်အားပေးခဲ့ကြောင်းနှင့် ယနေ့စိုက်ပျိုးမှုတွင် ကံ့ကော်ပင် ၁၀၀ ပင်နှင့် စံပယ်ပင် ၁၀၀ ပင် တို့ကို စိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။ **(၁၀၀)**



မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများက နိုင်လွန်ကတ္တရာလမ်းသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

★ **ရှေ့ဖုံးမှအဆက်**

အမျိုးသားစီမံကိန်းကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီးများတက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ/တိုင်းဦးစီးအဖွဲ့ဥက္ကဋ္ဌများက Video Conferencing ဖြင့် တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်သန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင်ယနေ့ကျင်းပသည့်အမျိုးသားစီမံကိန်းကော်မရှင်အစည်းအဝေးအမှတ်စဉ်(၁/၂၀၂၅)တွင် လာမည့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်းဥပဒေ ပြဋ္ဌာန်းနိုင်ရန်အတွက် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များနှင့်ဆွေးနွေးညှိနှိုင်းအတည်ပြုကြမည်ဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတာဝန်ယူသည့်အချိန်မှစပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားရေးရည်မှန်းချက် (၂)ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို ဘက်ပေါင်းစုံမှလက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်ကို မျက်ဝါးထင်ထင်တွေ့ကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်၏ အဓိကစီးပွားရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်အဖွဲ့အစည်းဆိုင်ရာမူဘောင် (Institutional Framework)များ အားကောင်းစေရန်လိုအပ်ကြောင်း၊ထို့ကြောင့်နိုင်ငံတော်၏အဓိကကျသည့်ကဏ္ဍများတွင်ထုတ်လုပ်မှုအရှိန်အဟုန် မြှင့်တင်နိုင်ရန်အတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေး ဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်နှင့် လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်တို့ကို ဖွဲ့စည်းဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ အဆိုပါကဏ္ဍများအနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်ရန်အတွက် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးအားကောင်းစေရန်တွန်းအားပေးဆောင်ရွက်လျက်ရှိသော်လည်း အဖျက်အမှောင့်လုပ်ငန်းများကြောင့် နိုင်ငံတော်၏စီးပွားရေးနှင့် လူမှုရေးဆိုင်ရာအခြေခံအဆောက်အအုံများဖြစ်သည့်လမ်း၊တံတား၊ တာဝါတိုင်များ၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ ကျောင်း၊ ဆေးရုံ စသည်များတွင် ပျက်စီးဆုံးရှုံးမှုများရှိနေကြောင်း၊ ထိုသို့ဖျက်ဆီးမှုများကြောင့် သမင်မွေးရင်းကျားစားရင်းဆိုသည့်စကားအတိုင်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် တိုးတက်မှုကိုအဟန့်အတားဖြစ်စေပြီး နယ်မြေဒေသ မတည်ငြိမ်သည့်ဒေသများတွင် ဖွံ့ဖြိုးမှုလုပ်ငန်းများဆောင်ရွက်နိုင်ခြင်းမရှိသည့်အတွက် နောက်ကျကျန်နေသည်ကိုတွေ့ရမည်ဖြစ်ကြောင်း။

ထို့ပြင်စီးပွားရေးဝန်းကျင်ကောင်းများကိုဖန်တီးပေးနိုင်ရန်အတွက် နိုင်ငံတော်ကလိုအပ်သည့်ပံ့ပိုးမှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ထုတ်လုပ်မှုစွမ်းရည်တိုးတက်ရေးတွင် အဓိကလိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးနှင့် လူမှုစီးပွားဘဝဝန်းကျင်ကိုကောင်းမွန်စွာ လည်ပတ်နိုင်ရေးအတွက်လည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သက်ဆိုင်ရာပညာရပ်များအလိုက်လုပ်ငန်းခွင်ဝင်ရောက်နိုင်သည့် ပိုလီတက်ကနစ် နည်းပညာများ (Polytechnic)ကို နေပြည်တော်မှာသာမက အခြားဒေသများတွင်တိုးချဲ့သင်ကြားနိုင်ရန်အတွက် စီစဉ်ပေးလျက်ရှိပြီး အရည်အသွေးပြည့်ဝသည့် ပညာရေးကို လူတိုင်းလက်လှမ်းမီ သင်ကြားနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ပြည်သူများ၏ ကျန်းမာရေးဆိုင်ရာဝန်ဆောင်မှုများ တိုးတက်ဆောင်ရွက်နိုင်ရန်အတွက် အဆင့်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လူမှုရေးကဏ္ဍတွင်လည်း အားကစားနှင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေး၊ ထူးချွန်အားကစားသမားများ၏ လူမှုဘဝမြှင့်တင်နိုင်ရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း။

မိမိတို့အစိုးရအဖွဲ့အနေဖြင့် ပထမအဆင့်တွင်တိုင်းဒေသကြီးနှင့်ပြည်နယ်များအားလုံး၌ မိုးလုံလေလုံအားကစားကွင်း၊ ပွဲကြည့်စင်နှင့် မီတာ ၄၀၀ ပြေးလမ်းပါသည့် ဘောလုံးကွင်းနှင့် ရေကူးကန်များကို ဦးစားပေးဆောင်ရွက်ပေးရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးနီးပါးတွင် တည်ဆောက်ပြီးဖြစ်ကြောင်း၊ အလားတူ ဒုတိယအဆင့်အနေဖြင့် ခရိုင်မြို့ကြီးများအားလုံးတွင် ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ တစ်ဆက်တည်းတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင်လည်း ဆောင်ရွက်ပေးလျက်ရှိပြီး တတိယအဆင့်အနေဖြင့် မြို့နယ်များတွင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်ရန်အတွက် မိုးရာသီသစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောစိုက်ခင်းတိုးချဲ့ဆောင်ရွက်ခြင်းများကို ဆောင်ရွက်လျက်ရှိသည့်အပြင်ရာသီဥတုဖောက်ပြန်မှုကြောင့် ထိခိုက်မှုများကိုလျော့ချနိုင်ရေးအတွက် ရာဖွေကယ်ဆယ်ရေး လုပ်ငန်းများတွင် ခေတ်မီနည်းပညာများ အသုံးပြုနိုင်ရေးကိုလည်း စီမံဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း၊ သစ်တောသစ်ပင်များစိုက်ပျိုးရာတွင်လည်း စိုက်သမျှအပင်များ တစ်ပင်စိုက်တစ်ပင်ရှင်သို့သည့် ရည်မှန်းချက်ထား၍ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လက်ရှိမိမိတို့နိုင်ငံတွင် သစ်တောဖုံးလွှမ်းမှု ၄၂ ရာခိုင်နှုန်းကျော်ရှိသည်မှ ၅၀ ရာခိုင်နှုန်းအထိရောက်အောင် ရည်မှန်းချက်ထားရှိ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ဝေးလံဒေသများအပါအဝင် ဒေသအသီးသီးတွင်ကုန်စည်နှင့်ခရီးသည်သယ်ယူပို့ဆောင်ရေးအတွက် လိုအပ်သည့်လမ်းပန်းဆက်သွယ်ရေး၊ ကုန်ထုတ်လမ်းများ၊ ကျေးရွာချင်းဆက်လမ်းများနှင့် ကျေးလက်ဒေသများတွင်ရာသီမရွေးသွားလာနိုင်သည့် လမ်းကွန်ရက်များ စသည့်သယ်ယူပို့ဆောင်ရေး အခြေခံလုပ်ငန်းများကိုဆောင်ရွက်ပေးခဲ့ကြောင်း။

လာမည့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင်လည်း ဆောင်ရွက်ဆဲဆည်တမံနှင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းများကို ရှေ့ဆက်အကောင်အထည်ဖော်နိုင်ရေးနှင့်

စာမျက်နှာ ၇ သို့ ★



အမျိုးသားစီမံကိန်းကော်မရှင်အစည်းအဝေးသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ/ တိုင်းဦးစီး အဖွဲ့ဥက္ကဋ္ဌများက Video Conferencing ဖြင့် တက်ရောက်စဉ်။

■ နိုင်ငံတော်၏မျှော်မှန်းချက်များ၊ ရည်မှန်းချက်ပန်းတိုင်များ ပြီးမြောက်အောင်မြင်ရန်အတွက် ချမှတ်ထားသည့်ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များ၊ မူဝါဒရည်မှန်းချက်များကို လုပ်ငန်းလမ်းညွှန်များအဖြစ်အလေးအနက်ခံယူပြီး သက်ဆိုင်ရာဌာန၊အဖွဲ့အစည်းများ၊တိုင်းဒေသကြီး၊ ပြည်နယ်များက ဟန်ချက်ညီညီ၊ အချိတ်အဆက်မိမိပူးပေါင်းပြီး တက်ညီလက်ညီဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ် . . .

■ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးအင်အားကောင်းမွန်ရန်အတွက် GDP ကိုရည်မှန်းထားသည့်အတိုင်း ရရှိရန်ကြိုးပမ်းကြရမည်ဖြစ်၊ အမျိုးသားစီမံကိန်းနှင့် ဒေသန္တရစီမံကိန်းများတွင် ရည်မှန်းထားသည့် ရလဒ်များရရှိစေရေး လက်တွေ့ကျကျဆောင်ရွက်သွားရန်လို၊ နိုင်ငံ့အရေးကို ရှေ့တန်းတင်ပြီး အမျိုးသားအကျိုးစီးပွားကိုဖော်ဆောင်ပေးနေသည့် မိမိတို့အစိုးရအနေဖြင့် တာဝန်ယူဆောင်ရွက်သည့်လုပ်ငန်းများကို ထင်သာမြင်သာရှိပြီး ပြည်သူများအကျိုးကျေးဇူးရရှိခံစားနိုင်ရန်နှင့် လုပ်ဆောင်ချက်များအားလုံးကို မှတ်ကျောက်တင်နိုင်ရန်ဆောင်ရွက်ရမည်ဖြစ်. . .



အမျိုးသားစီမံကိန်းကော်မရှင်ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အမှာစကားပြောကြားစဉ်။

★စာမျက်နှာ ၆ မှအဆက်

နိုင်ငံတော်၏ရည်မှန်းချက်များ ပြည့်မီရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးတက်ဆောင်ရွက်နိုင်ရန်လိုအပ်သည့် မျိုး၊ မြေဩဇာ၊ စက်ကိရိယာများ၊ စိုက်ပျိုးရေးရရှိရန် ဆိုလာရေတင်လုပ်ငန်းများကို ဦးစားပေးလျာထားခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း၊ အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ယူနိုင်ရေး၊ အလုပ်အကိုင်ဖန်တီးနိုင်ရေးစသည့် လုပ်ငန်းများအတွက် အသုံးစရိတ်များကိုလည်း လျာထားခွင့်ပြုပေးမည်ဖြစ်ကြောင်း။

အကန့်အသတ်ရှိသည့် ဘဏ္ဍာငွေအရင်းအမြစ်များနှင့် ပြည်သူများအဆင့်အတန်းမြင့်မားစွာနေထိုင်နိုင်ရေးအတွက် ပြည်သူ့အင်းအိမ်ရာ စီမံကိန်းများ၊ လုံခြုံရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အခြားကဏ္ဍများတွင် တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများအတွက် နေထိုင်ရေးအဆင်ပြေစေရန် လိုအပ်သည့် ဝန်ထမ်းအိမ်ရာများ တည်ဆောက်ခြင်းကိုလည်း ခွင့်ပြုထားကြောင်း၊ အကြမ်းဖက်ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာနေရသည့်ပြည်သူများအတွက်ထောက်ပံ့မှုများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အတွက် ဘဏ္ဍာငွေများ လျာထားခွင့်ပြုပေးထားပြီးဖြစ်ကြောင်း။

ပြည်ထောင်စုဝန်ကြီးဌာနများက လျာထားသည့်လုပ်ငန်းများနှင့် တိုင်းဒေသကြီးပြည်နယ်အစိုးရများက လျာထားသည့် လုပ်ငန်းများတွင် လက်တွေ့ကျသည့်စီမံကိန်း ဖြစ်စေရန်နှင့် ပြည်သူကို အမှန်တကယ် အကျိုးပြုနိုင်သည့် စီမံကိန်းများဖြစ်စေရေး စနစ်တကျ လေ့လာသုံးသပ်ပြီး အချိန်မီပြီးစီးရေးကို ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်၏ မျော်မှန်းချက်များ၊ ရည်မှန်းချက်ပန်းတိုင်များ ပြီးမြောက်အောင်မြင်ရန် အတွက် ချမှတ်ထားသည့် ရေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များ၊ မူဝါဒရည်မှန်းချက်များကို လုပ်ငန်းလမ်းညွှန်များအဖြစ် အလေးအနက်ခံယူပြီး သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး ပြည်နယ်များက ဟန်ချက်ညီညီ၊ အချိတ်အဆက်မိမိပူးပေါင်းပြီး တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

နိုင်ငံတော် အစိုးရအနေဖြင့် လည်း ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာရေး၊ တိုင်းသူပြည်သားများ၏သာယာဝပြောရေးတို့အတွက် ပြည်သူ့ဗဟိုပြုလုပ်ငန်းများကို လူထုနှင့်လက်တွဲပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် ရည်မှန်းချက်ပါ စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ကြရေးဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အမျိုးသားစီမံကိန်းကော်မရှင် ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် အမျိုးသားစီမံကိန်းကော်မရှင် အစည်းအဝေးတွင် အတည်ပြုချက်ရယူမည့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်းကို တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူလူမှုစီးပွားဘဝတိုးတက်ရန်နှင့် ပြည်သူကိုဗဟိုပြု၍ အားလုံးပါဝင်နိုင်သော ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန်ရည်ရွယ်ပြီး ရေးဆွဲထားသည်ကိုတွေ့ရကြောင်း၊ နိုင်ငံတော်၏ ရေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များနှင့်အညီ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ပို့ကုန်တိုးမြှင့်ရေး၊ ပြည်တွင်းစားသုံးဆီဖူလုံရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍများဖွံ့ဖြိုးတိုးတက်ရေးတို့အတွက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်ရည်ရွယ်ထားသည်ကိုလည်း တွေ့ရှိရကြောင်း၊ ထို့ပြင် ဒေသတွင်း ပြန်လည်တည်ထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အတွက် ခွင့်ပြုထားပါကြောင်း။

ယခု ဘဏ္ဍာရေးနှစ်ကုန်ဆုံးချိန်တွင် စွမ်းအင်၊ သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍနှင့် လျှပ်စစ်ကဏ္ဍများမှအပ ကျန်ကဏ္ဍများတွင် တိုးတက်မှုရရှိမည်ဟု ခန့်မှန်းထားပြီး နှစ်ကုန် ယာယီခန့်မှန်းခြေစာရင်းအရ စီးပွားရေးတိုးတက်မှုနှုန်းကို ယခင်အလားတူ ကာလနှင့် နှိုင်းယှဉ်ပါက ၂ ဒသမ ၉ ရာခိုင်နှုန်း ရရှိနိုင်ကြောင်း ခန့်မှန်းထားသည်ကို တွေ့ရှိရကြောင်း။

လာမည့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်ကို ယခုနှစ်၏ အကောင်အထည်ဖော်နိုင်မှုအခြေအနေ၊ ကဏ္ဍဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ထုတ်လုပ်မှုနှင့် ဘဏ္ဍာငွေလျာထားချက်များအပေါ် အခြေခံပြီး GDP တိုးတက်မှုနှုန်းကို ၃ ရာခိုင်နှုန်း၊ နှစ်အလိုက်ဈေးနှုန်းအရ တန်ဖိုးအားဖြင့် ငွေကျပ် ၁၇၁၄၉၈ ဒသမ ၁ ဘီလီယံရရှိနိုင်ကြောင်း ခန့်မှန်းထားသည်ကို တွေ့ရှိရကြောင်း၊ ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ရေ့ပြေးလူဦးရေစာရင်းပေါ် အခြေခံပြီး လူဦးရေ၁၁ဒသမ၃သန်းနှင့်ခန့်မှန်းထားသည့် တစ်ဦးကျထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးမှာ ၃ ဒသမ ၃ သန်းကျော်ရရှိစေရန် လျာထားပါကြောင်း။

ထုတ်လုပ်မှု၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့် ချိတ်ဆက်နေသည့် စီမံကိန်းအသုံးစရိတ်များကိုလည်း စနစ်တကျ သုံးစွဲနိုင်ရေးအတွက် ဆောင်ရွက်ရန်၊ စီးပွားရေးတိုးတက်မှုအခြေအနေကို ယခုထက်ပိုမိုရရှိရေးကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်၊ နိုင်ငံတော်၏ အရင်းအမြစ်များကို ထိရောက်စွာအသုံးချပြီး တိုးတက်သည့်ရလဒ်ကောင်းများ ရရှိရေး ဆောင်ရွက်ရန်နှင့် ပြည်သူလူထု၏ အဓိကလိုအပ်သည့်အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရေးကိုလည်း အလေးထား ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြား လိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အမျိုးသားစီမံကိန်းကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေကို သုံးသပ်ဆွေးနွေးပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်း (မူကြမ်း) ရေးဆွဲထားမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသားစီမံကိန်းကော်မရှင်အတွင်းရေးမှူးစီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက ၂၀၂၅- ၂၀၂၆ ဘဏ္ဍာရေးနှစ်အမျိုးသားစီမံကိန်း ဥပဒေ (မူကြမ်း)ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများက ဘဏ္ဍာနှစ်အလိုက် အမျိုးသားစီမံကိန်း လျာထားမှုနှင့် ဆောင်ရွက်နိုင်ခဲ့မှုအခြေအနေများကို အသီးသီးရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကဖြည့်စွက်ပြောကြားရာတွင် စီမံကိန်းဆိုသည်မှာ အမှန်တကယ် လုပ်နိုင်သည့်အရာကို စီမံကိန်းရေးဆွဲဆောင်ရွက်၍ အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ပြည်သူများအတွက် အဓိကအကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းများကို ရေးဆွဲဆောင်ရွက်ကြရန်လိုကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုများ တိုးတက်အောင်ဆောင်ရွက်၍ နိုင်ငံ့ GDP တိုးတက်အောင်ဆောင်ထွက်ကြရန်လိုကြောင်း၊ စိုက်ပျိုးရေးထွက်ကုန်များကိုအသုံးပြု၍စက်မှုကုန်ထုတ်လုပ်မှုကဏ္ဍမြှင့်တင်နိုင်ရန်လိုကြောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍ တိုးတက်လာပါက အခြားစက်မှုကဏ္ဍနှင့်ဝန်ဆောင်မှုကဏ္ဍများလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကုန်ထုတ်လုပ်မှုကဏ္ဍတိုးတက်မြင့်မားစေရေး အားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လို ကြောင်း။

အမျိုးသားစီမံကိန်းများအောင်မြင်စေရေးအတွက် အားလုံးကအလေးအနက်ထား၍ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ စီမံကိန်းများရေးဆွဲရာတွင် မြို့ပေါ်နှင့် ကျေးလက်နေ ပြည်သူများ၏လူဦးရေကိုကြည့်၍ ရေးဆွဲဆောင်ရွက်ကြရန်လိုကြောင်း၊ ကျေးလက်နှင့် မြို့ပြအလိုက်နေထိုင်ကြသည့်ပြည်သူများအတွက် စားရေးနှင့်ပတ်သက်၍ စဉ်းစားဆောင်ရွက်ကြရန်လိုကြောင်း၊ လိုအပ်သည့် အသား၊ ငါးများကိုလုံလောက်စွာဖြင့် ထုတ်လုပ်နိုင်ရန်လိုသဖြင့် မွေးမြူရေးလုပ်ငန်းများကို ထိထိရောက်ရောက်ဆောင်ရွက်ရေး တွန်းအားပေး ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့်ပတ်သက်၍လည်း အလားတူပင်ဖြစ်ကြောင်း။

စီမံကိန်းများနှင့်ပတ်သက်၍ ဒေသအလိုက်လုံခြုံမှုများရှိစေရေး တာဝန်ရှိသည့် အဖွဲ့အစည်းများအားလုံးက ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ လုံခြုံမှုရှိမှသာ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်များပြားလာမည်ဖြစ်ကြောင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများနည်းပါးခြင်းကြောင့် ကုန်ထုတ်လုပ်မှုကို မြှင့်တင်၍ ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကုန်ထုတ်လုပ်မှုများ တိုးတက်စေရေး အလေးအနက်ထား ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

GDP နှင့်ပတ်သက်၍ နိုင်ငံ၏ GDP တိုးတက်စေရေး စိုက်ပျိုးရေးထုတ်ကုန်နှင့် လယ်ယာကဏ္ဍနှင့် သားငါးကဏ္ဍများ တိုးတက်စေရေးနှင့် ပန်းတိုင်ရည်မှန်းချက် ပြည့်မီစေရေး တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဆောင်ရွက်ကြရန်လိုသကဲ့သို့ သက်ဆိုင်ရာဝန်ကြီးဌာနများမှလည်း ကြပ်မတ်ဆောင်ရွက်နေရန်လိုကြောင်း၊ စီမံကိန်းများကိုအောင်မြင်အောင်လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်ကြရန် လိုကြောင်း။

လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး အနေဖြင့် လာမည့်ဒီဇင်ဘာလအတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် လုံခြုံရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ကြရန်လို ကြောင်း၊ လုံခြုံရေးစနစ်ကောင်းမွန်လာပါက ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ အမျိုးသားစီမံကိန်းများ အောင်မြင်စေရေးအတွက် အားလုံးကဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် နိုင်ငံတစ်နိုင်ငံ၏စီးပွားရေးအင်အားကောင်းမွန်ရန်အတွက် GDP ကိုရည်မှန်းထားသည့် အတိုင်း ရရှိရန်ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အမျိုးသားစီမံကိန်းနှင့် ဒေသန္တရစီမံကိန်းများတွင် ရည်မှန်းထားသည့်ရလဒ်များ ရရှိစေရေး လက်တွေ့ကျကျ ဆောင်ရွက်သွားရန် လိုကြောင်း၊ နိုင်ငံ့အရေးကို ရှေ့တန်းတင်ပြီး အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်ပေးနေသည့် မိမိတို့အစိုးရအနေဖြင့် တာဝန်ယူဆောင်ရွက်သည့် လုပ်ငန်းများကို ထင်သာမြင်သာရှိပြီး ပြည်သူများအကျိုးကျေးဇူးရရှိခံစားနိုင်ရန်နှင့် လုပ်ဆောင်ချက်များအားလုံးကို မှတ်ကျောက်တင်နိုင်ရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းဥပဒေနှင့် ဒေသန္တရစီမံကိန်းဥပဒေများ မပြဋ္ဌာန်းမီကြိုတင်ပြင်ဆင် ဆောင်ရွက်ရမည့်ကိစ္စရပ်များကို ပြည်ထောင်စုဝန်ကြီးဌာနများနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရများအနေဖြင့် ပေါင်းစပ်ညှိနှိုင်းပြီး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံရေးအင်အား၊ စီးပွားရေးအင်အားနှင့် ကာကွယ်ရေးအင်အားများ ကောင်းမွန်ရန်အတွက် လုပ်သင့်လုပ်ထိုက်သည့်လုပ်ငန်းများကို ရဲရဲဝံ့ဝံ့ ဆောင်ရွက်ကြရန်လိုကြောင်း၊ စီမံကိန်းများအကောင်အထည်ဖော်ရာတွင်ရပ္ဌသင့်သည့် သင်ခန်းစာများကို ဖော်ထုတ်ပြီးလက်တွေ့ကျကျ ဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့် တီထွင်ကြံဆ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေများကိုလည်း လေလွင့်မှုမရှိစေဘဲ သက်ဆိုင်ရာဒေသအသီးသီး၌ ထိရောက်စွာသုံးစွဲနိုင်ရေးအတွက် ကြပ်မတ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် အခြေခံကောင်းများ ဖန်တီးပေးထားပြီးဖြစ်သည့်အတွက် လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးနှင့် ဒေသတွင်း ထုတ်လုပ်မှု ကွင်းဆက်မှတစ်ဆင့် ကမ္ဘာ့ထုတ်လုပ်မှုကွန်ရက်သို့ချိတ်ဆက်နိုင်ရေးကို ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း။

နိုင်ငံခြားငွေ ယိုစိမ့်မှုလျော့နည်းစေရေး အတွက်ပြည်တွင်းထုတ်လုပ်မှုလုပ်ငန်းများက သွင်းကုန်အစားထိုးနိုင်မှု တိုးတက်ရရှိရေး၊ သယံဇာတပစ္စည်းများ တရားမဝင် ထုတ်ယူခြင်း၊ ရောင်းဝယ်ခြင်းနှင့် တရားမဝင် ကုန်သွယ်မှုများ မဖြစ်ပေါ်စေရေးအတွက် နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ယခုထက်ပိုမိုပြီး ကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်းဖြင့် ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(၁၀၀)

နှစ်(၈၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြစစ်ကြောင်းကြီးများအား မိဘပြည်သူများ လာရောက်ဂုဏ်ပြုနိုင်

နှစ်(၈၀)ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် ချီတက်ကြမည့် စစ်ရေးပြစစ်ကြောင်းကြီးများအားတန်းစီကွင်းမှ စစ်ရေးပြကွင်းကြီးသို့ ချီတက်ရာလမ်းကြောင်းတစ်လျှောက် ဂုဏ်ပြုပန်းစည်းကမ်းလိုသူ မိဘပြည်သူများအနေဖြင့် တယ်လီဖုန်းဖြင့် ကြိုတင်စာရင်းပေးသွင်းထားနိုင်ပြီး မတ်လ ၂၅၊ ၂၆ ရက်နေ့များတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)၊ ရောင်စုံလိုင်စင်ဓာတ်ပုံ(၂)ပုံတို့နှင့်အတူ လုံခြုံရေးဝင်ခွင့်ကတ်များကို လူကိုယ်တိုင်(လူကိုယ်တိုင်) လာရောက်ထုတ်ယူကာ ဝင်ရောက်ခွင့်ပြုသွားမည်ဖြစ်ပါသည်။ အောက်ပါလိပ်စာသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

လုံခြုံရေးဆပ်ကော်မတီ
(နေပြည်တော်တိုင်းစစ်ဌာနချုပ်)
နေပြည်တော်
ဖုန်း၊ ၀၃၂-၃၀၀၀၉

“တွေ့ဆုံဆွေးနွေးမှုများမှ ငြိမ်းချမ်းသော နိုင်ငံတော်သစ်ဆီသို့” ငြိမ်းချမ်းရေးစကားဝိုင်းဆွေးနွေးပွဲတွင်ပါဝင်တက်ရောက်ဆွေးနွေးကြသူများ၏ စကားသံများ

“တွေ့ဆုံဆွေးနွေးမှုများမှ ငြိမ်းချမ်းသော နိုင်ငံတော်သစ်ဆီသို့” ငြိမ်းချမ်းရေးစကားဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ဝိုင်းမှစတင်ကာ နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ သုံးရက်တာကျင်းပလျက်ရှိသည်။

အဆိုပါစကားဝိုင်းဆွေးနွေးပွဲကို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် ကဏ္ဍအသီးသီးမှ ထင်ပေါ်ကျော်ကြားသူများ၊ အသိပညာရှင် အတတ်ပညာရှင်များမှ ပိုမိုအာရုံစိုက်ပါဝင်လုပ်ဆောင်လာနိုင်စေရန်၊ ငြိမ်းချမ်းရေးအတွက် အကြမ်းမဖက်သောနည်းလမ်းဖြင့် ဆောင်ရွက်ခြင်းသည်သာလျှင် ရေရှည်တည်တံ့မည်ဖြစ်ကြောင်းကို လူထုအကြားအသိအမြင်တိုးမြှင့်လာစေရန်၊ နိုင်ငံအတွင်း ပဋိပက္ခများအမြန်ဆုံးလျှော့ချပြီး နိုင်ငံရေး၊ စီးပွားရေးများပိုမိုကောင်းမွန်တိုးတက်လာနိုင်စေမည့် ရေတို-ရေရှည်လုပ်ငန်းစဉ်များ ဖော်ထုတ်နိုင်ရန် ရည်ရွယ်၍ကျင်းပခြင်းဖြစ်ပြီး စကားဝိုင်းဆွေးနွေးပွဲတွင် ပါဝင်တက်ရောက်ဆွေးနွေးကြသူများ၏စကားသံများကို စုစည်းဖော်ပြလိုက်ရပါသည်-



ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုး(ငြိမ်း)



ဗိုလ်မှူးကြီးဝဏ္ဏအောင်



စောမြရာဇာလင်း



ဒေါက်တာအောင်မျိုး



ဒေါက်တာအောင်မြတ်ဦး



ဒေါ်လဲ့လဲ့သိန်း



ဦးကိုကိုကြီး

ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုး(ငြိမ်း)

ဒီကနေ့ ဆွေးနွေးပွဲကတော့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေမှာရပ်တန့်နေတဲ့လုပ်ငန်းတွေ၊ တိုင်းရင်းသားလက်နက်ကိုင်တွေနဲ့ ပတ်သက်ပြီး တွေ့ဆုံဆွေးနွေးမယ့် လမ်းကြောင်း ဒါတွေက ပြတ်တောက်နေတာဖြစ်တဲ့အတွက် အခုပြန်လည်စတင်တဲ့သဘောပါ။ လမ်းကြောင်းတစ်ခုအစဖြစ်ပြီး ရှေ့ဆက်ပြီး ပိုမိုကောင်းမွန်တဲ့လမ်းကြောင်းတစ်ခုဖြစ်လာမှာပါ။

ဆွေးနွေးပွဲမှာတော့ စီးပွားရေး၊ လုံခြုံရေးနဲ့ ရွေးကောက်ပွဲတွေနဲ့ပတ်သက်တာတွေကို သုံးရက်တာဆွေးနွေးသွားမှာဖြစ်ပါတယ်။ အဲဒီကထွက်လာတဲ့ဆွေးနွေးချက်တွေကို NSPNC ကနေ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို တင်ပြသွားမှာဖြစ်ပါတယ်။ နိုင်ငံအတွက် အကျိုးရှိတဲ့ ရလဒ်တွေဖြစ်လာမှာပါ။ စီးပွားရေး၊ ငြိမ်းချမ်းရေး၊ လုံခြုံရေးနဲ့ ပတ်သက်ပြီးတော့ ဘာတွေဆောင်ရွက်ဖို့လိုသလဲ၊ ရွေးကောက်ပွဲနဲ့ပတ်သက်ပြီးတော့ ဘာတွေမျှော်လင့်လို့ရနိုင်သလဲဆိုတာတွေ ထွက်ပေါ်လာမှာပါ။

ဒီနေ့အခြေအနေက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတာဝန်ယူနေတဲ့အချိန်ကာလအတွင်းမှာ တဖြည်းဖြည်းနဲ့ကောင်းမွန်တဲ့အပြောင်းအလဲဖြစ်ပေါ်လာတယ်ဆိုတဲ့ ပုံသဏ္ဌာန်ပုံရိပ်ကို လူထုကအကဲခတ်လို့ရမှာပါ။ နောက်တစ်ခုကတော့ NUG၊ PDF တွေက ချက်ချင်းပဲ အာဏာပဲသိမ်းတော့ မလို အချို့လူထုကယုံကြည်မှုလွဲမှားခဲ့ကြပြီး လေးနှစ်တာကာလမှာ သူတို့မျှော်မှန်းသလို ဘာမှဖြစ်မလာတော့ တကယ်ဒုက္ခရောက်ရတာပြည်သူတွေပဲဆိုတာ လူထုကသိလာပြီး မျက်စိလည်နေတာကနေ လမ်းမှန်ဘက်ကို တဖြည်းဖြည်းနဲ့ရောက်လာကြမှာပါ။ အခုလိုဆွေးနွေးပွဲတွေကနေထွက်လာတဲ့ Outcomes တွေကိုကြည့်ပြီး ပြည်သူလူထုအနေနဲ့ ဘာလုပ်သင့်တယ်ဆိုတဲ့အနေအထားကိုတွေ့လာမယ်လို့ယူဆရပါတယ်။

ဗိုလ်မှူးကြီးဝဏ္ဏအောင် အဖွဲ့ဝင်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ

နိုင်ငံတော်ကို ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုအဖြစ် တည်ဆောက်နိုင်ဖို့အတွက်ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးကိုပုံဖော်ဆောင်ရွက်သွားဖို့ လိုအပ်မှာဖြစ်ပါတယ်။ ဒါ့ကြောင့် နိုင်ငံမှာ လက်ရှိဖြစ်ပွားနေတဲ့ အခြေအနေတွေ၊ ပဋိပက္ခတွေ၊ ပြည်တွင်းပြည်ပပဃောဂတွေနဲ့ အဖျက်အမှောင့် ဆောင်ရွက်နေမှုတွေအပေါ် မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးနဲ့ နိုင်ငံရေးဖြစ်စဉ်တွေမှာ ပါဝင်ခဲ့ကြသူတွေ၊ Stakeholder တွေ၊ ပညာရှင်တွေ၊ သတင်းမီဒီယာတွေ၊ ကဏ္ဍအသီးသီးက တက်ရောက်လာကြသူတွေက သူတို့ရဲ့ အတွေ့အကြုံ၊ အမြင်သဘောထားမျှဝေခြင်းတွေ၊ အလွတ်သဘောကျယ်ပြန့်စွာ ဆွေးနွေးကြခြင်းတွေနဲ့ နိုင်ငံရဲ့ငြိမ်းချမ်းရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ပြန်လည်သင့်မြတ်ရေးနဲ့ သဟဇာတဖြစ်ရေးတို့မှာ အထောက်အကူဖြစ်စေဖို့ ငြိမ်းချမ်းရေးစကားဝိုင်းကို ကျင်းပခြင်းဖြစ်ပါတယ်။

ငြိမ်းချမ်းရေးစကားဝိုင်းကို သုံးရက်တာ ကျင်းပဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာ နိုင်ငံရေးနဲ့ လုံခြုံရေးကဏ္ဍ၊ စီးပွားရေးနဲ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတို့ကို အဖွဲ့နှစ်ဖွဲ့ခွဲပြီး ဆွေးနွေးသွားကြမှာဖြစ်ပါတယ်။ ဆွေးနွေးမယ့်ခေါင်းစဉ်အနေနဲ့ နိုင်ငံရေးနဲ့လုံခြုံရေးကဏ္ဍမှာတော့ လက်ရှိမြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နဲ့ အနာဂတ်အလားအလာ၊ ပဋိပက္ခလျှော့ချရေးနဲ့ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးလုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပေါ်ရေး၊ နိုင်ငံတကာဆက်ဆံရေး၊ ဒေသတွင်း နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုနဲ့ မြန်မာ့ငြိမ်းချမ်းရေးအခန်းကဏ္ဍ၊ ရွေးကောက်ပွဲ၊ လုံခြုံရေး၊ တည်ငြိမ်ရေးနဲ့တရားဥပဒေ စိုးမိုးရေးဆိုင်ရာတို့ကို ဆွေးနွေးကြမှာဖြစ်ပါတယ်။

စီးပွားရေးနဲ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍမှာတော့ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်းရာမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရဲ့ အရေးပါတဲ့ကဏ္ဍ၊ ပဋိပက္ခလျှော့ချရေးကာလအတွင်း စီးပွားရေးကြံ့ကြံ့ခံမှုကို ကြိုးပမ်းရာမှာ ဆက်စပ်တဲ့ ကဏ္ဍတွေကို ထည့်သွင်းစဉ်းစားခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးနဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်ပြည်ထောင်စုကိုပုံဖော်ခြင်းတို့ကို ဆွေးနွေးသွားကြမှာဖြစ်ပါတယ်။

ငြိမ်းချမ်းရေးစကားဝိုင်းမှာအလွှာအသီးသီးကနေရရှိလာတဲ့ အမြင်သဘောထားအကြံပြုချက်တွေ၊ ဘက်ပေါင်းစုံက ချဉ်းကပ်နိုင်မယ့်အခြေအနေတွေ၊ သတိထားရမယ့် စိန်ခေါ်မှုတွေနဲ့ အနာဂတ်မှာ ပေါ်ပေါက်လာနိုင်မယ့်ခြွင်းခြောက်မှုတွေကို သိရှိပြီး ငြိမ်းချမ်းရေးမှာ ပါဝင်သူတွေအကြား ယုံကြည်မှုနဲ့ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်တည်ဆောက်ပြီးရရှိလာတဲ့အကြံပြုချက်တွေကနေ ငြိမ်းချမ်းရေးကိုအထောက်အကူပြုနိုင်မယ့်လုပ်ငန်းစဉ်တွေ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနဲ့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သင့်တာတွေကို ဆက်လက်ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

စောမြရာဇာလင်း ဥက္ကဋ္ဌ၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)

နိုင်ငံရေးတည်ငြိမ်မှု၊ နိုင်ငံရေးတိုးတက်မှုကျွန်မတို့ လုံခြုံရေးကို ကောင်းကောင်းမွန်မွန် ဆောင်ရွက်နိုင်မှာဖြစ်တဲ့အတွက် ကျွန်မကတော့ နိုင်ငံရေးနဲ့ လုံခြုံရေးကဏ္ဍမှာ အားဖြည့်ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဆွေးနွေးပွဲကျင်းပတဲ့အတွက်အကျိုးကျေးဇူးတွေအများကြီးရရှိမှာဖြစ်ပါတယ်။

ကျွန်မတို့ NCA ကို လက်မှတ်ရေးထိုးပြီး ၂၁ ရာစုပင်လုံညီလာခံကို ကျင်းပခဲ့ကြတယ်။ ပင်လုံညီလာခံက သဘောတူညီချက်တွေကိုလည်း ပြန်လည်အကောင်အထည်ဖော်ဖို့လိုပါတယ်။ ငြိမ်းချမ်းရေးပေါ်မှာ သစ္စာတရားလက်ကိုင်ထားပြီး ရှေ့ဆက်ပြီး ချီတက်ရမှာဖြစ်ပါတယ်။ ကျွန်မအားသွန်ခွန်စိုက်ဆွေးနွေးဖို့ငြိမ်းချမ်းရေးစကားဝိုင်းကို ရောက်ရှိလာရခြင်းဖြစ်ပါတယ်။

ဒီစကားဝိုင်းဆွေးနွေးပွဲကနေ ထွက်ပေါ်လာမယ့် ရလဒ်တွေကို ပြန်လည်သုံးသပ်ဆင်ခြင်ပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ နိုင်ငံတည်ငြိမ်အေးချမ်းဖို့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကလည်း အရေးကြီးပါတယ်။ စီးပွားရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေရရှိဖို့ ဘယ်လိုလုပ်ရမလဲဆိုတာ ဒီဆွေးနွေးပွဲမှာ ဆွေးနွေးသွားကြမယ်လို့ ယုံကြည်ထားပါတယ်။

ဒေါက်တာအောင်မျိုး နိုင်ငံရေးလေ့လာသုံးသပ်သူ

လက်ရှိနိုင်ငံမှာ ငြိမ်းချမ်းရေးလိုအပ်တယ်။ ဒါကြောင့် ငြိမ်းချမ်းရေးစကားဝိုင်းတွေပြုလုပ်ဖို့လိုအပ်ပါတယ်။ ဒါကြောင့်မို့ NSPC က အခုလိုမျိုးငြိမ်းချမ်းရေးစကားဝိုင်းပြုလုပ်ပေးတာကို ကြိုဆိုပါတယ်။ ကျွန်တော့်အနေနဲ့ ဒီစကားဝိုင်းဆွေးနွေးပွဲမှာ ခေါင်းစဉ်တစ်ခုနဲ့ ပါဝင်ဆွေးနွေးသွားမှာဖြစ်ပါတယ်။

စကားဝိုင်းဆွေးနွေးပွဲကနေ ငြိမ်းချမ်းရေးကို ဘယ်လိုဆက်လက်ဆောင်ရွက်မလဲ၊ ၂၀၂၅ ရွေးကောက်ပွဲကို ဘယ်လိုဆက်ပြီးတော့ အကောင်အထည်ဖော်မလဲဆိုတဲ့အတွေးတွေ၊ အမြင်တွေအများကြီးထွက်ပေါ်လာမှာဖြစ်ပါတယ်။ ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး အားလုံးဝိုင်းဝန်းထောက်ခံပေးကြပါလို့ ပြောချင်ပါတယ်။

ဒေါက်တာအောင်မြတ်ဦး ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ

ဆွေးနွေးပွဲနောက်ဆုံးနေ့မှာ လုံခြုံရေးနဲ့ လူမှုအသိုက်အဝန်းပြန်လည်တည်ဆောက်ရေးနဲ့ ရွေးကောက်ပွဲမှာ နိုင်ငံရေးပါတီများရဲ့ အခန်းကဏ္ဍနဲ့ စိန်ခေါ်မှုခေါင်းစဉ်တွေကို ဆွေးနွေးသွားမှာဖြစ်ပါတယ်။

၂၀၂၅ ခုနှစ်အတွင်းမှာ ကမ္ဘာ့အခင်းအကျင်းကလည်း ပြောင်းလဲသွားပြီ။ မြန်မာ့နိုင်ငံရေး အခင်းအကျင်းကလည်း ဒါနဲ့လိုက်လျောညီထွေ ဖြစ်ဖို့လိုပါတယ်။ ဒါကြောင့် ကျွန်တော်တို့က လုံခြုံရေးပဲဖြစ်ဖြစ် နိုင်ငံရေးပဲဖြစ်ဖြစ် စီးပွားရေးပဲဖြစ်ဖြစ် သွားရမယ့်ပုံစံတွေကို ကြိုတင်ပြီးမှန်းဆတွက်ဆလို့ရအောင် ဒီဆွေးနွေးပွဲကို လုပ်တာဖြစ်ပါတယ်။

ဒီဆွေးနွေးပွဲဟာ အစလို့ပြောလို့ရတယ်။ နောက်ပိုင်း **စာမျက်နှာ ၉ သို့ ⇨**

ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ



နေပြည်တော် မတ် ၂၄

ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာနခွဲ ကျင်းပသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းနှင့် တာဝန်ရှိသူများ၊ အခြားနိုင်ငံခြားသံရုံးများမှ တာဝန်ရှိသူများ၊ အခြေခံကျန်းမာရေးဝန်ထမ်းများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက တီဘီရောဂါသည် အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ကူးစက်သောရောဂါဖြစ်ပြီး ကမ္ဘာပေါ်တွင် အသေအပျောက်အများဆုံးရောဂါများထဲမှ တစ်ခုဖြစ်ပြီး မြန်မာနိုင်ငံတွင် ဦးစားပေးဖြေရှင်းရမည့်ပြည်သူ့ကျန်းမာရေးပြဿနာတစ်ရပ်လည်းဖြစ်ကြောင်း၊ ၂၀၅၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံ၏ တီဘီရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုတို့ကို သုညအထိလျော့ချရန် ရည်မှန်းချက်ဖြင့် တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းများကို နီးနွယ်ဝန်ကြီးဌာနများ၊ ပြည်တွင်းပြည်ပမိတ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

တီဘီရောဂါကာကွယ်ကုသရေးလုပ်ငန်းများတွင် အသုံးပြုမည့် တီဘီဆေးနှင့် ဆေးပစ္စည်းများကို နိုင်ငံတော်ရန်ပုံငွေဖြင့် ဝယ်ယူဖြည့်တင်းပေးလျက်ရှိရာ (၂၀၂၄-၂၀၂၅)ဘဏ္ဍာနှစ်တွင် ရန်ပုံငွေကျပ် ၁၅ ဒသမ ၅ ဘီလီယံ ခွဲဝေချထားသုံးစွဲခဲ့ကြောင်း၊ တီဘီလူနာရှာဖွေတွေ့ရှိမှုနှုန်း၊ ဆေးကုသမှုအောင်မြင်နှုန်း ရည်မှန်းချက်မပြည့်မီသော တိုင်းဒေသကြီး/ ပြည်နယ်များအနေဖြင့် ပိုမို၍ကြိုးစားဆောင်ရွက်ရန် လိုအပ်ကြောင်း၊ တီဘီလူနာတွေ့ရှိပါက ကျန်းမာရေးဝန်ကြီးဌာနသို့ မဖြစ်မနေ မပျက်မကွက် သတင်းပို့ကြရန် လိုအပ်ပြီး တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းများတွင် ပုဂ္ဂလိကဆေးရုံ/ ဆေးခန်းများ ပိုမိုပါဝင်လာအောင်ဆောင်ရွက်ရန်လိုကြောင်း။

ကလေးများတွင် တီဘီရောဂါရှာဖွေခြင်းကို အဆင့်မြင့်ခေတ်ဆွဲပစ္စည်းများဖြင့် စစ်ဆေးဆောင်ရွက်လျက်ရှိပြီး ကျောင်းအခြေပြု တီဘီရောဂါရှာဖွေရေးလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ တီဘီလူနာနှင့်အတူနေမိသားစုထဲမှအသက်ငါးနှစ်အောက်ကလေးများ တီဘီရောဂါ မဖြစ်ပွားအောင် တီဘီရောဂါကာကွယ်ဆေးတိုက်ကျွေးခြင်းကို ဆောင်ရွက်လျက်ရှိပြီး အသက်ငါးနှစ်အထက်ရှိသူများကိုလည်း တီဘီရောဂါကာကွယ်ဆေးတိုက်ကျွေးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း။

အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေး စီမံကိန်းသည် တီဘီရောဂါရှာဖွေခြင်းလုပ်ငန်းတွင် အချိန်မရွေး၊ နေရာဒေသမရွေး စမ်းသပ်စစ်ဆေးပေးနိုင်သည့် အဆင့်မြင့် နည်းပညာသုံးစက်ပစ္စည်းများကို အသုံးပြုသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၂၅ ခုနှစ် ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ဆောင်ပုဒ်ဖြစ်သည့် “တီဘီရောဂါ ပပျောက်ဖို့၊ ကတိပြုရင်းနှီးမြှုပ်နှံလို့၊ အားလုံးပါဝင်ဆောင်ရွက်စို့”နှင့်အညီ တီဘီရောဂါ ပပျောက်ရေးအတွက် အားလုံးပါဝင် ကတိကဝတ်ပြုကြပြီး လူအင်အား၊ ငွေအင်အား ရင်းနှီးမြှုပ်နှံကြကာ တီဘီရောဂါကာကွယ်ကုသရေးဝန်ဆောင်မှုများကို လူတိုင်း လက်လှမ်းမီရရှိနိုင်ရန် အားလုံးလက်တွဲပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများသည် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားပြခန်းငယ်အား လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။

(သတင်းစဉ်)

(၂၃)ကြိမ်မြောက် ခွဲစိတ်ဆရာဝန်များညီလာခံဖွင့်ပွဲ ကျင်းပ



ရန်ကုန် မတ် ၂၄

(၂၃)ကြိမ်မြောက် ခွဲစိတ်ဆရာဝန်များညီလာခံ (23rd Biennial Surgeons' Conference) ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ Novotel Yangon Max Hotel ၌ ကျင်းပသည်။

ဖွင့်ပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာအေးထွန်း၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ဆေးတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူးများ၊ မြန်မာနိုင်ငံဆေးကောင်စီ၊ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့၊ မြန်မာနိုင်ငံ ဆရာဝန်အသင်းတို့မှဥက္ကဋ္ဌများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အငြိမ်းစားဆေးပညာရှင်ကြီးများ၊ ပြည်တွင်းပြည်ပမှ ခွဲစိတ်အထူးကုဆရာဝန်များတက်ရောက်ကြသည်။

ဖွင့်ပွဲတွင် ဒုတိယဝန်ကြီးက ဆေးပညာသည် နက်နဲကျယ်ပြန့်ပြီး ခေတ်နှင့်အညီတိုးတက်ပြောင်းလဲနေခြင်းကြောင့် ဘာသာရပ်ဆိုင်ရာညီလာခံ၊ နှီးနွေးဖလှယ်ပွဲ၊ အလုပ်ရုံဆွေးနွေးပွဲ၊ စာတွေ့လက်တွေ့သင်ကြားပြသမှုများသည် အရေးကြီးသည့်အခန်းကဏ္ဍမှပါဝင်နေကြောင်း၊ ယခုကဲ့သို့ နိုင်ငံတကာဆေးပညာရှင်များပါ ပါဝင်၍ ဘာသာရပ်ဆိုင်ရာညီလာခံကျင်းပနိုင်ခြင်းကို ဂုဏ်ယူဝမ်းမြောက်ကြောင်း၊ ခွဲစိတ်ကုပညာရပ်ဆိုင်ရာ အောင်မြင်မှုများအနေဖြင့် ယခင်က ပုံမှန်သမားရိုးကျ ခွဲစိတ်ကုသမှုမှ သည် ယခုအခါ နိုင်ငံတကာအဆင့် မီကိုယ်တွင်းကြည့်မှန်ပြောင်းများဖြင့် ခွဲစိတ်ကုသပေးနိုင်ခြင်း၊ အသည်းအစားထိုး ခွဲစိတ်ကုသမှု၊ ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြကြောင်း၊ ယနေ့ကျင်းပသည့် ညီလာခံမှတစ်ဆင့်အသိပညာ၊ အတွေ့အကြုံ နည်းလမ်းသစ်များ လေ့လာဆည်းပူးနိုင်ပြီး နိုင်ငံသားများ၏ ကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်းကို မြှင့်တင်နိုင်သော အရည်အသွေးပြည့်ဝသည့် သမားကျင့်ဝတ်နှင့် အညီ ပြုမူကျင့်ကြံနေထိုင်သော ခွဲစိတ်အထူးကုပညာရှင်များ ဖြစ်ပါစေကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံခွဲစိတ်ကုပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဆေးတက္ကသိုလ်(၁) ရန်ကုန်ခွဲစိတ်ကုပညာဌာနပါမောက္ခ/ဌာနမှူး ပါမောက္ခဒေါက်တာမိုးမိုးတင်က နှုတ်ခွန်းဆက်စကားပြောကြားကာဆေးတက္ကသိုလ်(၁) ရန်ကုန်မှကျောင်းသူများက “မင်္ဂလာပါ” သီချင်းဖြင့် ကပြဖျော်ဖြေကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ညီလာခံကို ဖွင့်လှစ်ပေးပြီး Poster Presentation နှင့် ဆေးနှင့်ဆေးပစ္စည်းပြခန်းများကို လှည့်လည်ကြည့်ရှုသည်။

အဆိုပါညီလာခံကို မတ်လ ၂၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ကမ္ဘောဒီးယား၊ ဂျပန်၊ အိန္ဒိယ၊ နီပေါ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ တောင်ကိုရီးယားနှင့် ဗီယက်နမ်နိုင်ငံတို့မှ ခွဲစိတ်ကုပညာရှင်များ ပါဝင်တက်ရောက်ကြသည်။

ညီလာခံတွင် Main Symposium အပြင် Mini Symposium များ၊ Case presentation များနှင့် Poster Presentation ၂၉ ခုတို့ ပါဝင်ပြီး ညီလာခံကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လေဆာဖြင့် လိပ်ခေါင်းရောဂါကုသခြင်း (Laser Hemorrhoidoplasty)၊ ကိုယ်တွင်းကြည့် မှန်ပြောင်းဖြင့် သိုင်းမက်အကျိတ်အား ခွဲစိတ်ကုသခြင်း (VATS Thymectomy)၊ ပန်ကရိယနှင့် အူသိမ်ဦးပိုင်းဖြတ်ထုတ်ခြင်း (Laparoscopic pancreaticoduodenectomy) အစရှိသည့် ခွဲစိတ်ကုသမှုများကို ပြည်ပခွဲစိတ်ကုပညာရှင်များနှင့်ပူးပေါင်း၍ စာတွေ့လက်တွေ့ သင်ကြားပြသခြင်းကိုလည်း ဆောင်ရွက်ခဲ့ကြသည်။

ထို့ပြင် ညီလာခံ တတိယနေ့တွင် သက်ကြီးခွဲစိတ်အထူးကုပညာရှင်ကြီးများအား ပူဇော်ကန်တော့ပွဲကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

➪ **စာမျက်နှာ ၈ မှအဆက်**

ဒီထက်အဖွဲ့စုံပါတဲ့ ဆွေးနွေးပွဲတွေကို ကျင်းပသွားမယ်လို့ သိရပါတယ်။ ဒီပွဲမှာ ဆွေးနွေးမှုတွေကနေ တကယ်လုပ်ရမယ့်ကိစ္စရပ်တွေရဲ့ လမ်းကြောင်းတွေပေါ်လာတယ်။ ဆွေးနွေးချက်တွေ နားထောင်ရင်း ကိုယ့်ခေါင်းထဲမှာ တခြားလုပ်နိုင်တာတွေ စဉ်းစားမိလာတာတွေ ရှိတဲ့အတွက် ဒီဆွေးနွေးပွဲဟာ ကျွန်တော်တို့အတွက် အကျိုးရှိသလို နိုင်ငံတော်အတွက်လည်း အကျိုးရှိမယ်လို့ မျှော်လင့်ပါတယ်။

ဒေါ်လွဲလွဲသိန်း၊ ဒုတိယဝန်ကြီး(ငြိမ်း) အမှုဆောင်အဖွဲ့ဝင် မြန်မာနိုင်ငံမဟာဗျူဟာ နိုင်ငံတကာ လေ့လာရေး

ဒီကနေ့ ဆွေးနွေးပွဲမှာ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်တဲ့ အခါမှာ စီးပွားရေးကဏ္ဍဟာ အရေးပါအရာရောက်တဲ့ ကဏ္ဍတစ်ခုဆိုတာကို ဆွေးနွေးခဲ့တာဖြစ်ပါတယ်။ ဆွေးနွေးပွဲ မနက်ပိုင်းမှာ ဆွေးနွေးခဲ့တဲ့အကြောင်း အရာတွေက ငြိမ်းချမ်းရေးအတွက် ဆောင်ရွက်နေသလို ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဆောင်ရွက်ရမယ်။ ဒါ့အပြင် စီးပွားရေးတိုးတက်ရေးကိုလည်းဆောင်ရွက်ရမယ်။ စီးပွားရေးတိုးတက်မှုကိုဆောင်ရွက်တဲ့ အခါမှာ သူ့ကိုအထောက်အကူပြုမယ့် လူမှုရေး၊ နိုင်ငံရေးနဲ့ ကျန်တဲ့အချက်တွေ ဖြစ်တဲ့ ပညာရေးကဏ္ဍတွေ၊ ကျန်းမာရေးကဏ္ဍတွေ အကုန်လုံးကို ဖြည့်ဆည်းဆောင်ရွက်မယ်။ စီးပွားရေးကဏ္ဍကြီးတစ်ခုပဲမဟုတ်ဘဲ ဆက်စပ်နေတဲ့ကဏ္ဍတွေကိုပါ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရမယ်။

ငြိမ်းချမ်းရေးအတွက်တင်မကဘူး။ ငြိမ်းချမ်းရေးအတွက် ဆောင်ရွက်နေတဲ့ လိုအပ်တဲ့အချက်အလက်တွေ၊ အခြေအနေတွေ ဒါ့အပြင် စီးပွားရေးတိုးတက်ဖို့ အတွက် ကျွန်မတို့နိုင်ငံက စိန်ခေါ်မှုတွေ အများကြီးရှိတယ်။ အဲဒီစိန်ခေါ်မှုတွေကို ကျော်လွှားဖို့ စီးပွားရေးတိုးတက်ဖို့အတွက် ဘယ်လိုလုပ်ဆောင်ကြမလဲဆိုတဲ့အချက်တွေကိုပါ ဆွေးနွေးတဲ့အတွက်ကြောင့် ငြိမ်းချမ်းရေးအတွက်သာမက နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနဲ့ လူမှုရေးအတွက်တွေပါ အကျိုးရှိတယ်လို့ ထင်ပါတယ်။

ဦးကိုကိုကြီး ဥက္ကဋ္ဌ၊ ပြည်သူ့ပါတီ

ဒီနေ့ဆွေးနွေးပွဲမှာ စီးပွားရေးနဲ့ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတွေ ဆွေးနွေးမှာဖြစ်ပါတယ်။ စီးပွားရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးလို့ ပြောတော့ Political Economy နိုင်ငံရေးနဲ့စီးပွားရေးနဲ့က ဆက်စပ်နေတယ်။ လုံခြုံရေးနဲ့ လူ့အဖွဲ့အစည်းလူမှုအသိုင်းအဝိုင်းကို ပြန်လည်တည်ဆောက်တဲ့ကိစ္စတွေပေါ့။ နောက်ပြီး ရွေးကောက်ပွဲမှာ ကျွန်တော်တို့နိုင်ငံရေးပါတီတွေရဲ့ အခန်းကဏ္ဍ၊ စိန်ခေါ်မှုကိစ္စတွေကို ဆွေးနွေးမှာဖြစ်ပါတယ်။

လက်ရှိနိုင်ငံမှာဖြစ်နေတဲ့ ပဋိပက္ခတွေကို ကျော်လွှားနိုင်ဖို့အတွက်က ရွေးကောက်ပွဲက အရေးကြီးလာပါတယ်။ ဒါ့ကြောင့် လည်း ရွေးကောက်ပွဲမှာ နိုင်ငံရေးပါတီတွေရဲ့ အခန်းကဏ္ဍ၊ နောက်ပြီး ကျွန်တော်တို့ ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှု အဲဒီကိစ္စတွေကိုလည်း ဆွေးနွေးသွားမှာဖြစ်ပါတယ်။ အမြဲတမ်း ကျွန်တော်တို့က တွေ့ဆုံဆွေးနွေးပြီး ဖြေရှင်းမယ်ဆိုတဲ့ ယုံကြည်မှု ခိုင်မာနေသရွေ့ ကျွန်တော်တို့ ငြိမ်းချမ်းရေး မျှော်လင့်ချက်အားကောင်းနေမယ်။

အခုဆွေးနွေးပွဲကတော့ အထူးသဖြင့် ပြည်တွင်းက နယ်ပယ်အသီးသီးက ပုဂ္ဂိုလ်တွေပါဝင်ပြီး စတင်ဆွေးနွေးမှုဟာ အစကောင်းတဲ့ခြေလှမ်းလို့ ကျွန်တော်တို့ မြင်ပါတယ်။ နောက်ပိုင်း ပိုပြီးကျယ်ပြန့်တဲ့ ဆွေးနွေးပွဲတွေ ဆက်လုပ်သွားရင် အသံလည်းပိုစုံလာမယ်၊ ဘာပဲပြောပြော မူဝါဒချမှတ်တဲ့သူတွေအတွက်တော့ စဉ်းစားစရာအချက်အလက်တွေလည်း ပိုပြီးတော့ ပြည့်စုံလာမယ်လို့ ကျွန်တော်ကတော့ မြင်ပါတယ်။ ။

တွေ့ဆုံမေးမြန်း-သန်းကျော်အောင်
ဓာတ်ပုံ-ကျိုင်းလော(သတင်းစဉ်)

နေ့စဉ်ဘဝမှာ ဟင်းသီးဟင်းရွက် ပိုစားသုံးသင့်သောအကြောင်းများ

"အသားစားသူများနှင့်နှိုင်းယှဉ်ပါက အသီးအရွက်ကို အဓိကစားသုံးသူများသည် ကင်ဆာရောဂါ၊ နှလုံးရောဂါနှင့် တခြားနာတာရှည်ကျန်းမာရေးပြဿနာများဖြစ်နိုင်ခြေ ပုံမှန်ထက် ကျဆင်းနေတတ်ကြောင်း သိရသည်။ အထူးသဖြင့် အသီးအရွက်အဓိကစားသုံးသူများတွင် အထက်ပါရောဂါဘယများ၏ လက္ခဏာဖြစ်ဖွယ်ရှိသော ဇီဝလက္ခဏာ ၁၃ မျိုး၏အဆင့် သိသိသာသာကျဆင်းနေတတ်ကြောင်း စကော့တလန်နိုင်ငံ ဂလက်စတိုတက္ကသိုလ်မှ သုတေသနပညာရှင်များကဆိုသည်။ ယင်းသုတေသီများသည် အရွယ်ရောက်သူဦးရေ ၁၇၇၀၀၀ ကိုလေ့လာခဲ့ရာ အသီးအရွက်စားသုံးသူများသည် အသားစားသုံးသူများထက် ရောဂါအခြေပြု ဇီဝလက္ခဏာများ ကျဆင်းနေတတ်သည်ကို ဖော်ထုတ်တွေ့ရှိခဲ့သည်။

ရောဂါတို့၏ ရှေ့ပြေးလက္ခဏာများဖြစ်နိုင်သည့် ဇီဝလက္ခဏာများထဲတွင် LDL နှင့် HDL ကိုလက်စထရော နှစ်မျိုးပေါင်းပမာဏ၊ LDL ကိုလက်စထရောပမာဏ စသည်တို့ပါဝင်ကြောင်း သိရသည်။ ထို့ပြင် ဟင်းသီးဟင်းရွက်စားသုံးသူများတွင် နှလုံးရောဂါနှင့် ဆက်စပ်နေသည့် ပရိုတင်းနှစ်မျိုးနှင့် အသည်းပျက်စီးနေသူများတွင်တွေ့ရသည့် အင်ဇိုင်းနှစ်မျိုး ပါဝင်မှုအဆင့်မှာ ကျန်းမာရေးနှင့်ညီညွတ်သောအဆင့်တွင် ရှိနေတတ်ကြောင်း စတော့်တလန်သုတေသနပညာရှင်များက ပြောကြားသည်။

ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံ ပိုစားခြင်းက စိတ်ကျန်းမာရေးကို အထောက်အကူပြုနိုင်

ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများက ခန္ဓာကိုယ်ကျန်းမာစေသည့် အစားအစာဟုသာ လူသိများကြသော်လည်း ၎င်းတို့၏ အကျိုးကျေးဇူးများက ကိုယ်ကျန်းမာရေးသာမက စိတ်ကျန်းမာရေးအတွက်ကိုလည်း လွန်စွာကောင်းကျိုးဖြစ်စေသည်။ ကျန်းမာရေးသုတေသီများ၏ လေ့လာတွေ့ရှိချက်အသစ်အရ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပိုစားပေးခြင်းက ရက်သတ္တပန်စပတ်အတွင်းမှာပင် သိသိသာသာ စိတ်အာရုံခံစားမှုကို ပိုမိုကောင်းမွန်စေကြောင်း သိရသည်။ အဆိုပါစမ်းသပ်မှုကို နယူးဇီလန်နိုင်ငံ The University of Otago ရှိ စိတ်ပညာဌာနမှ လေ့လာတွေ့ရှိခဲ့ခြင်းဖြစ်ပြီး တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများအား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများကို ၁၄ ရက်တိတိ နေ့စဉ်ပိုမိုစားသောက်စေပြီးနောက် ၎င်းကျောင်းသား၊ ကျောင်းသူများမှာ တက်ကြွရွင်လန်း၍ စိတ်ခံစားမှု တိုးတက်မြင့်မားလာသည်ကို တွေ့ရှိခဲ့ရသည်။ အဆိုပါတွေ့ရှိချက်ကို The Journal PLOS One ဟု အမည်ရသည့် အစားအသောက်ဆိုင်ရာ ကျန်းမာရေးဂျာနယ်တစ်စောင်တွင် ဖော်ပြထားသည်။

ယင်းအဆိုကို အမေရိကန်ပြည်ထောင်စုရှိစိုက်ပျိုးရေးဌာနမှ ထောက်ခံထားပြီး ကျောင်းသား၊ ကျောင်းသူများသည် သစ်သီးဝလံနှစ်ခွက်နှင့် ဟင်းသီးဟင်းရွက် သုံးခွက်တို့ကို နေ့စဉ်စားပေးသင့်ကြောင်း အကြံပြုထားသည်။ ဥပမာအားဖြင့် သစ်သီးဝလံတစ်ခွက်ဆိုသည်မှာ ဂရိတ်ဖရုသီးတစ်ဝက် သို့မဟုတ် လိမ္မော်သီးတစ်လုံးကို ဆိုလိုခြင်းဖြစ်ပြီး ဟင်းသီးဟင်းရွက်တစ်ခွက်ဆိုသည်မှာ ငရုတ်ချိုပွကြီးတစ်ခု သို့မဟုတ် မီးကင်ထားသော ကန်စွန်းဥတစ်လုံးကိုဆိုလိုခြင်းဖြစ်သည်။ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများများစားပေးခြင်းက စိတ်အာရုံခံစားမှုကို ပိုမိုတိုးတက်ကောင်းမွန်စေရုံမျှမက အဝလွန်ရောဂါ၊ သက်ကြီးပိုင်းတွင် ဖြစ်လေ့ရှိသော ဆီးချိုရောဂါအမှတ်-၂၊ နှလုံးရောဂါ၊ လေဖြတ်ခြင်းနှင့် ကင်ဆာရောဂါတော်တော်များများကို ဖြစ်မလာအောင် လျှော့ချပေးနိုင်သည်။

ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံများ ပိုစားပေးခြင်းက စိတ်ကျန်းမာရေးနှင့် မည်ကဲ့သို့ပတ်သက်ဆက်စပ်နေသနည်းဟု စာဖတ်သူတို့ သိလိုပေလိမ့်မည်။ The University of Otago ရှိ စိတ်ပညာဌာနမှ သုတေသီများက ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများသည် ကျန်းမာရေးအခြေအနေနှင့် မည်သို့မည်ပုံပတ်သက်ဆက်နွယ်နေကြောင်းကို ယခုကဲ့သို့ ဆက်လက်၍ လေ့လာခဲ့ကြသည်။ သုတေသီများက အသက် ၁၈ နှစ်မှ ၂၅ နှစ်အတွင်း ကျောင်းသား၊ ကျောင်းသူ ၁၇၁ ဦးကို အုပ်စုသုံးခုခွဲ၍ ရက်သတ္တနှစ်ပတ်ကြာ အောက်ပါအတိုင်း စမ်းသပ်ခဲ့ကြသည်။

- ပထမအုပ်စုတွင် ပါဝင်သူများကို ၎င်းတို့စားနေကျပုံမှန်အတိုင်း စားသောက်စေသည်။
- ဒုတိယအုပ်စုတွင် ပါဝင်သူများကိုမူ ၎င်းတို့စားနေကျ အစားအစာအပြင် မုန်လာဥနီ၊ ကီဝီသီး၊ ပန်းသီး၊ လိမ္မော်သီး စသည်ဖြင့် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ လတ်လတ်ဆတ်ဆတ်တို့ကိုလည်း တစ်နေ့တစ်ကြိမ်နှုန်းဖြင့် နေ့စဉ် စားသောက်စေသည်။
- တတိယအုပ်စုတွင် ပါဝင်သူများကို ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ သူတို့စားနိုင်သလောက် များများပိုမိုစားစေပါသည်။

ထိုသို့ စားသောက်စေပြီးနောက် ရက်သတ္တနှစ်ပတ်ကြာတွင် အုပ်စုသုံးခုတွင် ပါဝင်သူအားလုံးကို ပျော်ရွှင်မှု၊ တက်ကြွမှု၊ စိတ်အားငယ်မှု၊ စိုးရိမ်ပူပန်မှု၊ စိတ်ဆန္ဒစောမှု၊ စိတ်ဓာတ်ကျမှု စသည့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးအခြေအနေနှင့်ပတ်သက်သည့် မေးခွန်းများဖြင့် လေ့လာဆန်းစစ်ကြည့်ခဲ့သည်။ ထိုအခါ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများကို တစ်နေ့သုံးကြိမ်ခန့် များများပိုစားနိုင်သော တတိယအုပ်စုတွင် ပါဝင်သူများမှာ စိတ်ကျန်းမာရေး သိသိသာသာပိုမိုတိုးတက်ကောင်းမွန်နေသည်ကို တွေ့မြင်ရသည်။ ကျန်အုပ်စုနှစ်ခုတွင်ပါဝင်သူများက စမ်းသပ်မှုကာလပြီး၍ ရက်သတ္တနှစ်ပတ်ကျော်သည့်တိုင် စိတ်ပိုင်းဆိုင်ရာခံစားမှုအခြေအနေ တိုးတက်ပြောင်းလဲလာသည်ကို မတွေ့ရပေ။ ထို့ကြောင့် The University of Otago ရှိ စိတ်ပညာဌာနမှ သုတေသီများက "FV [fruits and vegetables] များများစား၊ လူငယ်လူရွယ်များ"ဟူ၍ စိတ်ကျန်းမာရေးဆိုင်ရာ ဆောင်ပုဒ်တစ်ခုကို မှတ်တမ်းတင်ခဲ့သည်။

အနီရောင်အသားစားသုံးခြင်း၏ ဘေးထွက်ဆိုးကျိုးများ

ဝက်သား၊ အမဲသား အပါအဝင် ခြေလေးချောင်းသား အနီရောင်အသားများစားသုံးခြင်းက သံဓာတ်၊ အသားဓာတ်နှင့် ပရိုတင်းဓာတ်တို့ကို ပေးစွမ်းနိုင်သော်လည်း တစ်နေ့တာစားသင့်သည့်အတိုင်းအတာထက် ပို၍ဖြစ်စေ၊ နေ့စဉ်ရက်ဆက်စားသုံး၍ဖြစ်စေ လွန်လွန်ကဲကဲ စားသုံးပါက ကျောက်ကပ်ပျက်စီးခြင်း၊ အစာအိမ်ရောဂါအပါအဝင် အူမကြီးကင်ဆာဖြစ်စေခြင်း၊ အယ်လ်ဇိုင်းမား (ခေါ်) ဦးနှောက်ဇရာကြို ရောဂါဖြစ်ခြင်း၊ မိသားစုထဲတွင် သွေးတိုးရောဂါနှင့် ဆီးချိုရောဂါရာဇဝင်ရှိသူများအနေဖြင့် ကျောက်ကပ်ရောဂါဖြစ်ပွားနိုင်သည့် အန္တရာယ်ပိုများလာခြင်း စသည့်ကျန်းမာရေးပြဿနာများ မလွဲမသွေတွေ့ကြုံလာနိုင်သည်။ ထို့ပြင် တိရစ္ဆာန်တို့၏ကလီစာများကို စားသုံးပြီးနောက် လူ့ခန္ဓာကိုယ်ထဲ ရောက်ရှိသည့်အခါ ယင်းအစားအစာနှင့် ပါလာသောအဆိပ်အတောက်များကို လူ့ခန္ဓာကိုယ်တွင်းရှိ အသည်းနှင့် ကျောက်ကပ်တို့က အချိန်တော်တော်ကြာ ပြန်လည်သန့်စင်အောင်ရှင်းလင်းပေးရသည်။ ထို့ကြောင့် တိရစ္ဆာန်တို့၏ကလီစာကို စားသုံးခြင်းက လူသားတို့၏အသည်းနှင့် ကျောက်ကပ်တို့ကို ဝန်ပိ၍ ပင်ပန်းစေပါသည်။ အထူးသဖြင့် ဘီပိုး၊ စီပိုးကူးစက်ခံထားရသူ၏ ခန္ဓာကိုယ်ထဲတွင် သံဓာတ်များလျှင် အသည်းမှာ အမာရွတ်ပို၍ထင်လွယ်သဖြင့် သံဓာတ်များစွာပါသော အစားအစာများဖြစ်ကြသည့် အနီရောင်အသားများ အပါအဝင် အသည်း၊ အမြစ်၊ သွေးခဲ စသည်တို့ စားသုံးခြင်းမှ အထူးရှောင်ကြဉ်သင့်သည်။

အချုပ်အားဖြင့်ဆိုသော် ကူးစက်မြန်ဆန်သော ကိုဗစ်-၁၉ ရောဂါ ခံစားရပြီးနောက် နာတာရှည်ရောဂါရှိသူများအနေဖြင့် ဘဝနေထိုင်မှုပုံစံကို ကိုဗစ်-၁၉ ရောဂါစည်းကမ်းချက်များနှင့်အညီ လိုက်နာ၍ ပြုမူနေထိုင်ရုံမျှမက စားသောက်မှုပုံစံကိုလည်း အထူးဂရုစိုက်ရန်လိုပါသည်။ ထို့ကြောင့် အထက်တွင်ရေးသားဖော်ပြထားသည့် အချက်အလက်များကို လေ့လာမှတ်သားကာ သန့်ရှင်းလတ်ဆတ်သော ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံတို့ကို နေ့စဉ်ဘဝတွင် ပိုမိုစားသုံးသင့်ပါကြောင်း အကြံပြုလိုက်ရပါသည်။

ပေါက်ပေါက်

ဘိုကလေးမြို့နယ်၌ တီလားဗီးယားငါးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ

ဘိုကလေး မတ် ၂၄

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်၌ ဒေသထွက်တီလားဗီးယားငါးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ဘိုကလေးမြို့နယ်၌ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ရီထွန်း၏ ပြောပြချက်အရ သိရသည်။

ဘိုကလေးမြို့နယ်အသားငါးဈေးကွက်၌ မတ်လပထမပတ်မှစ၍ ဒေသထွက်တီလားဗီးယားငါးများ ဝယ်လိုအားကောင်းပြီး တစ်ရက်လျှင် တီလားဗီးယားငါးပိသာ ၇၀၀ မှ ၁၅၀၀ အထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

''ဘိုကလေးမြို့နယ်ကနေ ထွက်ရှိတဲ့ ရေထွက်ကုန်တွေကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေပါတယ်။ ပြည်တွင်းစားသုံးမှုအားကောင်းလာလို့အခုလို တီလားဗီးယားငါးတွေ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းနေတာပါ။ လက်ရှိတီလားဗီးယားငါး ပိသာတော်တော်များများ အရောင်းအဝယ်ဖြစ်နေတာကြောင့် ငါးမွေးမြူရေးလုပ်ကိုင်သူတွေနဲ့ ကုန်သည်တွေပါ အဆင်ပြေလာပါတယ်။ ငါးဝယ်လိုအားကောင်းလာတာကြောင့် မွေးမြူသူတွေအနေနဲ့လည်း ငါးအကောင်ရေထပ်တိုးမွေးမြူလာတာ တွေ့ရပါတယ်။ ငါးဈေးကတော့ ပုံမှန်အခြေအနေမှာပဲ ရှိပါတယ်'' ဟု ဒေါ်ရီထွန်းကပြောသည်။

ဘိုကလေးမြို့နယ်၌ မွေးမြူရေး တီလားဗီးယားငါးအပြင် သဘာဝအတိုင်း ဖမ်းယူရရှိသည့် တီလားဗီးယားငါးများလည်းထွက်ရှိကြောင်း၊ မွေးမြူရေးတီလားဗီးယားငါးကို သက်တမ်းအားဖြင့် နှစ်လနှင့် ၁၅ ရက် သို့မဟုတ် သုံးလခန့်မွေးမြူရကြောင်း သိရသည်။

သုတကျော်

ကျော်ဖုံးမှအဆက်

ထိုသို့လေ့ကျင့်နေမှုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်အတူ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီးထွန်းအောင်၊ တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ တပ်မတော်နေ့ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အလံတော်အဖွဲ့နှင့် စစ်ရေးပြစစ်ကြောင်းများ၏ တပ်ခွဲများ၏ ဝတ်စားဆင်ယင်မှုဆိုင်ရာများ၊ စစ်ရေးပြ လက်နက်ငယ်များနှင့် စစ်ဝတ်တန်ဆာများပြင်ဆင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နှစ်(၈၀)ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့ ပါဝင်စစ်ရေးပြကြမည့် စစ်ရေးပြစစ်ကြောင်းကြီးများ ဝတ်စုံပြည့်စစ်ရေးပြလေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နှစ်(၈၀)ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့တက်ရောက်လာကြမည့် ပြည်ပဧည့်သည်တော်ကြီးများအတွက် SIS(Simultaneous Interpretation System)ဘာသာပြန်စက်တပ်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အလံတော်အဖွဲ့နှင့်စစ်ရေးပြစစ်ကြောင်းများ၏ တပ်ခွဲများ၏ ဝတ်စားဆင်ယင်မှုဆိုင်ရာများ၊ စစ်ရေးပြအလံများ၊ စစ်ရေးပြ လက်နက်ငယ်များနှင့် စစ်ဝတ်တန်ဆာများပြင်ဆင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် အလံတော်အဖွဲ့နှင့် စစ်ရေးပြစစ်ကြောင်းများ၏စစ်ရေးပြကွင်းအတွင်း ချီတက်ဝင်ရောက်နေရာယူမှုများ၊ နှစ်(၈၀)ပြည့်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာကြမည့် ဧည့်သည်တော်ကြီးများအတွက် ထိုင်ခုံနေရာချထားမှုများ၊ ပြည်ပဧည့်သည်တော်ကြီးများအတွက် SIS (Simultaneous Interpretation System) ဘာသာပြန်စက်တပ်ဆင်ထားရှိမှုများ၊ မြင်းစီးတပ်ခွဲနှင့် အရေးကြီးပုဂ္ဂိုလ်ယာဉ်တန်း ဝင်ရောက်နေရာယူမှုများအား ဦးစွာကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် တပ်မတော်(လေ)မှလေယာဉ်၊ရဟတ်ယာဉ်များ၏ အချိန်ကိုက်အုပ်ဖွဲ့ ပျံသန်းလေ့ကျင့်မှုများ၊ အလံတော်အဖွဲ့နှင့် စစ်ကြောင်းတပ်ခွဲများ၏ ဝတ်စားဆင်ယင်မှုဆိုင်ရာများ၊ စစ်ရေးပြအလံများ၊ စစ်ရေးပြလက်နက်ငယ်များနှင့် စစ်ဝတ်တန်ဆာများ ပြင်ဆင်ထားရှိမှုနှင့် စစ်ရေးပြတပ်ခွဲအသီးသီး၏ စစ်ရေးပြလှုပ်ရှားမှုများကို အသေးစိတ်လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ စစ်ရေးပြအခမ်းအနားတွင် တပ်မတော်(ကြည်း၊ ရေ၊ လေ)နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ အရာရှိ၊ စစ်သည်များ၊ အမျိုးသမီးတပ်ဖွဲ့ဝင်များ၊ အမျိုးသမီးအထူးတပ်ဖွဲ့ဝင်များ၊ တပ်မတော်(လေ)မှ လေယာဉ်၊ရဟတ်ယာဉ်များပါဝင်ကြောင်း သတင်းရရှိသည်။

(၁၀၀)

“တွေ့ဆုံဆွေးနွေးမှုများမှ ငြိမ်းချမ်းသောနိုင်ငံတော်သစ်ဆီသို့” ဆောင်ပုဒ်ဖြင့် ငြိမ်းချမ်းရေးစကားဝိုင်း - Peace Talk 2025 ကျင်းပ



နေပြည်တော် မတ် ၂၄

“တွေ့ဆုံဆွေးနွေးမှုများမှ ငြိမ်းချမ်းသောနိုင်ငံတော်သစ်ဆီသို့” ဆောင်ပုဒ်ဖြင့် ငြိမ်းချမ်းရေးစကားဝိုင်း – Peace Talk 2025 ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာနခွဲ ကျင်းပသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ်တွင် ကဏ္ဍအသီးသီးမှ ထင်ပေါ်ကျော်ကြားသူများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များမှ ပိုမိုအာရုံစိုက်ပါဝင်လုပ်ဆောင်လာနိုင်စေရန်၊ ငြိမ်းချမ်းရေးအတွက် အကြမ်းမဖက်သောနည်းလမ်းဖြင့် ဆောင်ရွက်ခြင်းသည်သာလျှင် ရေရှည်တည်တံ့မည်ဖြစ်ကြောင်းကို လူထုအကြား အသိအမြင်တိုးမြှင့်လာစေရန်နှင့် နိုင်ငံအတွင်းပဋိပက္ခများအမြန်ဆုံးလျှော့ချပြီး နိုင်ငံရေး၊ စီးပွားရေးများ ပိုမိုကောင်းမွန်တိုးတက်လာနိုင်စေမည့် ရေတိုရေရှည်လုပ်ငန်းစဉ်များ ဖော်ထုတ်နိုင်ရန် ရည်ရွယ်ပြီး ငြိမ်းချမ်းရေးစကားဝိုင်းကို ကျင်းပခြင်းဖြစ်သည်။

ငြိမ်းချမ်းရေးစကားဝိုင်းသို့ အလွှာစုံ အစုအဖွဲ့အသီးသီးဖြစ်ကြသည့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံရေး၊ လုံခြုံရေး၊ ငြိမ်းချမ်းရေးနှင့် စီးပွားရေးကဏ္ဍကြီးများတွင် ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများကို စုပေါင်းအဖြေရှာဖော်ထုတ်ရန်လိုကြောင်း၊ ပဋိပက္ခလျှော့ချပြီး စီးပွားရေး၊ လူမှုရေးတို့အား ရေတိုရေရှည် စီမံကိန်းများဆောင်ရွက်ပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုများ၊ မီဒီယာများ၊ ပြည်ထောင်စုဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့်တာဝန်ရှိသူများ၊ တက္ကသိုလ်များမှပါမောက္ခများ၊ အသင်းအဖွဲ့ကိုယ်စားလှယ်များနှင့် လေ့လာသူများစုစုပေါင်း ကိုယ်စားလှယ် ၁၁၈ ဦး တက်ရောက်ကြသည်။

ငြိမ်းချမ်းရေးစကားဝိုင်း ဖွင့်ပွဲအခမ်းအနားတွင် ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံရေး၊ လုံခြုံရေး၊ ငြိမ်းချမ်းရေးနှင့် စီးပွားရေးကဏ္ဍကြီးများတွင် ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများကို စုပေါင်းအဖြေရှာဖော်ထုတ်ရန်လိုကြောင်း၊ ပဋိပက္ခလျှော့ချပြီး စီးပွားရေး၊ လူမှုရေးတို့အား ရေတိုရေရှည် စီမံကိန်းများဆောင်ရွက်ပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စု တည်ဆောက်ရန်လိုအပ်ကြောင်း၊ ယနေ့ စကားဝိုင်းမှ နိုင်ငံရေး၊ လုံခြုံရေးကဏ္ဍနှင့် စီးပွားရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတို့မှ အပြုသဘောဆောင်သည့် ဆွေးနွေးအကြံပြုချက်များကို ရလဒ်ဖော်ထုတ်၍ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ပိုမိုတိုးတက်အောင်မြင်စေရေး ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် UPWC ဒုတိယဥက္ကဋ္ဌနှင့် ပြည်ထောင်စုဝန်ကြီး(ငြိမ်း) ဦးသိန်းဇော်က နှုတ်ခွန်းဆက်စကားပြောကြားပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က ဆောင်ရွက်ကာ “ပဋိပက္ခလျှော့ချရေးနှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပေါ်ရေး” ခေါင်းစဉ်ဖြင့် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦး (အငြိမ်းစား) က ဦးဆောင် ဆွေးနွေးသည်။ ဆက်လက်၍ “စီးပွားရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ” တွင် သဘာပတိအဖြစ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးဝင်းမိုလ်ရှိန်(ငြိမ်း)က ဆောင်ရွက်ပြီး “ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်းရာတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏အရေးပါသည့်ကဏ္ဍ” ခေါင်းစဉ်ဖြင့် ဒုတိယဝန်ကြီး(ငြိမ်း) ဒေါ်လဲ့လဲ့သိန်းက ဦးဆောင်ဆွေးနွေးကာ တက်ရောက်လာကြသူများကအမြင်သဘောထားများဆွေးနွေးခြင်း၊ မေးခွန်းမေးမြန်းခြင်းများ ဆောင်ရွက်ကြသည်။

ထို့နောက် စကားဝိုင်းဆွေးနွေးခြင်း၊ စကားဝိုင်းအလိုက်ရရှိလာသည့်သဘောထားများကို တက်ရောက်လာသူကိုယ်စားလှယ်အသီးသီးက အကြံပြုခြင်း၊ ဆွေးနွေးမေးမြန်းခြင်းနှင့်မေးမြန်းချက်များအပေါ် Speaker မှ ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းများဆောင်ရွက်ကြသည်။

ငြိမ်းချမ်းရေးစကားဝိုင်းမှ ရရှိလာမည့် အလွှာအသီးသီး၏အမြင်သဘောထားများ၊ အကြံပြုချက်များကို သိရှိနားလည်ပြီး ငြိမ်းချမ်းရေးတွင် ပါဝင်ဆောင်ရွက်သူများအကြား ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတ

စစ်ရေးစစ်ရာ ပျို့လက်ဝဲသုံးစောင်

ခင်လယ်လယ်ချစ်(မြန်/ဂုဏ်)

ကုန်းဘောင်ခေတ်စာဆိုအကျော် လက်ဝဲသုန္ဒရအမတ်ကြီး ဦးမြတ်စံသည် နန္ဒိသေနပျို့(၁၁၂၈ ခုနှစ်)သေနင်္ဂဗျူဟာပျို့(၁၁၄၇ ခုနှစ်)နှင့် ဗျူဟာစက္ကိပျို့(၁၁၅၂ ခုနှစ်)တို့ကို ခေတ်အခြေအနေအခင်းအကျင်းနှင့် စစ်ရေးဆိုင်ရာလိုအပ်ချက်အရဖွဲ့ဆိုခဲ့သည်။

ပျို့သည် ကဗျာအမျိုးအစားထဲတွင် ရိုးရှင်းသောအဖွဲ့အနွဲ့ဖြစ်သည်။ ကာရန်ဖြင့်ချိတ်ဆက်ထားသော လေးလုံးစပ်တစ်ပါဒစီ၊ ပါဒပေါင်းများစွာ၊ ပိုဒ်ရေပေါင်းများစွာ ကန့်သတ်ချက်မရှိ လွတ်လပ်စွာဖွဲ့သီနိုင်သောအဖွဲ့တစ်မျိုးဖြစ်သည်။ ပျို့စာဆိုသည် သိမှတ်စရာအကြောင်းအရာများကို သဒ္ဒါလင်္ကာရ၊ အတ္ထာလင်္ကာရတို့ဖြင့် တန်ဆာဆင်၍ နှစ်သက်ဖွယ်ကောင်းအောင်ဖွဲ့ဆိုသော လေးလုံးစပ်လင်္ကာရှည်တစ်မျိုးဖြစ်သည်။

ပျို့ဟူလျှင် - နှစ်သက်ဖွယ်ကောင်းရမည်။

သိမှတ်စရာအကြောင်းအရာများပါဝင်ရမည်ဟုဆိုထားရာ ဖော်ပြပါပျို့ဂုဏ်ရည်များသည် လက်ဝဲသုန္ဒရ၏ စစ်ပျို့သုံးစောင်တွင်ပြည့်လျှမ်းနေသည်။

ပျို့ကဗျာတွင် အရင်းခံကိုယ်ထည်ရှိသည်။ ကိုယ်ထည်ကိုတန်ဆာဆင်ရာတွင် စာဆို၏ဉာဏ်ရည်ဉာဏ်သွေးရှိသည့်အလျောက် ဝိဋ္ဌကတ်ကျမ်းဂန်ဂန္ထန္တရ၊ လောကအတွေ့အကြုံအတွေးအမြင်၊ အယူအဆတို့ဖြင့် ပုံဖော်နိုင်သည်။ ခြယ်မှုန်းနိုင်သည်။ တန်ဆာဆင်နိုင်သည်။ သို့ဖြစ်ရာ ပျို့ကဗျာတွင် ပျို့ဆရာ၏စိတ်စေတနာနှင့် ခေတ်သရုပ်ကိုပါတွေ့မြင်နိုင်သည်။

ပျို့စာဆိုသည် မြန်မာ့သေနင်္ဂဗျူဟာအကြောင်းပြောချင်သောအခါ ဆီလျော်မည့်ဇာတ်ကိုရွာသည်။ ငါးရွှင်းဆယ်နိပါတ်တော်လာ စူဠကလိဂ်ဇာတ်ကိုတွေ့သည်။ ဇာတ်တော်ကိုပျို့အသွင်ဖန်တီးသည်။ သေနင်္ဂနှင့်ပတ်သက်၍ပြောရန် ဇာတ်ကွက်နှင့်ဇာတ်ရုပ်ကိုရွာပြန်သည်။ နန္ဒိသေနအမတ်ကြီးကိုတွေ့သည်။ နန္ဒိသေနအမတ်ကြီး၏ဇာတ်ရုပ်ကို မိမိခံစားခဲ့သော၊ လေးစားကြည်ညိုရင်းရှိသော ကျေးဇူးရှင်အလောင်းမင်းတရားကြီး၏ စစ်ရည်စစ်သွေး၊ စစ်တွေးစစ်ကြံ၊ စစ်ဟန်စစ်ထုံးများဖြင့် ခြယ်မှုန်းလိုက်သည်။ ကိုယ်ပြောလိုသောစကားကို နန္ဒိသေနအမတ်ကြီး၏ အင်္ဂါးပါးစပ်ဖြင့် ပြောခိုင်းလိုက်သည်။ ပြောခိုင်းလိုက်ရသော်လည်း စာဆိုမှာအားမရသေးပေ။ ဇာတကမှ ပျို့အဖြစ်ဖန်တီးရာတွင် ဇာတ်ကြောင်းကိုင့်နေရသဖြင့် ပြောချင်သည်များကျန်ရစ်နေပေသေးသည်။

ထို့ကြောင့် စစ်သူကြီးတို့လက်စွဲကျမ်းအနေဖြင့် သေနင်္ဂဗျူဟာပျို့ကိုရေးဖွဲ့ခဲ့သည်။ထိုပျို့တွင်မူ ဇာတ်လမ်းမပါ၊ ရသမန္တယ်ဘဲသုတသာကဲသည်။ စစ်ရေးဆိုင်ရာဆောင်ရန်ရှောင်ရန်များ မြန်မာ့သေနင်္ဂဆိုင်ရာမှတ်သားလိုက်နာဖွယ်ရာများကိုလမ်းညွှန်ထားသည်။ အာဂုံဆောင်လေ့ကျက်၍ စာတွေ့နှင့်လက်တွေ့ပေါင်းစပ်ကျင့်သုံးရန် သတိပေးခဲ့သည်။

သေနင်္ဂဗျူဟာပျို့ဖွဲ့ပြီးနောက် ငါးနှစ်အကြာတွင် ဗျူဟာစက္ကိပျို့ကို ထပ်မံရေးဖွဲ့ပြန်သည်။ ဤပျို့ပါအချို့သောအကြောင်းအရာများသည် နန္ဒိသေနပျို့တွင်လည်းကောင်း၊ သေနင်္ဂဗျူဟာပျို့တွင်လည်းကောင်း ပါဝင်ပြီးဖြစ်သည်။ သို့သော်...စာဆို၏စေတနာသည် ထိုပျို့နှစ်စောင်နှင့် အားမရ တင်းတိမ်၍မနေထပ်မံပေးလိုသေးသည်။ အသစ်အသစ်ပေါ်ထွန်းလာမည့် မြန်မာ့စစ်ရေးခေါင်းဆောင်များ၊ မြန်မာ့စစ်သွေးထက်သူများအတွက် မှာကြားလိုသေးသည်။ လမ်းညွှန်လိုသေးသည်။ ထို့ကြောင့် ဗျူဟာစက္ကိပျို့တွင် သေနင်္ဂဗျူဟာရေးဖွဲ့စဉ်ကကဲ့သို့ အသေးစိတ်မရှင်းလင်းခဲ့ရသော စစ်ဖျက်ခြင်းခြောက်ပါးကို မြန်မာ့သမိုင်းလာတိုက်ပွဲစဉ်များဖြင့် ချိန်ထိုးညွှန်ပြသည်။ ယခင်ပျို့များတွင် လမ်းညွှန်ရန်ကျန်ရစ်ခဲ့သော စစ်ခေါင်းဆောင်များအတွက် စစ်ရေးလမ်းညွှန်တစ်စိတ်တစ်ဒေသကိုလည်းဖော်ပြပေးလိုက်သေးသည်။

သေနင်္ဂဗျူဟာစစ်သမိုင်း(၁၉၄၃ခုနှစ်)၏ဥယျောဇဉ်တွင် ထိုစဉ်က သေနာပတိချုပ်ဖြစ်သော ဗိုလ်ချုပ်အောင်ဆန်းက “ယခုခေတ်ပြောင်းခေတ်လွဲအခြေအနေအမျိုးမျိုးကိုထောက်ကာ ရှေးကရှိသည့်သေနင်္ဂဗျူဟာကျမ်းအမျိုးမျိုးကိုလေ့လာထိုက်သည်သာတည်း . . . ”ဟုတိုက်တွန်းခဲ့သည်သာမက မြန်မာ့စစ်သေနင်္ဂဗျူဟာနှင့် ခေတ်သစ်သေနင်္ဂဗျူဟာကို ချိန်ထိုးပြခဲ့သည့်သာဓကရှိခဲ့ပေသည်။

ရှေးပဝေသဏီကတည်းက အခြေတည်ခဲ့သော မြန်မာတို့သည် ပထမမြန်မာနိုင်ငံတော်-ပုဂံခေတ်မှသည် ပင်းယ၊ စစ်ကိုင်း၊ အင်းဝ၊ ဟံသာဝတီ၊ ကုန်းဘောင်ခေတ်အထိ စစ်ရေးအသွင်၊ စစ်ရေးအမြင်များဖြင့်သာ နိုင်ငံတော်ကိုတည်ထောင်ခဲ့သည်မဟုတ်၊ အမျိုးဘာသာသာသနာနှင့် နိုင်ငံတော်ကိုချစ်မြတ်နိုးသောစစ်သွေးတို့ဖြင့်ပါ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

“ရဲရေးရောက်သော်၊ ရွံ့ကြောက်မဲ့တွန်၊ ခွာ၍မတွန့်” အသက်စွန့်ဝံ့သူများဖြစ်သည်။

“မြို့ငဝေတောကြီး၊ ဤခရီးဝယ်၊ ချည်းနှီးသက်သက်၊ သေသော့ထက်ကား၊ ဆက်လက်တည်၊ တစီတလျဉ်၊ သားစဉ်မြေးမြစ်၊ ပြောထုံးဖြစ်အောင်၊ တစစ်တမက်၊ ကိုယ်နှင့်သက်ကို၊ နှင်းဆက်တိုက်မည်” သူများလည်းဖြစ်ကြသည်။

ဗြိတိသျှတို့၏သိမ်းယူမှုမှလွဲ၍ တိုင်းတစ်ပါးသားတို့၏ကျူးကျော်မှုကို တွန်းလှန်နိုင်ခဲ့ခြင်းမှာလည်း စစ်မှန်သောစစ်သွေးတို့ဆူဝေနေသည့် ခိုင်ကျည်သောမြန်မာ့စိတ်ဓာတ်ကြောင့်ဖြစ်ပေသည်။

ဗြိတိသျှတို့သည် မြန်မာပြည်ကို အလွယ်တကူသိမ်းယူသည်ဟုဆိုရမည်ဖြစ်သော်လည်း မြန်မာ့မျိုးချစ်တော်လှန်ရေးသမားတို့၏ နေရာအနှံ့

> **“ မြို့ငဝေတောကြီး၊ ဤခရီးဝယ်၊ ချည်းနှီးသက်သက်၊ သေသော့ထက်ကား၊ ဆက်လက်တည်၊ တစီတလျဉ်၊ သားစဉ်မြေးမြစ်၊ ပြောထုံးဖြစ်အောင်၊ တစစ်တမက်၊ ကိုယ်နှင့်သက်ကို၊ နှင်းဆက်တိုက်မည်၊ အားသန်ရည်၍ ဦးလည်မသုန်၊ ထမ်းပါကုန်လော့။ ”**
>
> **(လက်ဝဲသုန္ဒရ)**

အပြားမှ အုံကြွတော်လှန်မှုကိုကား ခက်ခက်ခဲခဲနှိမ်နင်းခဲ့ရသည်။ စစ်စရိတ်ကုဋ္ဌေချီကာသုံးစွဲခဲ့ရသည်။ အိန္ဒိယနိုင်ငံ ဘင်္ဂလားပြည်နယ်၌လူ ၂၉၀၂ ဦးတွင် ပုလိပ်တစ်ဦးအချိုးဖြင့် တာဝန်ယူထိန်းသိမ်းနေချိန်တွင် အထက်မြန်မာနိုင်ငံ၌ လူ ၁၇၃ ဦးတွင် ပုလိပ်တစ်ဦးတာဝန်ယူနေရသည်မှာ စစ်ရည်စစ်သွေးပြည့်ဝနေသော မြန်မာတို့၏သူ့ကျွန်မခံလိုသော နယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားမှုမည်မျှပြင်းထန်သည်ကိုထင်ရှားစေခဲ့သည်။

ထို့ပြင် မြန်မာမျိုးချစ်တပ်မတော်သားတို့သည် ဖက်ဆစ်ဂျပန်တို့ထံမှ စစ်ပညာသင်ကြားခွင့်ရရှိသောအခါတွင် သင်ကြားပေးသည့်စစ်နည်းဗျူဟာများမှာ ချီစစ်၊ ထိုးစစ်နှင့်ဖျက်စစ်များကိုသာသင်ကြားပေးသည်။ ခွာစစ်နှင့်ခံစစ်အားလုံးဝမသင်သဖြင့် သေနင်္ဂဗျူဟာပျို့နှင့် ဗျူဟာစက္ကိပျို့တို့မှ စစ်ပညာများနှင့် မြန်မာ့စစ်သမိုင်းမှ ခွာစစ်နှင့်ခံစစ်ကိုလေ့လာယူခဲ့ရပြီး မြန်မာ့ရိုးရာစစ်ပညာများဖြင့် ဖက်ဆစ်ဂျပန်တို့အား မြန်မာ့မြေပေါ်မှမောင်းထုတ်နိုင်ခဲ့ကြောင်း သုတေသီရာမညကိုကိုနိုင်ဝန်ခံခဲ့သည်။

စင်စစ်သော်ကား မြန်မာ့ရိုးရာစစ်ပညာသည် စစ်ရေးအပြင် စစ်ရေးအခင်းအကျင်းအစီအရင်များနှင့်သာ သက်ဆိုင်သည်မဟုတ်ဘဲ လူမှုစီးပွားဘဝတွင်ပါ လက်တွေ့ကျကျကျင့်သုံးနိုင်သော လုပ်ငန်းလမ်းညွှန်ချက်များဟုမှတ်ယူအပ်သည်။

စာဆိုတော်လက်ဝဲသုန္ဒရ၏ စစ်ပျို့များနှင့်ရှေးပညာရှင်တို့၏စစ်ကျမ်းများလာ စစ်ရေးအစီအစဉ်များကိုလည်းကောင်း၊ စစ်ခေါင်းဆောင်တို့ထားရှိအပ်သည့်စိတ်ဓာတ်နှင့် စစ်သူတို့ကျင့်ဆောင်အပ်သည့် ခံယူချက်များကိုလည်းကောင်း မည်သည့်လုပ်ငန်းတွင်မဆို လိုက်နာကျင့်သုံးနိုင်သဖြင့် မြန်မာ့ရိုးရာစစ်ပညာသည် ယနေ့တိုင်မရိုးနိုင်သော မြန်မာရှိသရွေ့တည်တံ့နေမည်ဖြစ်သော လမ်းညွှန်ချက်များသာဖြစ်ပေတော့သည်။

နှစ်ပေါင်းထောင်ချီ၍ စစ်ပညာစစ်အတတ်ကိုအလေးထားဆည်းပူးတတ်မြောက်ခဲ့ကြသော မိမိတို့မြန်မာများသည် အနီးမှဖြစ်စေ၊ အဝေးမှဖြစ်စေ ဖျက်လိုဖျက်ဆီးသိမ်းပိုက်ခြယ်လှယ်ချင်သော ရန်စွယ်အန္တရာယ်ကြီးတွေကို ကြုံတင်တွက်ဆတတ်ရပေလိမ့်မည်။ ပြည်သူတစ်ရပ်လုံးပါဝင်ဆင်နွှဲရသည့် “ပြည်သူ့စစ်မဟာဗျူဟာ”ကို အစဉ်တစိုက်ကျင့်သုံးခဲ့သော နိုင်ငံသားများအနေဖြင့် စစ်ရေးသတိရှိအပ်လှသည်။

ဗျူဟာစက္ကိ-ဟူသောအမည်နှင့်လိုက်လျောအောင် ဖော်ကျူးခဲ့သည်မှာ စစ်မဟာဗျူဟာ၂၉ ပါးပင်ဖြစ်သည်။ ဤဗျူဟာများကို တစ်ပါးချင်းဖွင့်ဖော်ရှင်းပြထားသည့် စာဆို၏စေတနာ၊ စာဆို၏ကျေးဇူးမှာ နောက်လာမြန်မာ့စစ်သွေးသစ်တို့အတွက် တန်ဖိုးကြီးမားလှပေသည်။

စာဆိုသည် နန္ဒိသေနပျို့ (၁၁၂၈ခုနှစ်)ကိုရှေးဆရာတို့မစပ်ဆို၍ စပ်ဆိုရကြောင်း၊ သေနင်္ဂဗျူဟာပျို့ (၁၁၄၇ ခုနှစ်)နှင့် ဗျူဟာစက္ကိပျို့ (၁၁၅၂ ခုနှစ်)ကို စစ်ရေးဆိုင်ရာလိုအပ်ချက်အရ ဖွဲ့သီရကြောင်း သက်ဆိုင်ရာပျို့များတွင် ဖော်ပြထားသည်။ စာဆို၏စေတနာတန်ဖိုးကို ထိုခေတ်၏အခြေအနေနှင့်ယှဉ်ထိုး၍ တွက်စစ်နိုင်သည်။

စာဆိုသည် တနင်္သာရီမင်း (၁၀၇၆-၁၀၉၅)လက်ထက်တွင်ဖွားမြင်၍ ဟံသာဝတီပါမင်းတရား (၁၀၉၅-၁၁၁၃) လက်ထက်တွင် လူလားမြောက်ခဲ့သည်။ ဆယ်နှစ်ကျော်အရွယ်ကတည်းက ကသည်းတို့၏ ကျူးကျော်စစ်နှင့်ကြုံခဲ့ရသည်။ နောက်ပိုင်းတွင် မွန်-မြန်မာတိုက်ပွဲများ၊ ကွေ့-ဂုဏ္ဍအိန္ဒ၏ပုန်ကန်မှုများကြောင့် ပြည်တွင်းဆူပူသောင်းကျန်းမှုများနှင့်ရင်ဆိုင်ခဲ့ရသည်။ ကိုးသိန်းရှင်ထံခစားရသည့်အခါတွင်မူ စစ်ရေးစစ်ရာတို့နှင့် လုံးထွေးနေခဲ့ရတော့သည်။

အင်းဝယျက်ပြီး ကုန်းဘောင်ခေတ်ထူထောင်သောအခါ အလောင်းမင်းတရားကြီး (၁၁၁၄-၁၁၂၂) ၏အပါးတော်တွင် အမှာတော်ရေးအဖြစ် တတိယမြန်မာနိုင်ငံတော်ထူထောင်ရေးစစ်ပွဲများ၊ မဏိပူရ၊အာသံနှင့် ယိုးဒယားတို့သို့ချီသောဘုန်းတန်ခိုးပြစစ်ပွဲများနှင့် နဖူးတွေ့ဒူးတွေ့ဆုံကြုံခဲ့ရသည်။ ထို့ကြောင့်လည်း မင်းတရားကြီး၏စစ်ရေးစွမ်းရည်တို့ကို လေ့လာမှတ်သားနိုင်ခဲ့သည်။

နောင်တော်ကြီး (၁၁၂၂-၁၁၅၁)လက်ထက်တွင် မင်းခေါင်နော်ရထာအရေး၊ တောင်ငူစားသတိုးသခံသူအရေး စသည့်ပြည်တွင်းရေးအပြင် ပြည်ပစစ်ဖြစ်သည့် ဇင်းမယ်အရေးနှင့်လည်းဆုံကြုံခဲ့ရသည်။

ဆင်ဖြူရှင်(၁၁၂၅-၁၁၃၈)လက်ထက်ကား မြန်မာတို့စစ်တံခွန်လွှားသောခေတ်ဖြစ်သည်။ ဘုန်းတန်ခိုးပြစစ်ပွဲများဖြစ်သော ယိုးဒယား၊ မဏိပူရ၊ အာသံသို့စစ်ချီတိုက်ခိုက်မှု၊ တရုတ်တို့၏ကျူးကျော်စစ်ကိုတွန်းလှန်မှုတို့နှင့်ကြုံတွေ့ခဲ့ရပြန်သည်။

ထိုမျှပင်မကသေးပါ။ ဘိုးတော်ဘုရား(၁၁၄၃-၁၁၈၁)လက်ထက် ရခိုင်သို့ချီသည့် ပြည်တွင်းစစ်၊ ယိုးဒယားနှင့် အာသံသို့ချီသည့် ပြည်ပစစ်တို့နှင့် ဆူဆူဝေဝေနေရာ ကုန်းဘောင်ခေတ်ဦး သို့မဟုတ် ပျို့စာဆို၏သက်တမ်းတစ်လျှောက်သည် စစ်ရေးမက်ရေးတို့ဖြင့် ရောထွေးယှက်တင်နေခဲ့ပေသည်။

စစ်ရေးနှင့်ကြုံရသဖြင့် စစ်သဘောကိုသိရှိခဲ့သည်။ စစ်အရေးစစ်အမြင်များကြွယ်ဝလာသည်။ အထူးသဖြင့် အလောင်းမင်းတရားကြီး၏ စစ်ရေးအစီအရင်၊ စစ်ရေးအမြင်တို့ ရင်ဝယ်စွဲငြိခဲ့သည်။ စစ်ရေးအောင်မြင်မှုများကို ပြန်ပြောင်းသုံးသပ်လေလေ မင်းတရားကြီး၏စစ်ရေးပရိယာယ်ကြွယ်ဝမှုကို အံ့ချီးမဆုံးဖြစ်ရလေလေ ခံစားလာမိသည်။ မြန်မာ့သေနင်္ဂဗျူဟာအပေါ်တန်ဖိုးထားကာ ဂုဏ်ယူဝင့်ကြွားလိုစိတ်များတဖွားဖွားပေါ် ပေါက်လာသည်။ မိမိကဲ့သို့ပင် စစ်သွေးလုလင်တို့ ဂုဏ်ယူဝင့်ကြွားတန်ဖိုးထားကာ လေးစားလိုက်နာကျင့်သုံးစေလိုသောစေတနာဖြင့် စစ်ပျို့များကိုရေးဖွဲ့ခဲ့ခြင်းဖြစ်ပေသည်။

ပျို့စာဆိုနှင့် ရှေးခေတ်ပညာရှင်တို့ကျေးဇူးကြောင့် ကမ္ဘာဇမ္ဗူမြန်မာလူတို့စစ်ရေးစွမ်းရည်ထက်မြက်ခဲ့ကြသည်။ ကျမ်းအသီးသီးလာစစ်ပညာအရပ်ရပ်ကို တိုက်ရင်းလေ့လာ လေ့လာရင်းတိုက်ခဲ့ကြသဖြင့် စစ်ရည်ဝခဲ့ကြသည်။ ကျမ်းအဆိုကိုအခြေခံ၍ လက်တွေ့သရုပ်မှန်နှင့် ပေါင်းစပ်ညှိနှိုင်းလိုက်သောအခါ မြန်မာ့နည်းမြန်မာ့ဟန်အပြည့်အဝရှိသော မြန်မာ့ရေမြေသဘာဝနှင့်ကိုက်ညီဆီလျော်သောမြန်မာ့စစ်ပညာရပ်တို့ တိုးပွားများပြားလာခဲ့ရသည်။

မြန်မာ့ရိုးရာစစ်ပညာကို

စာမျက်နှာ ၁၄ သို့ ■

ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းဖွင့်ပွဲကျင်းပ



နေပြည်တော် မတ် ၂၄

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းအမှတ်စဉ်(၂/၂၀၂၅) ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(C) ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ၊ အရာထမ်း/အမှုထမ်းများ၊ သင်တန်းသား /သင်တန်းသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် ဒုတိယဝန်ကြီး ဦးထိန်လင်းက နိုင်ငံတော်အကြီးအကဲ၏ ညွှန်ကြားချက်နှင့်အညီ မိမိတို့ဝန်ကြီးဌာနမှ ဝန်ထမ်းများ ဥပဒေအသိပညာဆိုင်ရာဗဟုသုတများ တိုးပွားပြီး ဥပဒေရေးရာစည်းမျဉ်း/ စည်းကမ်းများကို ပိုမိုသိရှိနားလည်နိုင်စေရန် ရည်ရွယ်၍ ယခုသင်တန်းကို ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း။

ယခုသင်တန်းတွင် ဥပဒေရေးရာစည်းမျဉ်း/ စည်းကမ်းများကို အချိန်တိုအတွင်း သိရှိနားလည်စေရန်အတိုချုံး၍ ဆင့်ပွားသင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး ဥပဒေအကြောင်းသိကောင်းစရာများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ သိကောင်းစရာများနှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများကိုသင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း၊ ယခုသင်တန်းသို့ တက်ရောက်လာကြသည့် သင်တန်းသား/သင်တန်းသူများအနေဖြင့် ဥပဒေပညာကို ဆက်လက်ဆည်းပူးလေ့လာသွားရန် တိုက်တွန်းပြောကြားသည်။

အဆိုပါ သင်တန်းကို မတ်လ ၂၄ ရက်မှ ၂၉ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းသား/သင်တန်းသူ ၅၀ တက်ရောက်ကြကြောင်း သိရသည်။

(၅၀၀)

နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ စုပေါင်းသွေးလှူဒါန်း



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ် သွေးအလှူရှင်များ၏ စုပေါင်းသွေးလှူဒါန်းနေမှုကို ကြည့်ရှုအားပေးစဉ်။

နေပြည်တော် မတ် ၂၄

၂၀၂၅ ခုနှစ်၊ မတ်လ ၂၇ ရက်တွင် ကျရောက်မည့် နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် တာဝန်ရှိသူများ၊ ဆရာတော်သံဃာတော်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ရှမ်းပြည်နယ် YMBA အသင်းမှ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ သွေးအလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ သွေးအလှူရှင်များအား လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ သွေးပေါင်ချိန်ခြင်းနှင့် သွေးအုပ်စုခွဲခြင်းများဆောင်ရွက်ပေးပြီး သတ်မှတ်နေရာအသီးသီး၌ သွေးအလှူရှင် ၆၈ ဦးတို့က စုပေါင်းသွေးလှူဒါန်းကြသည်။ ထိုသို့ သွေးလှူဒါန်းနေမှုများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှု အားပေးကာ အာဟာရဖြည့်စားသောက်ဖွယ်ရာများ ချီးမြှင့်ပေးအပ်ကြသည်။ ထို့နောက် တိုင်းမှူးက သွေးအလှူရှင်များကိုယ်စား သွေးအိတ်ထုပ်များကို နယ်မြေခံတပ်မတော်ဆေးရုံနှင့် တောင်ကြီးမြို့ရှိ အမျိုးသမီးနှင့် ကလေးဆေးရုံသို့ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်းသတင်းရရှိသည်။ (၁၀၀)

အင်းဝယဉ်ကျေးမှုအမွေအနှစ်ဒေသသို့ ဒုတိယဝန်ကြီး ဒေါ်နုမြဲ ကွင်းဆင်းစစ်ဆေး



နေပြည်တော် မတ် ၂၄

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဲသည် ရေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးဌာနခွဲမှ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် အင်းဝယဉ်ကျေးမှုအမွေအနှစ်ဒေသသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ မန္တလေးတိုင်းဒေသကြီးသို့ လာရောက်ခဲ့သည့်ခရီးစဉ်တွင် မှာကြားခဲ့သည့် မဟာဇေယျပထမောင်အိုအုတ်လမ်းတံတား၊ မဟာဇေယျပထမောင်အိုအုတ်လမ်းတံတား၏ ကျောက်စာရုံ၊ လောကသရဖူဘုရားအတွင်း ပြုပြင်ဆောင်ရွက်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ထို့နောက် စည်တိုပုံမြို့ရိုး၏ အနောက်ဘက်မျက်နှာမြို့ရိုး၊ မြို့ဝင်ပေါက်နှင့် ကျုံး၊ အင်းဝရွေးဟောင်းသုတေသနပြတိုက်၊ အင်းဝဗားကရာသစ်သား ဘုန်းတော်ကြီးကျောင်း၊ မြင့်မိုရ်တောင်ဘုရား၊ ဝက်ပါဘုရား၊ လောကဒုဿမာန်အောင်ဘုရားနှင့် ကြောင်လိမ်ဘုရားပြုပြင်ထိန်းသိမ်းစောင့်ရှောက်မှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

မြို့	အနိမ့်ဆုံး	/	အမြင့်ဆုံးအပူချိန်
နေပြည်တော်	၂၃.၄	/	၃၈.၄
ရန်ကုန်	၂၃.၄	/	၃၈.၄
မန္တလေး	၂၃.၄	/	၃၇.၄

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

■ စာမျက်နှာ ၁၃ မှအဆက်

နည်းနိဿယအဟောင်းအမြင်းအဖြစ် မစွန့်ပစ်ပယ်လိုက်ပေ။ ဟောင်းပင်ဟောင်းသော်လည်း အကောင်းတွေများစွာရှိသည်။ ခေတ်ကာလနှင့် လူမှုဘဝအပြောင်းအလဲကြောင့် အသွင်သဏ္ဌာန်ပြောင်းသော်လည်း အနှစ်သာရမပြောင်း။ အမည်နာမပြောင်းသော်လည်း မူဝါဒမပြောင်း၊ စစ်ရေးအသွင်ပြောင်းသော်လည်း စစ်ရေးအမြင်ကားမပြောင်း။

- သံတမန်ရေးအရပိုင်းပယ်ခြင်း
- နိုင်ငံရေးအရဖိအားပေးခြင်း
- အဖျက်လုပ်ငန်းများအားပေးခြင်း
- လုပ်ကြံဝါဒဖြန့်သိက္ခာချစော်ကားသော ရေဒီယို၊ ရုပ်သံ၊ စာနယ်ဇင်းတို့ဖြင့် ထိုးနှက်ပုတ်ခတ်ခြင်း၊ သွေးခွဲခြင်း၊ အမှန်အမှားရောမွှေ၍ စိတ်လှုပ်ရှားအောင်ဆွခြင်း
- သူလျှိုဒလန်မွေးမြူလျက် အဖျက်အမှောင့်လုပ်ငန်းများထိုးဖောက်လုပ်ဆောင်ရန်ကြိုးစားခြင်း
- စစ်ရေးအရအနှောင့်အယှက်ပေးခြင်း
- ကုန်သွယ်ရေးအရတားမြစ်ပိတ်ပင်ခြင်း

အစရှိသဖြင့် မိမိနိုင်ငံတော်၏အကျိုးစီးပွားကိုပျက်ပြားအောင် ထိပါးနှောင့်ယှက်ဟန့်တားသူမှန်သမျှကို ထိထိမိမိပြင်းပြင်းထန်ထန် တုံ့ပြန်ချေမှုန်းနိုင်စွမ်းရှိရမည်။

အလုံးစုံသော သေနင်္ဂဗျူဟာအတတ်ပညာဟူသမျှအားလုံးတို့သည် "လှည့်စားခြင်း" အပေါ် အခြေခံသည်ဟူသော သဘောတရားနှင့်အညီ ရန်သူသည် လှည့်စားဖြားယောင်းခြင်းအမျိုးမျိုးဖြင့် မိမိတို့နိုင်ငံသားများကို ဖြိုခွဲလျက်ရှိနေ၏။ ကောင်းစေလိုဟန်ဆောင်လျက် ပျက်ပြားအောင်ဖျက်ဆီးနေ၏။ နိမ့်ကျအောင်ဖိနှိပ်နေကြ၏။ ကြောက်လန့်အောင်ခြိမ်းခြောက်နေ၏။ စစ်သဘောတရားကို နားမလည်သူအချို့တို့ကမသိ။ အငိုက်မိကာရန်သူ့အလိုအကြိုက်သို့လိုက်ပါမိတတ်၏။ ထို့ကြောင့် စစ်ပရိယာယ်ကိုနားလည်ရန်လိုအပ်မည်ဖြစ်၍ အမိနိုင်ငံတော်ကို အခွန့်ရှည်စွာခိုင်မာတည်တံ့ရေးအတွက် ရေးရှေးသော မြန်မာလူငယ်များကဲ့သို့ပင် သေနင်္ဂဗျူဟာအတတ်ပညာကို စိတ်ပါဝင်စားသင့်ပါကြောင်း ဆရာချစ်နိုင်(စိတ်ပညာ)က ကောင်းသောအကြံ မှန်သောအကျင့် သင့်သောအယူဖြစ်ရေး လမ်းညွှန်ပေးခဲ့သည်။

စာဆိုတော်လက်ဝဲသုန္ဒရ၏စစ်ပျို့သုံးစောင်ကိုလေ့လာရာတွင် ပျို့စာကိုယ်ပါစစ်ရေးဆိုင်ရာအကြောင်းအရာများအစီအရင်များနှင့် ဆက်နွယ်၍ မြန်မာ့သမိုင်းကြောင်းလာစစ်ရေးဖြစ်စဉ်များကိုလည်း သက်ဆိုင်ရာ ရာဇဝင်ကျမ်းများ၊ အရေးတော်ပုံကျမ်းများမှကောက်နုတ်ဖော်ပြခဲ့ခြင်းမှာ မြန်မာတို့၏စစ်ရေးအသွင်၊ စစ်ရေးအမြင်နှင့်စွေးစွေးနီသောမြန်မာ့စစ်သွေးတို့ကို သိရှိခံစားနားလည်စေလို၍ဖြစ်သည်။ တစ်ချိန်တည်းမှာပင် အဆင့်မြင့်မားသည့် မြန်မာ့ဂန္ဓဝင်စာပေများကို ခံစားသိတတ်၊ ခံယူတတ်ရန်ရည်ရွယ်သည်။

ဤစစ်ပျို့သုံးစောင်လေ့လာချက်ကျမ်းစာပေကိုလေ့လာခြင်းအားဖြင့် မျိုးချစ်စိတ်ဓာတ်ရင်သန်ထက်မြက်သော၊ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်နိုင်သော စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်မြဲမြံခိုင်ကျည်သော "ကမ္ဘာဇမ္ဗူ မြန်မာလူ"များပေါ်ထွန်းလာရမည်မှာ မလွဲပေတည်း။ ။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံတကာစီးပွားရေးပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းများ ပြန်လည်သုံးသပ်ခြင်း အစည်းအဝေးကျင်းပ



နေပြည်တော် မတ် ၂၄

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံတကာစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ ပြန်လည်သုံးသပ်ခြင်း အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနကို ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနတို့ဖြင့် ဖွဲ့စည်းတည်ထောင်ထားကြောင်း၊ နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ပြည်နယ် ၁၅ ခုတို့တွင် ရင်းနှီးမြှုပ်နှံမှုပုံစံနှစ်မျိုးဖြစ်သော ဒေသတွင်းရင်းနှီးမြှုပ်နှံမှုနှင့် ဒေသပြင်ပမှ လာရောက် ရင်းနှီးမြှုပ်နှံမှုဟူ၍ရှိကြောင်း၊ ဒေသတွင်း ရင်းနှီးမြှုပ်နှံမှုများကို ဒေသတွင်းရင်းနှီးမြှုပ်နှံမှုကော်မတီ (Regional Investment Committee– RIC) က စိစစ်ခွင့်ပြုပေးလျက်ရှိကြောင်း၊ ဒေသတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ဦးစားပေးလုပ်ဆောင်ရန်နှင့် မြန်မြန်ဆန်ဆန်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လိုအပ်ကြောင်း။


အသေးစား၊ အလယ်စားနှင့် အလတ်စားစက်မှုလုပ်ငန်းများ (MSMEs) များကို အားပေးမြှင့်တင်ခြင်းသည် ပဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများတိုးတက်လာပြီး ဒေသတွင်း ရင်းနှီးမြှုပ်နှံမှုတိုးတက်ရေးကို အထောက်အကူပြုကြောင်း၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးနှင့်စပ်လျဉ်း၍ ဒေသတွင်းအဖွဲ့အစည်းများဖြစ်သော ASEAN၊ GMS၊ ACMECS အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး နှစ်နိုင်ငံသဘောတူစာချုပ်များ လက်မှတ်ရေးထိုး၍ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကို ဆောင်ရွက်လျက်ရှိကြောင်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် အာဆီယံဒေသတွင်းနိုင်ငံများသာမက ကမ္ဘာ့နိုင်ငံများတွင် စျေးကွက်ရှာဖွေကြရန်နှင့် အလားအလာရှိသော ရင်းနှီးမြှုပ်နှံသူနှင့် မိတ်ဖက်များကို ရှာဖွေကြရန် လိုအပ်ကြောင်း၊ နိုင်ငံတကာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုများကို စနစ်တကျပြန်လည်သုံးသပ်ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက ရင်းနှီးမြှုပ်နှံမှုများ တိုးတက်ရေးကို ဆောင်ရွက်နေသည့်အချိန်တွင် ကိန်းဂဏန်းအချက်အလက်များ မှန်ကန်တိကျရန် အရေးကြီးကြောင်း၊ နှစ်နိုင်ငံနှင့် နိုင်ငံစုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုတိုးတက်ရေးအလေးထားဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ အခက်အခဲများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကိုလည်းကောင်း၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အာဆီယံအပါအဝင် ဒေသတွင်းအဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်မှု၊ နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် နိုင်ငံစုံပူးပေါင်းဆောင်ရွက်မှုများ၊ ရုရှားနှင့် မြန်မာနိုင်ငံတို့အကြား ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုသဘောတူစာချုပ်အတွက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအခြေအနေကိုလည်းကောင်း၊ ဒုတိယအမြဲတမ်းအတွင်းဝန်က ဝန်ကြီးဌာန၏ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်ဆောင်ရွက်ပြီးစီးမှုအခြေအနေကိုလည်းကောင်း တင်ပြဆွေးနွေးသည်။

ဆက်လက်၍ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီး/ပြည်နယ် ညွှန်ကြားရေးမှူးများက တိုင်းဒေသကြီး/ပြည်နယ်များ၏ ကဏ္ဍအလိုက် ဆောင်ရွက်လျက်ရှိသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုမျှော်မှန်းချက်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအခြေအနေကို ဆွေးနွေးတင်ပြကြသည်။

အဆိုပါ အစည်းအဝေးကို မတ်လ ၂၅ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



နံနက်စောစောနေရောင်ခြည်သည် အရိုးအဆစ်များကိုသန်မာစေနိုင်သည်။

စဉ်ဆက်ပညာရေးလုပ်ငန်းဂုဏ်ပြုပွဲကျင်းပ



နေပြည်တော် မတ် ၂၄

ပညာရေးဝန်ကြီးဌာနနှင့် နေပြည်တော်ကောင်စီတို့ ပူးပေါင်းကျင်းပသည့် ၂၀၂၅ ခုနှစ် ပြည်ထောင်စုနယ်မြေ နေပြည်တော် မြို့နယ်ရှစ်မြို့နယ်မှ လယ်ဝေးခရိုင်နှင့် ပျဉ်းမနားခရိုင် စဉ်ဆက်ပညာရေးလုပ်ငန်း ဂုဏ်ပြုပွဲကို ယနေ့နံနက်ပိုင်းတွင် လယ်ဝေးမြို့နယ် သီရိမင်္ဂလာခန်းမ၌ ကျင်းပသည်။

ဦးစွာ စဉ်ဆက်ပညာရေးလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ရေး ဦးစီးကော်မတီအတွင်းရေးမှူး ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က အကြောင်းအမျိုးမျိုးကြောင့် ကျောင်းသင်ပညာရေးနည်းလမ်းဖြင့် မသင်ကြားခဲ့ရသူများအတွက် ကျောင်းပြင်ပပညာရေး (Non-Formal Education) နည်းလမ်းများဖြင့် သင်ကြားပေးနိုင်ရေးကို ပညာရေးဝန်ကြီးဌာနအနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း စာဖတ်ရှိန်မြှင့်တင်ပေးခြင်းအစီအစဉ်၊ ဝင်ငွေတိုးပွားရေးအစီအစဉ်နှင့် ဘဝသာယာရေးအတွက် အသိပညာပေးခြင်း စသည့်အစီအစဉ်(၃) ရပ်ပါဝင်သော စဉ်ဆက်ပညာရေးလုပ်ငန်းကို ခရိုင်နှစ်ခုအတွင်းရှိ စာသင်သားပေါင်း ၂၅၉ ဦးကို စာသင်ဝိုင်းပေါင်း ၂၅ ဝိုင်းဖြင့် စုဖွဲ့၍ စေတနာလုပ်အားပေးနည်းပြနှင့် ကြီးကြပ် ၆၄ ဦးတို့က အဖိုးအခမယူဘဲ စေတနာဖြင့် သင်ကြားပေးနေခြင်းဖြစ်ကြောင်း၊ စဉ်ဆက်ပညာရေးလုပ်ငန်းအောင်မြင်အောင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးခဲ့ကြသူများကို အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဦးစီးကော်မတီက ပေးအပ်သည့် မှတ်တမ်းတင်ဂုဏ်ပြုလွှာကို စဉ်ဆက်ပညာရေးလုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက်ခဲ့သည့် ကိုယ်စားပြုနည်းပြနှင့် ကြီးကြပ်ကိုယ်စားလှယ်များထံ ပေးအပ်သည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးက ယခုဆောင်ရွက်ခဲ့သည့် စဉ်ဆက်ပညာရေးလုပ်ငန်းသည် အခြေခံစာတတ်မြောက်ရေးလုပ်ငန်း၏ နောက်ဆက်တွဲလုပ်ငန်းအစီအစဉ်တစ်ခုဖြစ်ကြောင်း၊ တတ်မြောက်ထားပြီး စာများမေ့မသွားစေရေး၊ အသက်မွေးရပ်တည်မှုနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုတွင် အထောက်အပံ့ဖြစ်စေရေးအတွက် စဉ်ဆက်ပညာရေးလုပ်ငန်းသည် အဓိကကျကြောင်း ပြောကြားပြီး မှတ်တမ်းတင်ဂုဏ်ပြုလွှာနှင့် အသိအမှတ်ပြုလက်မှတ်တို့ကိုပေးအပ်ရာ စဉ်ဆက်ပညာရေးလုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက်ခဲ့သည့် နေပြည်တော်ပညာရေးမှူးရုံးနှင့် စဉ်ဆက်ပညာရေးလုပ်ငန်းတွင်သင်ယူတက်ရောက်ခဲ့သည့်စာသင်သားကိုယ်စားလှယ်နှစ်ဦးတို့က လက်ခံရယူကြသည်။

အခမ်းအနားအပြီးတွင် ဒုတိယဝန်ကြီးနှင့် နေပြည်တော်ကောင်စီဝင်တို့သည် တက်ရောက်လာသူများနှင့် စာသင်သားပြည်သူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား





ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။



ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဆွေးနွေးတင်ပြစဉ်။

❖ နိုင်ငံတော်၏မူဝါဒအရ သုံးစွဲရမည့်အသုံးစရိတ်များ၊ ပြည်သူအတွက် အရေးတကြီး ဆောင်ရွက်ပေးရန်လိုအပ်သည့် အသုံးစရိတ်များ၊ နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေး၊ အလုပ်အကိုင် အခွင့်အလမ်းပေါများစေရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးတို့ကို အထောက်အကူ ပြုသည့်အသုံးစရိတ်များ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် အားပေးမြှင့်တင်နိုင်မည့်အသုံးစရိတ်များကို လိုအပ်ချက်နှင့်အညီ နိုင်ငံတော်က နှစ်စဉ်ခွင့်ပြုပေးလျက်ရှိ. . .

❖ ပြည်သူများကို တိုက်ရိုက်အကျိုးဖြစ်ထွန်းစေမည့်လုပ်ငန်းများကို သတ်မှတ်ထားသည့် အချိန်ကာလအတွင်း အပြည့်အဝအကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်မှသာ နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်. . .

❖ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် တစ်မျိုးသားလုံး၏ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)ကို ကျပ် ၁၇၁၄၉၉၈ ဘီလီယံရရှိရန်မျှော်မှန်းထားပြီး စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှုန်းကိုလည်း ၃ ရာခိုင်နှုန်းရရှိရန် မျှော်မှန်းထား. . .

❖ စီမံကိန်းများအောင်မြင်စေရေး စနစ်တကျဖြင့် တိုင်းပြည်နှင့်ပြည်သူအပေါ် စေတနာထား၍ ကြိုးပမ်းဆောင်ရွက်. . .

နေပြည်တော် မတ် ၂၄

ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အတွင်းရေးမှူး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနပြည်ထောဆု ဝန်ကြီး ဦးဝင်းရှိန်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီးများတက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

ဦးစွာဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့ကျင်းပသည့် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အစည်းအဝေးတွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် ရေးဆွဲထားသည့် ပြည်ထောင်စု၏အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းတို့ကို ဆွေးနွေးအတည်ပြုကြရန်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက် (၃)ရပ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ဝန်ကြီးဌာနအသီးသီးနှင့် နေပြည်တော်ကောင်စီ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးတို့က ကဏ္ဍအလိုက်၊ ဒေသအလိုက် ဦးစားပေးအသုံးစရိတ်များကို သတ်မှတ်သုံးစွဲကြရမည်ဖြစ်ကြောင်း။

ဌာန၊ အဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်၏ဘဏ္ဍာရန်ပုံငွေကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုက်ရိုက်အထောက်အကူပြုနိုင်သည့် အသုံးစရိတ်များဖြစ်သော အခြေခံအဆောက်အအုံဆိုင်ရာ လမ်းတံတား၊ လျှပ်စစ်ဓာတ်အားရရှိရေး၊ ပို့ဆောင်ဆက်သွယ်ရေး ကိစ္စရပ်များနှင့် ပို့ကုန်မြှင့်တင်ရေး၊ သွင်းကုန်အစားထိုးရေး၊ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးရေးအစရှိသည့် အသုံးစရိတ်များကို ဦးစားပေးသုံးစွဲရမည်ဖြစ်ကြောင်း။

နိုင်ငံတော်၏မူဝါဒအရ သုံးစွဲရမည့်အသုံးစရိတ်များ၊ ပြည်သူအတွက် အရေးတကြီး ဆောင်ရွက်ပေးရန်လိုအပ်သည့် အသုံးစရိတ်များ၊ နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းပေါများစေရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးတို့ကို အထောက်အကူပြုသည့် အသုံးစရိတ်များ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် အားပေးမြှင့်တင်နိုင်မည့် အသုံးစရိတ်များကို လိုအပ်ချက်နှင့်အညီ နိုင်ငံတော်ကနှစ်စဉ်ခွင့်ပြုပေးလျက်ရှိကြောင်း။

ဘဏ္ဍာရေးနှစ်အလိုက် လျာထားချက်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအနေဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ရငွေရရှိမှု ၇၁ ဒသမ ၇၈ ရာခိုင်နှုန်း၊ သုံးငွေသုံးစွဲမှု ၇၇ ဒသမ ၀၆ ရာခိုင်နှုန်း၊ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ (၆)လ ဘဏ္ဍာရေးနှစ်မှာ ရငွေရရှိမှု ၉၆ ဒသမ ၁၀ ရာခိုင်နှုန်း၊ သုံးငွေ သုံးစွဲမှု ၈၄ ဒသမ၂၅ ရာခိုင်နှုန်း၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်မှာ ရငွေရရှိမှု ၁၀၄ ဒသမ ၉၆ ရာခိုင်နှုန်း၊ သုံးငွေသုံးစွဲမှု ၉၀ ဒသမ ၇၈ ရာခိုင်နှုန်း၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်မှာ ရငွေရရှိမှု ၉၇ ဒသမ ၀၃ ရာခိုင်နှုန်း၊ သုံးငွေသုံးစွဲမှု ၈၉ ဒသမ ၃၂ ရာခိုင်နှုန်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ရငွေရရှိမှု ၇၁ ဒသမ ၇၈ ရာခိုင်နှုန်း၊ သုံးငွေသုံးစွဲမှု ၇၇ ဒသမ ၀၆ ရာခိုင်နှုန်း၊ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ (၆)လ ဘဏ္ဍာရေးနှစ်မှာ ရငွေရရှိမှု ၉၆ ဒသမ ၁၀ ရာခိုင်နှုန်း၊ သုံးငွေ သုံးစွဲမှု ၈၄ ဒသမ၂၅ ရာခိုင်နှုန်း၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်မှာ ရငွေရရှိမှု ၁၀၄ ဒသမ ၉၆ ရာခိုင်နှုန်း၊ သုံးငွေသုံးစွဲမှု ၉၀ ဒသမ ၇၈ ရာခိုင်နှုန်း၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်မှာ ရငွေရရှိမှု ၉၇ ဒသမ ၀၃ ရာခိုင်နှုန်း၊ သုံးငွေသုံးစွဲမှု ၈၉ ဒသမ ၃၂ ရာခိုင်နှုန်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ရငွေရရှိမှု ၇၁ ဒသမ ၁၁ ရာခိုင်နှုန်း၊ သုံးငွေသုံးစွဲမှု ၇၉ ဒသမ ၅၅ ရာခိုင်နှုန်းဖြစ်သည်ကို တွေ့ရကြောင်း။

ဌာန၊ အဖွဲ့အစည်းများအနေဖြင့် ဘဏ္ဍာရေးနှစ်အတွင်း ရငွေလျာထားချက်ကိုပြည့်မီကျော်လွန်အောင် ကြိုးစားဆောင်ရွက်သွားကြရန်လိုကြောင်း၊ အသုံးစရိတ်ခွဲဝေလျာထားပေးသည့် ရန်ပုံငွေများကိုလည်း သတ်မှတ်ကာလအတွင်း နိုင်ငံတော်အတွက် အကျိုးအရှိဆုံးနှင့် အထိရောက်ဆုံးဖြစ်စေရေးစိစစ်ပြီးစီမံခန့်ခွဲသုံးစွဲရေးသည် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၏ တာဝန်ပင်ဖြစ်ကြောင်း၊ ပြည်သူများကို တိုက်ရိုက်အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းများကိုသတ်မှတ်ထားသည့်



ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အစည်းအဝေးသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်စဉ်။

အချိန်ကာလအတွင်း အပြည့်အဝအကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်မှသာ နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတော်၏ မက်ခရိုစီးပွားရေးအခြေအနေတည်ငြိမ်မှုနှင့် ရေရှည်စီးပွားရေးတိုးတက်မှုရရှိစေရေး လိုငွေနှင့်ကျိဒီပီအချိုးကို သင့်တင့်သည့်ပမာဏအတွင်း ထိန်းသိမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ကျိဒီပီ)ကို ကျပ် ၁၇၁၄၉၈ ဘီလီယံရရှိရန်မျှော်မှန်းထားပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းကိုလည်း ၃ ရာခိုင်နှုန်းရရှိရန် မျှော်မှန်းထားကြောင်း။

ဌာန၊ အဖွဲ့အစည်းများအနေဖြင့် ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုကို တည်ဆဲဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏အရအသုံး ခန့်မှန်းခြေငွေစာရင်းနှင့် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ အချိန်မီပေးပို့တင်ပြနိုင်ရေးအတွက် ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင်အဖွဲ့ဝင်များက ဝိုင်းဝန်းဆွေးနွေး အတည်ပြုပေးကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က မိမိအနေဖြင့် ဘတ်ဂျက်လိုငွေများ ထိန်းသိမ်းဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ရငွေပိုင်းတွင် ပြည်ထောင်စုအဆင့် ဌာန၊ အဖွဲ့အစည်းများ၏ အမှန်ရရှိနိုင်မည့် ရငွေပမာဏနှင့် အနီးစပ်ဆုံးတွက်ချက်လျာထားရေး၊ အသုံးစရိတ်ပိုင်းတွင် နိုင်ငံတော်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လေလွင့်မှုမရှိဘဲ အကျိုးရှိထိရောက်စွာ သုံးစွဲနိုင်မည့်အသုံးစရိတ်များ၊ နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေးတို့ကို အထောက်အကူပြုသည့်အသုံးစရိတ်များဖြစ်စေရေးအတွက် ပြည်ထောင်စုအဆင့် ဌာန၊ အဖွဲ့အစည်းများ၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အရအသုံးခန့်မှန်းခြေငွေစာရင်းများအပေါ် ထပ်ဆင့်စိစစ်ခဲ့ကြောင်း၊ ထို့အတူ တိုင်းဒေသကြီး/ပြည်နယ်များ၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အရအသုံးခန့်မှန်းခြေငွေစာရင်းများကိုလည်း သက်ဆိုင်ရာဌာနအဖွဲ့အစည်းများဖြင့် အဆင့်ဆင့်စိစစ်ထားခဲ့သည်ကို တွေ့ရှိရကြောင်း။

ရငွေအပိုင်းလျာထားရာတွင်ရသင့်ရထိုက်သော ရငွေများအပြည့်အဝရရှိရေး၊ အခွန်အခများနှင့်ပတ်သက်၍ ခေတ်ကာလနှင့်ဆီလျော်သောနှုန်းထားဖြစ်စေရေး၊ လျာထားငွေများအတိုင်း အပြည့်အဝကောက်ခံရရှိရေး၊ နှစ်ဟောင်းကြွေးကျန်များ ပြန်လည်ရရှိရေး၊ အမှန်တကယ်ရရှိနိုင်မည့် ပြည်ပချေးငွေ၊ ပြည်ပအကူအညီ ရငွေများဖြစ်စေရေးအတွက် စိစစ်လျာထားမှုပြုလုပ်ခဲ့ကြောင်း။

ကြိုတင်မမျှော်မှန်းနိုင်သည့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး၊ နေရပ်စွန့်ခွာပြည်သူများ၏ စားဝတ်နေရေးနှင့် အုပ်ချုပ်မှုဆိုင်ရာ ကိစ္စများအတွက် အရေးပေါ်ရန်ပုံငွေကို ပြည်ထောင်စုတွင် ငွေကျပ်ဘီလီယံ ၂၀၀၊ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ငွေကျပ် ၁ ဘီလီယံစီဖြင့်ငွေကျပ်၁၅ ဘီလီယံ၊ စုစုပေါင်းငွေကျပ် ၂၁၅ ဘီလီယံ ခွဲ့ပြုထားကြောင်း။

တိုင်းဒေသကြီး/ပြည်နယ်များသို့ထောက်ပံ့ငွေအပါအဝင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၎င်းကိုအခြေပြု၍ ရေးဆွဲထားသည့် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းတို့ကို ဘဏ္ဍာရေးဆိုင်ရာကော်မရှင်က သုံးသပ်ပြီး အတည်ပြုထောက်ခံပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက်ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီးဦးဝင်းရှိန်က ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက ဥပဒေကြမ်းများနှင့်ပတ်သက်သည့် ဥပဒေဆိုင်ရာအကြံပြုချက်များကိုလည်းကောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ဒေါက်တာခင်နိုင်ဦးက ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေ ငွေစာရင်းများနှင့်စပ်လျဉ်း၍ စစ်ဆေးတွေ့ရှိချက်များနှင့်အကြံပြုချက်များကိုလည်းကောင်းအကြံပြုဆွေးနွေးတင်ပြသည်။

ၦးနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက အသီးသီးတင်ပြကြသည်။

တင်ပြမှုများနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဘဏ္ဍာငွေများကို ပြည်ထဲရေး၊ ကာကွယ်ရေး၊ ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများတွင် အသုံးစရိတ်များတိုးမြှင့်ပေးလျက်ရှိကြောင်း၊ ထိုကဲ့သို့တိုးမြှင့်ပေးခြင်းမှာ နိုင်ငံတော်တည်ဆောက်ရေးအတွက် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ငွေကြေးလည်ပတ်မှုများကောင်းမွန်လာပါက နိုင်ငံစီးပွားရေးကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ဘတ်ဂျက်များလျာထားရာတွင် အမှန်တကယ်အသုံးပြုနိုင်မည့်ပမာဏများကို လျာထားဆောင်ရွက်ကြရန်လိုကြောင်း။

ဘဏ္ဍာငွေများကို နိုင်ငံတော်နှင့် ပြည်သူအတွက် အကျိုးရှိမည့်နေရာများတွင် အသုံးချနိုင်ရန်လိုကြောင်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် ဘတ်ဂျက်ရငွေများကို အမှန်တကယ်ရရှိအောင်နှင့် သုံးငွေများကို အမှန်တကယ်အကျိုးရှိသည့် နေရာများတွင်သာ အသုံးပြုရန်လိုကြောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်ရာတွင် ကာကွယ်ရေးတပ်ဖွဲ့များ၏ စွမ်းရည်နှင့် စွမ်းအား မြှင့်တင်နိုင်ရေးအတွက်လည်း ဘတ်ဂျက်ငွေများသုံးစွဲရခြင်းများရှိကြောင်း၊ နိုင်ငံတကာတွင်လည်း အလားတူပင်ဖြစ်ကြောင်း။

လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့်စီမံကိန်းများသည် အချိန်တိုအတွင်းဆောင်ရွက်၍ မရတဲ့ အချိန်ယူတည်ဆောက်ရသည့်လုပ်ငန်းများဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံအတွက်လိုအပ်သည့် လျှပ်စစ်ဓာတ်အားများထုတ်လုပ်နိုင်ရေး စီမံကိန်းများရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့်ရပ်တန့်ထားရသည့် တည်ဆောက်ဆဲစီမံကိန်းများပြန်လည်ဆောင်ရွက်နိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုစီမံကိန်းများကို ဆောင်ရွက်ကြစေလိုကြောင်း၊ အလားတူ ပုဂ္ဂလိကတိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့်လည်း မိမိတို့တတ်နိုင်သည့်ဘက်မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြစေလိုကြောင်း၊ ထိုသို့ဝိုင်းဝန်းဆောင်ရွက်သွားမည်ဆိုပါက နိုင်ငံတော်၏လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း။

ဘဏ္ဍာငွေသုံးစွဲရေးနှင့်ပတ်သက်၍ စနစ်တကျဖြင့်သုံးစွဲကြရန်လိုပြီး စီမံကိန်းများအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် စနစ်တကျဖြင့်ဆောင်ရွက်စေရေး ကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း၊ မည်သည့်လုပ်ငန်းကိုဆောင်ရွက်သည်ဖြစ်စေ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျဖြစ်စေရေး ဝန်ကြီးဌာနများအနေဖြင့် ကြပ်မတ်စစ်ဆေးဆောင်ရွက်ကြစေလိုကြောင်း၊ မိမိတို့အနေဖြင့် စီမံကိန်းများအောင်မြင်စေရေး စနစ်တကျဖြင့် တိုင်းပြည်နှင့်ပြည်သူအပေါ် စေတနာထား၍ ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း ဖြင့် မှာကြားသည်။

ထို့နောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ယနေ့ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အစည်းအဝေးတွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့ကို စိစစ်အတည်ပြုခဲ့ပြီးဖြစ်ကြောင်း။

၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် နိုင်ငံတော် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍတွင် အသိပညာ၊ အတတ်ပညာများ သင်ကြားနေသည့် ကျောင်းသား၊ ကျောင်းသူများကို ပညာသင်ထောက်ပံ့စရိတ်များ ထောက်ပံ့ခြင်း၊ ဆရာ၊ ဆရာမများအတွက် အကျိုးခံစားခွင့်အတွက် ရရှိထားသည့်ဘွဲ့များအလိုက် ချီးမြှင့်ငွေများ ထောက်ပံ့ခြင်းတို့ကို ခွင့်ပြုပေးထားကြောင်း။

စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍ တိုးတက်မြင့်မားစေရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်များ တိုးချဲ့ဖွင့်လှစ်နိုင်ရေး လိုအပ်သည့်အသုံးစရိတ်များ၊ တက္ကသိုလ်အလိုက်ကျောင်းသား၊ကျောင်းသူများအတွက် အပန်းဖြေဌာန (Recreation Center)တည်ဆောက်ခြင်းအသုံးစရိတ်များ၊ အလျင်အမြန်အကျိုးရလဒ် (Quick Win)ရရှိနိုင်မည့် ဆိုလာစနစ် ရောတင်စီမံကိန်း/လုပ်ငန်း အသုံးစရိတ်များ၊ လူမှုစီးပွားမြှင့်တင်ရေးအသုံးစရိတ်များလည်း ပါဝင်ကြောင်း။

လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရေးနှင့် အခြေခံအဆောက်အအုံများဖွံ့ဖြိုးတိုးတက်စေရေးအတွက် လမ်း၊ တံတားများတည်ဆောက်ခြင်းလုပ်ငန်း အသုံးစရိတ်များ၊ လျှပ်စစ်မီးရရှိရေးအတွက် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများအတွက် အသုံးစရိတ်များပါဝင်သည်ကိုလည်း တွေ့ရှိရကြောင်း။

ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ခွဲဝေချထားပေးသည့် အသုံးစရိတ်များကို နိုင်ငံတော်နှင့်ပြည်သူများ၏ လိုအပ်ချက်နှင့်အညီ အကျိုးရှိသည့်အသုံးစရိတ်များဖြစ်စေရေး၊ လျာထားသည့်အသုံးစရိတ်များကိုလည်း အမှန်တကယ်အကောင်အထည်ဖော်ပြီး စံချိန်စံညွှန်းအပြည့်အဝနှင့် အချိန်မီပြီးပြတ်အောင် သုံးစွဲနိုင်ရေးနှင့်စာရင်းစစ်ဆေးမှုခံယူနိုင်ရေးတို့ကို တာဝန်ရှိသူအဆင့်ဆင့်က ကြီးကြပ်ကွပ်ကဲဆောင်ရွက်သွားကြရန် ပြောကြားလိုကြောင်း။

ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် လျာထားသည့်အတိုင်း ရငွေများအပြည့်အဝရရှိအောင် စီမံခန့်ခွဲကြီးကြပ်ဆောင်ရွက်သွားရန်လည်း အရေးကြီးသည်ကို မှာကြားလိုကြောင်း၊ ထို့ကြောင့် အခွန်အကောက်ရငွေများကိုလည်း တည်ဆဲအခွန်အကောက်ဆိုင်ရာဥပဒေများနှင့်အညီ အပြည့်အဝကောက်ခံရရှိနိုင်ရန် အထူးကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(၁၀၀)

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

Chairman of National Planning Commission Chairman of State Administration Council Prime Minister Senior General Min Aung Hlaing addresses NPC meeting





Chairman of State Administration Council Prime Minister Senior General Min Aung Hlaing delivers an address at the meeting of National Planning Commission.

NAY PYI TAW March 24

The National Planning Commission (NPC) held a meeting at the meeting hall of the State Administration Council Chairman's Office here this morning with an address by Chairman of NPC Chairman of State Administration Council Prime Minister Senior General Min Aung Hlaing.

Also present were Vice Chairman of NPC Vice Chairman of SAC Deputy Prime Minister Vice-Senior General Soe Win, union minister members of NPC, union level dignitaries, the Nay Pyi Taw Council chair and deputy ministers. Region/state chief ministers and chairmen of leading bodies of self-administered zone/division took part in the meeting in the form of video-conferencing.

In his address, the Senior General said union ministers, the union auditor-general, the Nay Pyi Taw Council chair, region/state chief ministers would have to pass the National Planning Law for financial year 2025-2026 at this NPC meeting 1/2025.

Obviously, SAC has been exerting all-out efforts to realize the two national goals – national prosperity and food sufficiency – for national progress since its assumption of the duties.

The task of realizing the main business of the national economy calls for a robust institutional framework. In this regard, Agricultural Development Commission, Industrial Development Commission and Electricity and Energy Development Commission were set up to increase production of the country's main sectors with accelerated momentum and the said sectors must enhance their own development pace.

The State is providing extra impetus for a strong economic growth, but the country is facing a loss of economic and social infrastructures including roads, bridges, towers, power stations, schools, hospitals due to destructive acts. As the saying goes, "increase of deer population is denied by the presence of a tiger", the said acts are obstructing national development. As development undertakings cannot be carried out in the areas where stability is absent, they lack behind in development.

The State is providing all the required support for setting up a favourable economic environment. Additionally, it is encouraging human resources development and ensuring a better socioeconomic environment, the main drive for promoting the production power of a country. It is also extending the higher institutions of polytechnic learning in many parts of the country, in addition to Nay Pyi Taw, and ensuring accessible quality education for all.

It is upgrading healthcare services and in the social sector, it is engaging in the life-quality improvement of outstanding athletes to bring honour to the nation through sports.

The government has implemented its first-phase of the program covering the work of building indoor stadiums, and stands and a 400-metre track, and swimming pools in nearly all the regions and states. It is now in the process of implementing the second-phase of the program in district towns. In the third-phase, it will build the facilities in townships.

As for environmental conservation, it is extending the monsoon tree planting activities and forest plantations. It is arranging the application of modern technology in search and rescue operations to alleviate the damage caused by climate change. Its tree plantation goal is "thriving of every planted tree", and a target is set to increase forest cover of the country from 42 percent at present to 50 percent.

The fundamental transportation infrastructure, encompassing roads, production routes, inter-village roads, and all-season road networks in rural areas, has been developed to facilitate the movement of goods and passengers across various regions, including remote areas.

In the upcoming fiscal year 2025-2026, priority will be given to essential inputs, including seeds, fertilizers, machinery, and solar water pumping projects, to enhance agricultural and farming activities. These efforts will support the continuation of ongoing dam and electricity generation projects and contribute to the achievement of national development goals. Expenditures for vocational training and job creation will also be allowed.

To improve the standard of living for people with limited financial resources, the construction of public rental housing projects has been approved. Additionally, the development of staff housing, essential for providing comfortable living conditions for employees in sectors such as security, education, health, and others, has also been permitted. Funds have been allocated to support and assist in the rehabilitation of people displaced by the violence.

A systematic study and analysis must be conducted on projects proposed by the Union Ministries, as well as those planned by regional and state governments, to ensure they are practical initiatives that will effectively benefit the people and are completed within the established timelines.

To achieve the nation's aspirations and goals, relevant departments, organizations, regions, and states must follow the established agendas, directions, and policy objectives as guidelines, working together in a balanced and coordinated manner.

The State will continue to

See Page - 19 ■■

■■ From Page - 18

collaborate with the public to implement people-centered projects aimed at ensuring peace and prosperity for the Union, as well as prosperity for the nation's citizens. Therefore, I urge all involved to work towards the successful execution of the targeted projects.

In his speech, the Vice-Senior General stated that the National Plan for the fiscal year 2025-2026, which is set to be approved at today's National Planning Commission meeting, has been drawn up with the goal of enhancing the socio-economic well-being of the people and achieving people-centered, inclusive long-term development for the country's prosperity and food security. It was also noted that the plan is designed to be implemented in alignment with the country's future plans and objectives, which include the development of agriculture and farming, micro, small, and medium-sized enterprises, increased exports, domestic edible oil self-sufficiency, and advancements in the education, health, transportation, electricity, and energy sectors. In addition, approval has been granted to undertake regional reconstruction and development efforts.

By the end of this fiscal year, growth is anticipated in all sectors except for the energy, metals, minerals, and electricity sectors. According to the provisional year-end estimate, the economic growth rate is expected to reach 2.9 percent compared to the same period last year.

Based on this year's implementation status, as well as the production and budget projections from relevant Union Ministries and regions/states, the GDP growth rate for the fiscal year 2025-2026 is estimated to reach 3 percent, valued at Ks-171,498.1 billion at the prices of the year. Based on the 2024 Population and Housing Census and the preliminary population estimates, with a population of 51.3 million, the per capita production and service value is projected to exceed 3.3 million.

He urged the meeting to ensure that project expenditures linked to production and service activities are spent systematically, working together to achieve greater economic growth than currently, effectively utilizing the state's resources to achieve positive results, and meeting the main and basic needs of the people.

Following this, U Win Shein, Vice Chairman of the National Planning Commission, Deputy Prime Minister, and Union Minister for Planning and Finance, reviewed and discussed the implementation status of the National Plan for the 2024-2025 fiscal year and provided an overview of the draft National Plan for the 2025-2026 fiscal year.

Then, Secretary of the National Planning Commission Deputy Minister for Planning and Finance Daw Than Than Lin reported to the Senior General on the draft of the 2025-2026 Fiscal Year National Planning Law (Draft).

Afterward, union ministers reported to the Senior General on planning targets and implementation for each fiscal year.

After hearing the reports the Senior General made additional remarks, saying plans are developed to implement what can actually be implemented and it is necessary to develop plans that will mainly serve the people. It is important to increase the GDP of the country by boosting domestic production and to enhance the manufacturing sector by using agricultural products. If the manufacturing sector makes progress, other industrial and services sectors will develop. Therefore, concerted efforts must be made for the development of the manufacturing sector.

It is necessary for all to strive for the success of national plans seriously. In developing plans, it is important to take urban and rural populations into consideration. It is vital to take food for people living in rural and urban areas into account. As sufficient meat and fish must be produced, the government has been encouraging the livestock breeding sector effectively. The agriculture sector is also being encouraged.

In connection with plans, relevant organizations must take measures for regional security. Investment will increase when security is ensured. As foreign investment has dropped, it is necessary to boost production. Therefore, regions and states are required to make efforts to boost production seriously.

As regards GDP, regions and states are required to strive to meet the targets in agriculture and livestock breeding and meat and fish sectors while it is necessary for ministries to supervise the tasks and to implement plans practically and successfully.

In connection with security and the rule of law, regions and states are required to take security measures properly to hold a multi-party general election in December. If security can be ensured, domestic and foreign investments will increase and it is necessary for all to make concerted efforts for the success of national plans.

Then, the Senior General made concluding remarks, saying efforts must be made to meet GDP targets so that the economy of a country will be strong. Therefore, it is necessary to take practical measures to meet intended targets in national and regional plans. Tasks being carried out by the government, which implements national interests by prioritizing national affairs, must be transparent and beneficial for the people. All the tasks must be able to meet their criteria.

Union ministries, Nay Pyi Taw Council and regional and state governments are required to coordinate the tasks that must be carried out before the 2025-2026 Fiscal Year National Planning Law and regional planning laws are enacted.

It is necessary to bravely take appropriate measures to boost the political, economic and defence strengths of the country. In implementing plans, lessons must be learnt and pragmatic measures must be taken innovatively.

It is necessary to supervise the National Economic Promotion Fund to ensure that it is spent effectively in respective states and regions without wastage. As sound foundations for development of MSMEs have been laid, continued efforts must be made for long-term operation of them and to link them with the global manufacturing network through regional manufacturing networks.

Domestic manufacturing industries are required to enhance their import-substitutes production capabilities to reduce foreign exchange spending. In conclusion, the Senior General urged regions and states including Nay Pyi Taw to take stricter measures to prevent illegal exploitation and trading of natural resources. After the remarks, the meeting concluded. **100**

●● From Page - 21

explained the Union's estimated revenue and expenditure budget for the 2025-2026 fiscal year and the draft Union Budget Law.

Subsequently, Union Minister for Legal Affairs Union Attorney-General Dr. Thida Oo provided legal recommendations on the draft laws, while Union Auditor-General Dr. Khin Naing Oo presented audit findings and recommendations regarding the estimated expenditure budgets.

The Chairman of the Nay Pyi Taw Council and the Chief Ministers of the regions and states then each gave their respective presentations.

In response to the presentations, the Chairman of the Financial Commission Chairman of the State Administration Council Prime Minister emphasized that budget allocations have been increased for domestic affairs, defence, health, and education sectors to support national development. He noted that improved monetary circulation would boost the economy and urged ministries and regional/state governments to base budget projections on realistic and utilizable amounts.

He further stressed that funds should be used for the benefit of the nation and its people, ensuring revenue targets are met and expenditures are directed toward truly impactful areas. He highlighted that budget allocations for strengthening the defence forces' capabilities are necessary for national stability, a practice common in other countries as well.

Electricity generation projects take time to build and cannot be completed quickly. To address this, we are actively developing and implementing projects to meet the country's electricity demands. Efforts are also underway to resume halted projects. We aim to promote solar power generation at the regional and state levels and encourage private ethnic entrepreneurs to contribute as much as possible. Collaborative efforts in this direction will significantly support the nation's electricity needs.

We need to use the budget systematically and monitor the implementation of projects systematically. We want ministries to monitor and inspect any work that is carried out in accordance with the rules and regulations. We need to work systematically and with dedication to the country and the people to make the projects successful.

Then, the Chairman of the Finance Commission, Chairman of the State Administration Council, the Prime Minister, delivered the concluding speech, announcing that the Union Budget and Union Budget Bill for the 2025-2026 FY were scrutinized and approved at today's meeting.

The 2025-2026 FY budget has approved the provision of educational support to students studying knowledge and skills in the education sector for the comprehensive development of the state, and the provision of awards based on the degrees obtained for teachers.

The budget includes the necessary expenses for expanding and opening agricultural and livestock universities to improve the agricultural and livestock sector, the expenses for building recreation centers for students at each university, the expenses for solar water pumping system projects and businesses that will result in quick-impact projects, and the expenses for socio-economic promotion.

It was also found that the expenditure includes the construction of roads and bridges to improve transportation and infrastructure development, and the expenditure for electricity generation to provide electricity.

The Union Ministries and Region or State Governments should ensure that the allocated expenditure is beneficial to the needs of the state and the people, and that the allocated expenditure is actually implemented and fully and on time, and that the accounts are audited.

It is also important for the Union Ministries and Region and State Governments to manage and supervise the full amount of revenue as allocated, and therefore, they should make special efforts to collect tax revenues in accordance with the existing tax laws, and the meeting was adjourned. **100**

Military columns participating in 80th Armed Forces Day Parade conduct full-dressed rehearsal

NAY PYI TAW March 24

Military columns, which will take part in the parade for the 80th Anniversary of Armed Forces Day, which falls on 27 March 2025, conducted a full-dressed rehearsal at the Nay Pyi Taw Parade Ground this morning.

During the rehearsal, officers, other ranks, female personnel from seven military columns marched rhythmically to the parade ground from Thittat ground under the parade programme, singing marching songs energetically to the accompaniment of the Tatmadaw (Army, Navy, Air) Military Band and the Myanmar Police Force Band.

Vice-Chairman of the State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win together with Union Minister for Defence General Maung Maung Aye, Union Minister for Home Affairs Lt-Gen Tun Tun Naung, Chief of the General Staff (Army, Navy and Air) General Kyaw Swa Lin, Commander-in-Chief (Navy) Admiral Htein Win, Commander-in-Chief (Air) General Tun Aung, Chairman of Armed Forces Day Organizing Committee Chief of Armed Forces Training Lt Gen Htein Win, senior military officers from the Office of the Commander-in-Chief, Chairman of Armed Forces Day Organizing Management Committee Commander of Nay Pyi Taw Command Maj-Gen Soe Min and officials, inspected parade columns.

First, the Vice-Senior General and party observed the positions of parade columns in the parade ground, arrangement of chairs for guests to the parade, the installation of SIS (Simultaneous Interpretation Systems) for foreign guests and the arrival of the VIP convoy together with a cavalry company.

Then, the Vice-Senior General and party inspected coordinated group flights of aircraft and helicopters from the Tatmadaw (Air), dress codes for standard-bearers and columns, preparations for parade flags, parade small arms and military equipment and activities of parade companies in details and fulfilled the needs in coordination with officials.

Officers, other ranks, female military personnel, members of the female special operation task force from Tatmadaw (Army, Navy and Air), and the Myanmar Police Force together with aircraft and helicopters from Tatmadaw (Air) took part in the parade rehearsal. **100**



Vice-Senior General Soe Win inspects parade columns.

Winter crop cultivation in Kalay Township reaches 10,191 acres

KALAY March 24

According to records from the Kalay Township Department of Agriculture, a total of 10,191 acres of vegetables and other crops were cultivated during the winter season in Kalay Township, located in Sagaing Region.

In the 2024-2025 winter season, authorities initially planned to cultivate 9,121 acres of vegetables and other crops. However, since planting began in October 2024, farmers have successfully cultivated 10,191 acres, exceeding the original target.

"The planned cultivation area was 9,121 acres, but we managed to expand it to 10,191 acres," said U Naing Tun Win, head of the Kalay Township Department of Agriculture. "Crops grown include mustard, chilli, aromatic spices, potatoes, cabbage, eggplant, and cauliflower. We provide farmers with technical support to ensure that all crops are cultivated following the Good Agricultural Practices (GAP) system. Our goal is to minimize the use of chemical fertilizers and pesticides while promoting healthy and sustainable farming methods."

The Kalay Township Department of Agriculture continues to support local vegetable farmers by organizing training programmes on GAP farming techniques and ensuring that harvested crops meet health and safety standards. Efforts are also being made to encourage farmers to expand their vegetable cultivation.

Every year, farmers in Kalay Township grow a variety of vegetables according to the seasons. The success of these crops has contributed to their household income. Furthermore, the Department of Agriculture provides training on proper cultivation techniques, pest control, organic fertilizers, and the use of natural pesticides to promote safe and sustainable farming.

SK

Bogale Township sells 65,000 viss of dried Swimbladder to Yangon Market

BOGALE March 24

It has been reported that Bogale Township of Ayeyawady Region was able to sell up to 65,000 viss of dried Swimbladder to the Yangon market. According to Daw Khin Khin, the operator of the Bogale Township Dried Fish Commodity Centre.

"The dried Swimbladders are taken out from sea fish such as conger eel, Scarus ghobban and Crocker, which are carefully processed, and dried in a systematic manner. Dried Swimbladders are then shipped and sold, starting in the first week of October. Sales in the Yangon market have been increasing ever since, especially for the dried Swimbladders from Bogale Township and other regional products, which are mostly exported to the domestic market in Yangon. The process of shipping and selling has been smooth, and there have been no major difficulties,"said Daw Khin Khin, the operator of the Bogale Township dried fish commodity centre.

SK

Kyaukse Township cultivates over 30,000 acres of chickpeas

KYAUKSE March 24

Kyaukse Township, located in Kyaukse District of Mandalay Region, has cultivated 30,098 acres of chickpeas and 1,483 acres of pigeon peas during the 2024-2025 fiscal year.

The township primarily grows chickpeas and pigeon peas in the winter season. As of now, 30,098 acres of chickpeas have been planted, yielding an average of 18.50 percent per acre, which totals 21,349 bushels. Similarly, 1,483 acres of pigeon peas have been cultivated, with a yield of 17.50 percent per acre, amounting to a total of 2,953 bushels, according to the Township Department of Agriculture.

Officials from both the township and district agriculture departments are providing essential support, including high-quality seeds suited to the region, guidance on effective planting methods, and agricultural knowledge.

SMK

Financial Commission Chairman SAC Chairman Prime Minister Senior General Min Aung Hlaing addresses the meeting of Financial Commission

NAY PYI TAW March 24

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing who is also in the capacity of Chairman of the Financial Commission delivered a speech at the meeting of the Financial Commission at the SAC Chairman Office in Nay Pyi Taw this afternoon.



Senior General Min Aung Hlaing takes part in Financial Commission meeting.

Also present at the meeting were Vice Chairman of the Commission SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win, Secretary of the Commission Union Minister for Planning and Finance U Win Shein, Union ministers, the Auditor-General of the Union, the Chairman of Nay Pyi Taw Council and deputy ministers together with chief ministers of regions and states through a video conferencing.

At the meeting, the Senior General said that the meeting aims to discuss and approve the budget of the Union and the Union Budget Bill drafted for 2025-2026 financial year. Ministries, Nay Pyi Taw Council, regions and states have to spend the prioritized expenditure for relevant sectors and regions in order to implement three economic objectives of the State.

Departments and organizations prioritize spending of the State fund on infrastructural roads and bridges, supply of electricity, transport, export promotion, import substitute, and job creation which can directly contribute to development of the country.

The State yearly allows expenditures to be spent under the State policy, emergency measures for the people, State economic promotion, creation of employment opportunities, development of socioeconomic life, agriculture and livestock farms, and improvement of MSME businesses.

With regard to implementation against the targets in relevant financial years, the State managed 71.78 percent of incomes and 77.06 percent of spending in 2020-2021 FY, 96.10 percent of incomes and 84.25 percent of spending in the six-month period from October 2021 to March 2022, 104.96 percent of incomes and 90.78 percent of spending in 2022-2023 FY, 97.03 percent of incomes and 89.32 percent of spending in 2023-2024 FY, and 71.11 percent of incomes and 59.55 percent of spending till January of 2024-2025 FY.

Departments and organizations have to strive for exceeding the income target in the financial year. The allocated funds must be scrutinized and spent efficiently for the State during the set period. Only when they implement the projects directly benefiting the people during the set period will the State have socioeconomic development.

It is necessary to manage deficiency and GDP ratio in the appropriate amount to ensure stability of macroeconomy of the State long-term economic development. A plan has been set to achieve Ks-171,498 billion of GDP with three per cent of economic development rate in 2025-2026 FY.

Departments and organizations need to follow the public financial management under the existing laws. Hence, members of the Financial Commission have to discuss the Budget of the Union and the Union Budget Law for 2025-2026 FY to be submitted by the Union government to the State Administration Council in time.

Later, the Vice Chairman of the Financial Commission Deputy Prime Minister stated that in order to effectively manage budget deficits, revenue estimates for the Union-level departments and organizations should be based on realistically achievable amounts and closely calculated projections. On the expenditure side, funds should be allocated to national development projects efficiently, without wastage, and in a way that supports economic growth. Accordingly, the Union-level departments and organizations' estimated expenditure budgets for the 2025-2026 fiscal year have been further reviewed. Similarly, the estimated expenditure budgets of the regions and states for the 2025-2026 fiscal year have also been examined in coordination with the relevant departments and organizations.

Regarding revenue projections, efforts have been made to ensure full collection of due revenues, implement tax rates appropriate for the current period, fully recover arrears from previous years, and secure feasible foreign loans and aid.

For unforeseen natural disasters, an emergency fund has been allocated—Ks-200 billion at the Union level, and Ks-1 billion each for the Nay Pyi Taw Council, regions, and states, totaling Ks-15 billion, with an overall allocation of Ks-215 billion for disaster prevention, relief, rehabilitation, and the welfare and administrative needs of displaced persons.

The Financial Commission has reviewed the Union's estimated expenditure budget for the 2025-2026 fiscal year, including grants to regions and states, as well as the draft Union Budget Law based on it, and has endorsed its approval.

Following this, Secretary of the Financial Commission Union Minister U Win Shein

See Page - 19

Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

ရုရှားနှင့်အမေရိကန်အရာရှိများကြား တွေ့ဆုံဆွေးနွေးပွဲတစ်ရပ်ကို ဆော်ဒီအာရေဗျနိုင်ငံတွင် ထပ်မံကျင်းပ

မော်စကို၊ နိုင်ငံရေး

ယူကရိန်းပဋိပက္ခဖြေရှင်းရေးနှင့်စပ်လျဉ်း၍ ရုရှားနှင့်အမေရိကန်အရာရှိများကြား တွေ့ဆုံဆွေးနွေးပွဲတစ်ရပ်ကို ဆော်ဒီအာရေဗျနိုင်ငံ ရီယက်မြို့၌ မတ်လ ၂၄ ရက်တွင် ထပ်မံကျင်းပခဲ့ကြောင်း မီဒီယာများတွင်ဖော်ပြသည်။

နှစ်နိုင်ငံအရာရှိကြီးများ၏ တွေ့ဆုံဆွေးနွေးပွဲကို ရီယက်မြို့ရှိ ရစ်ဇ်ကာတန် ဟိုတယ်၌ မတ်လ ၂၄ ရက် နံနက်ပိုင်းတွင် ကျင်းပခဲ့ခြင်းဖြစ်ပြီး ဆော်ဒီလုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးတာဝန်ယူပေးခဲ့ကြောင်းသိရသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့တက်ရောက်လာသည့် ရုရှားကိုယ်စားလှယ်အဖွဲ့တွင် ရုရှားပြည်ထောင်စုကောင်စီမှ နိုင်ငံခြားရေးရာကော်မတီဥက္ကဋ္ဌ ဂရီဂေါရီ ကာရာဆင်၊ ပြည်ထောင်စုလုံခြုံရေးအဖွဲ့ညွှန်ကြားရေးမှူး၏အကြံပေး ဆာဂျီဘီဆီဒါတို့ဦးဆောင်ပြီး အမေရိကန်ကိုယ်စားလှယ်များတွင်မူ အိမ်ဖြူတော် အမျိုးသားလုံခြုံရေးကောင်စီ ဥက္ကဋ္ဌ အင်ဒရူး ပိခ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိတစ်ဦးဖြစ်သူ မိုက်ကယ်အန်တန်တို့ ပါဝင်ကြောင်းသိရသည်။



နှစ်နိုင်ငံကိုယ်စားလှယ်များသည် အဆိုပါတွေ့ဆုံဆွေးနွေးပွဲ၌ ယူကရိန်းဆိပ်ကမ်းများမှ ဂျုံများပြန်လည်တင်ပို့နိုင်ရေးအတွက် အန္တရာယ်ကင်းရှင်းသည့် ရေလမ်းကြောင်းပြန်လည်ဖွင့်လှစ်ပေးရေး၊ ယူကရိန်းနှင့် ရုရှားနိုင်ငံတို့အနေဖြင့် ၎င်းတို့၏လောင်စာဆီနှင့် ကုန်စည်များ တင်ပို့နိုင်ရေးအတွက် ပင်လယ်နက်အတွင်း ရေကြောင်းဆိုင်ရာအစပ်အခတ်ရပ်စဲရေးနှင့်ထိန်းချုပ်နယ်မြေသတ်မှတ်ရေးစသည့် ကိစ္စရပ်များကို အဓိကဆွေးနွေးခဲ့ကြောင်း သိရသည်။

ယခုကျင်းပခဲ့သည့် ရုရှား-အမေရိကန် တွေ့ဆုံဆွေးနွေးမှုသည် စစ်မှန်သည့် တိုးတက်မှုများ၊ အထူးသဖြင့် ပင်လယ်နက်အတွင်း ရုရှားနှင့် ယူကရိန်းနှစ်နိုင်ငံစလုံးမှ သဘော်များကြား အပစ်အခတ်ရပ်စဲရေးအပေါ် အကျိုးသက်ရောက်စေနိုင်သည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏အထူးသံတမန် စတိဗ်ဝစ်ကော့ဖ် ပြောကြားထားသည်။

အမေရိကန်နှင့် ရုရှားနိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများပါဝင်သည့် အဆင့်မြင့်အရာရှိကြီးများ၏ တွေ့ဆုံဆွေးနွေးပွဲတစ်ရပ်ကို ဆော်ဒီအာရေဗျနိုင်ငံ ရီယက်မြို့၌ ယခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်တွင်လည်း ကျင်းပခဲ့ကြောင်းသိရသည်။

Ref: Sputnik, RT

လျှို့ဝှက်အချက်အလက်များအား ယူကရိန်းနိုင်ငံသို့ပေးပို့ခဲ့သည့် အရာရှိတစ်ဦးကို ရုရှားပြည်ထောင်စုလုံခြုံရေးအဖွဲ့ဖမ်းဆီး

မော်စကို၊ သူလျှိုမှု

ရုရှားနိုင်ငံ၏နယ်နိမိတ်ဆိုင်ရာ လျှို့ဝှက်အချက်အလက်များအား ယူကရိန်းနိုင်ငံသို့ပေးပို့ခဲ့သည့် အရာရှိတစ်ဦးကို ဖမ်းဆီးနိုင်ခဲ့ကြောင်း ရုရှားပြည်ထောင်စုလုံခြုံရေးအဖွဲ့က မတ်လ ၂၄ ရက်တွင် ထုတ်ပြန်သည်။

ယူကရိန်းနိုင်ငံသို့ လျှို့ဝှက်အချက်အလက်များပေးပို့ခဲ့သူမှာ ရုရှားအစိုးရ၏ စစ်ဆင်ရေးများကို ကြီးကြပ်ကွပ်ကဲနေသည့်အဖျင်စီတစ်ခုမှ အရာရှိတစ်ဦးဖြစ်ပြီး ၎င်းသည် နိုင်ငံ၏နယ်စပ်ဒေသရှိ စက်မှုလုပ်ငန်းနှင့်စွမ်းအင်ကဏ္ဍလုံခြုံရေးအတွက် ချမှတ်ထားသည့်အစီအမံများအပြင် ရုရှားတပ်ဖွဲ့ဝင်များ၏ တပ်ဖြန့်ချမှုတို့ကို ယူကရိန်းနိုင်ငံသို့ ပေးပို့ခဲ့ခြင်းဖြစ်ကြောင်း ပြည်ထောင်စုလုံခြုံရေးအဖွဲ့က ထုတ်ပြန်သည့် ကြေညာချက်တွင်ဖော်ပြထားသည်။

အမည်ဖော်ပြထားခြင်းမရှိသည့်အဆိုပါ အရာရှိအား ရုရှားအစိုးရက နိုင်ငံတော်သစ္စာဖောက်မှုဖြင့် စွဲချက်တင်ထားပြီး ၎င်းအမျိုးသားအနေဖြင့် ပြစ်မှုထင်ရှားပါက ထောင်ဒဏ်တစ်သက်ချမှတ်ခံရဖွယ်ရှိကြောင်းသိရသည်။

ရုရှားနှင့် အမေရိကန်တို့ကြား ယူကရိန်းနိုင်ငံတွင် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်တစ်ရပ်ကို အပြီးသတ်ချမှတ်နိုင်ရေးအတွက် စေ့စပ်ဆွေးနွေးမှုများ လုပ်ဆောင်နေစဉ်ယူကရိန်းနိုင်ငံသို့ လျှို့ဝှက်သတင်းအချက်အလက်များ ပေးပို့ခဲ့သည့် သူလျှိုအမျိုးသားအား ပြည်ထောင်စုလုံခြုံရေးအဖွဲ့က ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref:RT

သတင်းတိုကလွှာ

အစ္စတန်ဘူမြို့ရှိ အီရတ်ကောင်စစ်ဝန်ရုံး တိုက်ခိုက်ခံရမှုတွင် ပါဝင်ခဲ့သူ ၁၂ ဦးကို တူကီယဲရဲတပ်ဖွဲ့ဖမ်းဆီး

တူကီယဲနိုင်ငံ အစ္စတန်ဘူမြို့တွင် ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက ဖြစ်ပွားသည့် အီရတ်ကောင်စစ်ဝန်ရုံး တိုက်ခိုက်ခံရမှုတွင် ပါဝင်ခဲ့သည့် လူ ၁၂ ဦးကို တူကီယဲရဲတပ်ဖွဲ့က ဖမ်းဆီးနိုင်ခဲ့ကြောင်း ဒေသတွင်းမီဒီယာတစ်ခုက မတ်လ ၂၄ ရက်တွင် ဖော်ပြသည်။

အစ္စတန်ဘူမြို့ရှိ အီရတ်ကောင်စစ်ဝန်ရုံးသည် မတ်လ ၂၁ ရက်က တိုက်ခိုက်ခံရခြင်းဖြစ်ပြီး ယင်းတိုက်ခိုက်မှုတွင် ပါဝင်ခဲ့သူများကို တူကီယဲရဲတပ်ဖွဲ့က ဖမ်းဆီးနိုင်ရန်အတွက် အစ္စတန်ဘူမြို့နှင့် အနောက်အစ်ဇ်မိုင်းယားပြည်နယ်အတွင်း စီးနင်းမှုများလုပ်ဆောင်ရာမှ တိုက်ခိုက်မှုတွင် ပါဝင်သူများကို ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

ထို့ပြင် ရဲတပ်ဖွဲ့သည် အဆိုပါဖမ်းဆီးမှုအတွင်း ပြောင်းရွှေ့သေနတ်တစ်လက်၊ ခိုးယူထားသည့် မော်တော်ဆိုင်ကယ်တစ်စီးကိုလည်း သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

Ref: Xinhua

တောင်ကိုရီးယားတွင် တောမီးလောင်ကျွမ်းမှုများ ဆက်လက်ပျံ့နှံ့လျက်ရှိ

တောင်ကိုရီးယားနိုင်ငံတွင် တောမီးလောင်ကျွမ်းမှုများ ဆက်လက်ပျံ့နှံ့လျက်ရှိသောကြောင့် မီးသတ်ရဟတ်ယာဉ်များ၊ ထောင်ပေါင်းများစွာသော မီးသတ်တပ်ဖွဲ့ဝင်များနှင့် လက်နက်ကိုင်တပ်ဖွဲ့မှ စစ်သည်များအား ဖြန့်ကြက်သွားမည်ဖြစ်ကြောင်း အာဏာပိုင်အဖွဲ့က မတ်လ ၂၄ ရက်တွင် ထုတ်ပြန်သည်။

နိုင်ငံအတွင်းဖြစ်ပွားနေသည့် တောမီးလောင်ကျွမ်းမှုများကြောင့် လက်ရှိအချိန်အထိ လူလေးဦးသေဆုံးခဲ့ပြီး လေပြင်းတိုက်ခတ်မှုနှင့် အပူချိန်မြင့်တက်မှုတို့ဖြစ်ပွားခြင်းကြောင့် တောမီးများကို ငြိမ်းသတ်ရာတွင် အခက်အခဲနှင့်ကြုံတွေ့ရလျက်ရှိကြောင်းသိရသည်။

တောမီးလောင်ကျွမ်းမှုများကြောင့် အူဆုန်မြို့အနီးတွင် သစ်တောဟက်တာပေါင်း ၇၀၀၀ နီးပါးပျက်စီးခဲ့ရပြီး ဒေသခံပြည်သူ ၆၀၀ ခန့်ကိုလည်း ဘေးကင်းရာသို့ အာဏာပိုင်အဖွဲ့က ရွှေ့ပြောင်းပေးခဲ့ရသည်။

တောမီးလောင်ကျွမ်းမှုများသည်မတ်လ ၂၄ ရက် မွန်းလွဲပိုင်းအထိ ဆက်လက်ဖြစ်ပွားနေခြင်းကြောင့် အာဏာပိုင်အဖွဲ့က မီးငြိမ်းရာတွင် အထောက်အကူပြုစေရန်အတွက် မီးသတ်ရဟတ်ယာဉ် ၅၇ စင်း၊ မီးသတ်တပ်ဖွဲ့ဝင် ၂၆၀၀ ကျော်နှင့် တပ်မတော်သားများကိုပါ ဖြန့်ကြက်သွားမည်ဖြစ်ကြောင်းသိရသည်။

Ref: ST

အမေရိကန်နှင့်တိုက်ရိုက်မဟုတ်သည့် စေ့စပ်ဆွေးနွေးမှုများ လုပ်ဆောင်ရန်အသင့်ရှိဟု အီရန်ပြော

ဒူဘိုင်း၊ နိုင်ငံရေး

အီရန်နိုင်ငံအနေဖြင့် အမေရိကန်နှင့် တိုက်ရိုက်မဟုတ်သည့် စေ့စပ်ဆွေးနွေးမှုများလုပ်ဆောင်ရန်အသင့်ရှိသည်ဟု အီရန်နိုင်ငံခြားရေးဝန်ကြီး အဘတ် အာရက်ချီက မတ်လ ၂၄ ရက်တွင် ပြောကြားလိုက်သည်။

အီရန်နိုင်ငံ၏မူဝါဒသည် နိုင်ငံအပေါ် ပိတ်ဆို့မှုများနှင့် ဖိအားပေးမှုများလုပ်ဆောင်နေစဉ်အတွင်း အမေရိကန်နှင့် တိုက်ရိုက်စေ့စပ်ဆွေးနွေးမည်မဟုတ်ကြောင်း၊ အမေရိကန်အစိုးရက အီရန်အပေါ်ထားရှိသည့် ချဉ်းကပ်လုပ်ဆောင်မှုမပြောင်းလဲသရွေ့ နိုင်ငံ၏မူဝါဒမှာ ပြောင်းလဲမည်မဟုတ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး အဘတ် အာရက်ချီက SNN ရုပ်သံဌာနနှင့် ပြုလုပ်သည့် တွေ့ဆုံမေးမြန်းခန်းတစ်ခု၌ ပြောကြားသည်။

ထို့ပြင် အီရန်အစိုးရ၏ အဓိကတာဝန်မှာ နိုင်ငံ၏အကျိုးစီးပွားနှင့် ပြည်သူများကို ကာကွယ်ပေးရန်အတွက်ဖြစ်ပြီး နိုင်ငံ၏အကျိုးစီးပွားကို ဖော်ဆောင်နိုင်မည့်အခွင့်အလမ်းများကိုလည်း အီရန်က လက်လွတ်ခံမည်မဟုတ်ကြောင်း အာရက်ချီက ဆက်လက်ပြောကြားခဲ့ကြောင်း သိရသည်။

အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်နှင့်စပ်လျဉ်း၍ အမေရိကန်ကတွေ့ဆုံဆွေးနွေးမည်ဟူသော သတင်းစကား



တစ်ရပ်ကို အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ယခုနှစ် မတ်လအစောပိုင်းတွင် ဆိုရှယ်မီဒီယာတစ်ခုပေါ်၌ ရေးသားဖော်ပြခဲ့ကြောင်း သတင်းဌာနတစ်ခု၏ထုတ်ပြန်ချက်အရသိရသည်။

Ref:RT

တိုင်းရင်းကြက်မွေးမြူရေးကိုခြိမ်းခြောက်နေသော ကြက်လည်လိမ်ရောဂါ

ဒေါက်တာခင်စန္ဒာလွင်(မွေး-ကု)


ကျေးလက်ဒေသကြက်မွေးမြူရေးသည် အရေးပါသောအသားကဏ္ဍထုတ်လုပ်မှုလုပ်ငန်းတစ်ရပ်ဖြစ်သည်။ တိုင်းရင်းကြက်ဆိုသည်မှာ မြန်မာနိုင်ငံတစ်ဝန်းဒေသအသီးသီး၏ ရာသီဥတု၊ ပတ်ဝန်းကျင်အခြေအနေများနှင့်ယဉ်ပါးပြီးဖြစ်သော မိဘဘိုးဘွားလက်ထက်အစဉ်အဆက် မွေးမြူလာခဲ့ကြသည့် ကျေးလက်ကြက်သို့မဟုတ်ဒေသကြက်မျိုးများဟုခေါ်သည်။ မြန်မာတစ်နိုင်ငံလုံး ကြက်မွေးမြူရေး၏



လည်ပြောင်ကြက်

၈၅ ရာခိုင်နှုန်းသည် တိုင်းရင်းကြက်မွေးမြူရေးဖြစ်သည်။ တိုင်းရင်းကြက်ကိုကျေးလက်ဒေသများတွင် ကုန်ကျစရိတ်သက်သာစွာ အလွယ်တကူမွေးမြူနိုင်သည်။ တိုင်းရင်းကြက်မွေးမြူခြင်းသည် မိသားစုဝင်ငွေတိုးတက်စေရေးအတွက် အထောက်အကူပြုပေးနိုင်သောလုပ်ငန်းတစ်ခုဖြစ်သည့်အပြင် နိုင်ငံသားများ ကြက်သား၊ ကြက်ဥစားသုံးမှု တိုးမြင့်လာစေရေးအတွက် အဓိကကျသောလုပ်ငန်းတစ်ခုဖြစ်သည်။ လက်ရှိမွေးမြူနေသောလွှတ်ကျောင်းစနစ်ကိုပင်အခြေခံ၍ ကျွေးမွေးထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ရောဂါကာကွယ်ခြင်းလုပ်ငန်းများ ပိုမိုစနစ်ကျအောင်ဆောင်ရွက်ခြင်းဖြင့် ကြက်သား၊ ကြက်ဥပိုမိုထွက်ရှိလာမည်ဖြစ်သည်။ ၂၀၂၃ ခုနှစ် တိရစ္ဆာန်ကောင်ရေစာရင်းအရ မြန်မာနိုင်ငံတွင် စုစုပေါင်းဒေသကြက်ကောင်ရေ ၄၁ သန်းကျော်မွေးမြူထားရှိသည်။ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)နှင့်(အနောက်ပိုင်း)တို့တွင် ဒေသကြက်ကောင်ရေ ၁၀ သန်းကျော်မွေးမြူထားရှိပြီး တစ်နိုင်ငံလုံးရှိ ဒေသကြက်ကောင်ရေ၏ ၂၇ ရာခိုင်နှုန်းရှိသည်။ ဧရာဝတီတိုင်းဒေသကြီးတွင် ဒေသကြက် ၁၉ ရာခိုင်နှုန်းကိုမွေးမြူထားရှိပြီး မြန်မာနိုင်ငံအလယ်ပိုင်းရှိ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့်စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် စုစုပေါင်းဒေသကြက်ကောင်ရေ၏ ၂၁ ရာခိုင်နှုန်းကို မွေးမြူထားရှိသည်။ တိုင်းရင်းကြက်စားသုံးသူများလာခြင်း၊ ဈေးကောင်းရရှိခြင်းတို့ကြောင့် တိုင်းရင်းကြက်မွေးမြူခြင်းကိုတစ်နိုင်ငံတစ်ပိုင်မွေးမြူခြင်းအပြင် စီးပွားဖြစ်မွေးမြူခြင်းလည်း ဆောင်ရွက်လာလျက်ရှိသည်။ ထင်ရှားသော တိုင်းရင်းကြက်မျိုးများမှာ လည်ပြောင်ကြက်၊ အင်ပင်ဝကြက်နှင့်စစ်တကောင်းကြက်တို့ဖြစ်သည်။

တိုင်းရင်းကြက်မွေးမြူရေးလုပ်ငန်း အောင်မြင်မှုကို အဟန့်အတားဖြစ်စေသည့် အကြောင်းအရာများအနက်ကူးစက်ရောဂါသည် အဓိကပါဝင်လျက်ရှိသည်။ ကူးစက်ရောဂါများကိုမဖြစ်ပွားမီကြိုတင်ကာကွယ်ခြင်းသည် အကောင်းဆုံးဖြစ်သည်။ ယင်းကဲ့သို့ ကူးစက်တတ်သောရောဂါများထဲမှ ကြောက်စရာကောင်းသည့်ရောဂါတစ်မျိုးဖြစ်ပြီး တိုင်းရင်းကြက်မွေးမြူရေးဖွံ့ဖြိုးတိုးတက်မှုတွင်အကြီးမားဆုံးသောအတား အဆီးမှာ ဗိုင်းရပ်ပိုးကြောင့်ဖြစ်သော ကြက်လည်လိမ်ရောဂါဖြစ်သည်။ ကြက်လည်လိမ်ရောဂါသည် Avian paramyxovirus Type 1 (APVM–1) virus ကြောင့်ဖြစ်သော ကူးစက်မြန်အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါဖြစ်ပြီး ကြက်၊ ကြက်ဆင်၊ ငှက် (ခို၊ စာကလေး၊ ကြက်တူရွေး၊ ကျီးကန်း၊ ဒီးဒုတ်၊ ပျံလွှား၊ ရေကြက်)တို့တွင် ဖြစ်ပွားလေ့ရှိသည်။ အသက်အရွယ်မရွေး ရောဂါကူးစက်နိုင်သည်။ ကြက်လည်လိမ်ရောဂါသည် ၁၉၂၆ ခုနှစ်တွင် Java Indonesia နှင့် ၁၉၂၇ ခုနှစ်တွင် Newcastle upon Tyne, England ၌ စတင်ဖြစ်ပွားခဲ့ပြီး ၁၀ နှစ်အတွင်းအခြားနိုင်ငံများသို့ကူးစက်ပျံနှံ့ခဲ့သည်။ ကူးစက်ပျံနှံ့မှုမြန်သဖြင့် ကြက်



တိုင်းဒေသကြီးအလိုက်မွေးမြူထားရှိသော ဒေသကြက်ကောင်ရေ

တစ်အုပ်လုံး ရက်ပိုင်းအတွင်းဆုံးရှုံးနိုင်သည့် သေပျောက်နှုန်းများသောရောဂါဖြစ်သည်။

ကြက်လည်လိမ်ရောဂါ ကူးစက်ပျံနှံ့မှု

အိပ်တန်းပေါ်မှပြုတ်ကျသေဆုံးသဖြင့် "တန်းကျနာ"ဟုလည်းကောင်း၊ ကြက်များဖျားနာကာ အများအပြားသေဆုံးသဖြင့် "ကြက်နာကျ"သည်ဟုလည်းကောင်း ဒေသအလိုက်ခေါ်ဝေါ်ကြသည်။ ရောဂါပိုးကူးစက်ခံရသောကြက်သည် အာရုံကြော၊ အသက်ရှူလမ်းကြောင်းနှင့်အူလမ်းကြောင်းတို့တွင် ပြဿနာဖြစ်လာသည်။ ကြက်လည်လိမ်ရောဂါသည် လေထဲမှတစ်ဆင့်ကူးစက်နိုင်သကဲ့သို့ ရောဂါဖြစ်သည့်ကြက်မှတစ်ဆင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း အခြားကြက်များသို့ ကူးစက်ပျံနှံ့နိုင်သည်။ အနီးအနားရှိကြက်အုပ်တွင် လည်လိမ်ရောဂါကျရောက်ခြင်းကြောင့်လည်းကောင်း၊ ရောဂါဖြစ်နေသောကြက်ကို မိမိကြက်အုပ်အတွင်းသွင်းမိခြင်းကြောင့်လည်းကောင်း ကူးစက်နိုင်သလို ရောဂါဖြစ်၍သေသောကြက်များ၏အမွေးအတောင်၊ အူစသည့်စွန့်ပစ်ပစ္စည်းများမှတစ်ဆင့်လည်းကောင်း ရောဂါပိုးကူးစက်နိုင်သည်။ အနီးပတ်ဝန်းကျင်ရှိစာကလေး၊ ခို၊ ကျီးကန်း စသည့်ငှက်ရိုင်းများသည် လည်လိမ်ရောဂါပိုးသယ်ဆောင်ထားနိုင်သဖြင့် ၎င်းငှက်ရိုင်းများမှတစ်ဆင့်လည်း ရောဂါဖြစ်ပွားနိုင်ပါသေးသည်။

ကြက်လည်လိမ်ရောဂါဗိုင်းရပ်ပိုး၏ ရှင်သန်နိုင်မှု

ကြက်ချေးထဲတွင် နှစ်လခန့်၊ ကြက်သေကောင်တွင်တစ်နှစ်ခန့်နှင့် အေးခဲသည့် နေရာတွင် နှစ်ပေါင်းများစွာရှင်သန်နိုင်သော်လည်း နေရောင်ခြည်နှင့်တိုက်ရိုက်ထိတွေ့ပါက အချိန်တိုအတွင်းသေဆုံးနိုင်သည်။

ကြက်လည်လိမ်ရောဂါလက္ခဏာများ

(၁) အပြင်းစားကူးစက်မြန်

ပြင်းထန်သည့်ရောဂါ အမျိုးအစားဖြစ်ပွားပါက တိုင်းရင်းကြက်များသည် မည်သည့်လက္ခဏာမှမပြဘဲ ရုတ်တရက် သေဆုံးမှုများရှိမည်။ သေနှုန်း ၈၀ ရာခိုင်နှုန်းမှ ၁၀၀ ရာခိုင်နှုန်းထိရှိနိုင်သည်။ ကြက်ငယ်လည်ပင်းလိမ်ခြင်း၊ ကောင်းသောလည်ပင်းစောင်းနေခြင်း၊ မျက်ရည်ကျ၍မျက်နှာရောင်နေခြင်းများအတွေ့ရများသည်။

(၂) အသင့်အတင့်ပြင်းသောအမျိုးအစား

ပြင်းအားအသင့်အတင့်ရှိ ရောဂါပိုးကြောင့်ဖြစ်ပွားပါက ခေါင်းမော့၍ ခက်ခက်ခဲခဲ အသက်ရှူရသည်။ အသက်ရှူစဉ် ခွဲသလိပ်သံကြားရမည်။ မျက်ရည်၊ နှာရည်များကျမည်။ အစိမ်းရောင်ဝမ်းသွားမည်။ ကြက်ဥဥနှုန်းကျဆင်းမည်။ အကြောသေခြင်း၊ လည်ပင်းလိမ်ကောက်ခြင်းဖြစ်မည်။ ကူးစက်မှုနှုန်းအနည်းနှင့်အများရှိနိုင်၍ တဖြည်းဖြည်းချင်းသေဆုံးမည်။ သေနှုန်း ၅၀ ရာခိုင်နှုန်းထိရှိနိုင်သည်။

(၃) အပျော့စားအမျိုးအစား

အပျော့စားဗိုင်းရပ်ပိုးကြောင့်ဖြစ်ပါက အသက်ရှူခက်ခဲခြင်းအချိန်တိုဖြစ်မည်။ ရောဂါလက္ခဏာမတွေ့ရဘဲ ကြက်ဥဥနှုန်းအနည်းငယ်ကျဆင်းမည်။ မျက်စိနာခြင်းအနည်းငယ်ရှိမည်။

ကြက်အသေကောင်ခွဲစိတ်တွေ့ရှိချက်

ကြက်အစာခြေလမ်းကြောင်း၏အစိတ်အပိုင်းဖြစ်သော ကြက်အမြစ်ညှာ(Proventriculus)၊ အူသိမ်(Small intestine)နှင့် အူလမ်းကြောင်းတစ်လျှောက်တွင် သွေးယိုစိမ့်မှုကြောင့်နီရဲ၍ အစက်အပြောက်များရှိမည်။ အူအတက်ဆုံတွင် အနီဖုအနာသေးများရှိမည်။ လေပြွန်(Trachea)တွင် သွေးပြည့်နေခြင်းနှင့်သွေးယိုခြင်းများ၊ ဥဥသောကြက်များတွင်လေအိတ်ရောင်ခြင်း(Airsaculitis)နှင့် ဥအနှစ်ရောင်ခြင်း (Egg yolk peritonitis) တို့ကိုတွေ့ရှိနိုင်သည်။

ကြက်လည်လိမ်ရောဂါကူးစက်ဖြစ်ပွားလာပါက

ကုသရန်နည်းလမ်းမရှိပါ။ ကာကွယ်ရန်သာနည်းလမ်းရှိသည်။ ရောဂါကူးစက်ခံရသောကြက်ကို ရောဂါပြန်ပွားမှုမကာကွယ်ရန် အခြားကြက်များနှင့်သီးခြားခွဲထားသင့်သည်။ ရေကောင်းရေသန့်၊ သင့်လျော်သောလေဝင်လေထွက်နှင့် လုံလောက်သောအာဟာရပေးခြင်းများသည်ကြက်၏ကိုယ်ခံအားစနစ်ကိုတိုးတက်ကောင်းမွန်စေသဖြင့် ကြက်လည်လိမ်ရောဂါကူးစက်ခံရခြင်းမှ ပြန်လည်ကောင်းမွန်လာစေရန် အထောက်အကူပြုစေသည်။ ရောဂါမဖြစ်သေးသောကြက်အုပ်များကို ကြက်လည်လိမ်ကာကွယ်ဆေးပေးသင့်ပြီး ရောဂါဖြစ်ကြက်များကို နေရာရွှေ့ပြောင်းခြင်းမပြုလုပ်ရပါ။



အပူဒဏ်ခံကြက်လည်လိမ်ရောဂါ ကာကွယ်ဆေး (Thermostable Newcastle disease vaccine, I_2 Strain)

ကြက်လည်လိမ်ရောဂါသည် ကုသရန်ဆေးမရှိသဖြင့် ရောဂါမဖြစ်မီကာကွယ်ဆေးအသုံးပြု၍ ကြိုတင်ကာကွယ်ခြင်းသည် အကောင်းဆုံးဖြစ်သည်။ တိုင်းရင်းကြက်များအတွက် အသင့်တော်ဆုံး ကြက်လည်လိမ်ရောဂါကာကွယ်ဆေးမှာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှထုတ်လုပ်သော အပူဒဏ်ခံ I_2 ကြက်လည်လိမ်ကာကွယ်ဆေးမျက်စဉ်းဖြစ်သည်။ အခြားသောကြက်လည်လိမ်ရောဂါကာကွယ်ဆေးများထက် အပူဒဏ်ကိုခံနိုင်စွမ်းရည်ရှိသောကြောင့် အပူဒဏ်ခံကာကွယ်ဆေးဟုခေါ်ခြင်းဖြစ်သည်။ (၎င်းကာကွယ်ဆေးကိုသုံးခြင်းဖြင့် ကြက်များ ရာသီဥတုအပူဒဏ်ကိုပိုခံနိုင်သည်ဟုဆိုလိုခြင်းမဟုတ်ပါ) အပူဒဏ်ခံကြက်လည်လိမ်ရောဂါကာကွယ်ဆေး (Thermostable Newcastle disease vaccine, I_2 Strain)ကို ဩစတြေးလျနိုင်ငံ ကွင်းစလန်းတက္ကသိုလ်(The University of Queensland) မှ ၁၉၉၀ ပြည့်နှစ်ဝန်းကျင်တွင် စတင်သုတေသနပြုထုတ်လုပ်ခဲ့သည်။ Newcastle ရောဂါဗိုင်းရပ် (NDV) အမျိုးအစားများ (ကနဦးတွင် V4 Strain နှင့် နောက်ပိုင်းတွင် I_2 Strain)ကို အခြေခံထားပြီး ဒေသတွင်းတွင်ထုတ်လုပ်နိုင်ကာ ရေခဲသေတ္တာစနစ် (cold chain) ကို အပြည့်အဝမှီခိုရန်မလိုအပ်ပေ။ V4 Strain သည် ၁၉၆၆ ခုနှစ်တွင် (isolation) ခွဲထုတ်ရရှိခဲ့သော ရောဂါမဖြစ်စေနိုင်သည့်အူလမ်းကြောင်းဆိုင်ရာ NDV အမျိုးအစားဖြစ်သည်။ I_2 Strain သည် Newcastle ရောဂါဗိုင်းရပ်(NDV)၏ ရောဂါမဖြစ်စေသော (avirulent)တစ်ခုဖြစ်ပြီး ၎င်း၏ကိုယ်ခံအားတုံ့ပြန်မှုဖြစ်စေနိုင်စွမ်း (antigenicity)နှင့် အပူဒဏ်ခံနိုင်မှု (thermostability) တို့ကြောင့်ရွေးချယ်ထားသော မျိုးစိတ်ဖြစ်သည်။ ဤကာကွယ်ဆေးများကို ဖွံ့ဖြိုးဆဲအပူပိုင်းနိုင်ငံများစွာတွင် အဓိကအသုံးပြုလျက်ရှိသည်။ အပူဒဏ်ခံနိုင်သော်လည်း I_2 ကာကွယ်ဆေးကို အတတ်နိုင်ဆုံးအေးမြသောနေရာတွင် သိုလှောင်ထားရန်လိုအပ်သည်။ မြန်မာနိုင်ငံတွင် I_2 Strain Newcastle ရောဂါကာကွယ်ဆေးကို ၁၉၉၈ ခုနှစ်တွင် စတင်ထုတ်လုပ်ခဲ့ပြီး ၂၀၀၀ ပြည့်နှစ်တွင်

စာမျက်နှာ ၂၄ သို့ ◆

Nepal–Myanmar Partnership in Digital Transformation သို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ တက်ရောက်





နေပြည်တော် မတ် ၂၄

Nepal–Myanmar Partnership in Digital Transformation ကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Jasmine Nay Pyi Taw Hotel ၌ကျင်းပခဲ့ရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ တက်ရောက်သည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌမှ အထူးဧည့်သည်တော်အဖြစ် အမှာစကားပြောကြားရာတွင် ၂၁ ရာစု ယနေ့ခေတ်ကာလတွင် စီးပွားရေးနှင့် လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများအတွက် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုများကိုပြုလုပ်ရန် အထူးလိုအပ်ကြောင်း၊ ငွေရေးကြေးရေးကဏ္ဍဆိုင်ရာလုပ်ငန်းများကို ခေတ်နှင့်အညီ ဆောင်ရွက်နိုင်စေရေး၊ Public Sector တွင်လည်း အရေးကြီးသည့်အစိုးရကဏ္ဍများတွင် Digital ပိုင်းနှင့် Data သုံးသပ်မှုများကိုဆောင်ရွက်ခြင်း၊ စိစစ်မှုများပြုလုပ်ခြင်းတို့ကို သိရှိသဘောပေါက်စေသည့်အကျိုးကျေးဇူးများကို ဖြစ်ထွန်းစေနိုင်ကြောင်း၊ ယနေ့ကျင်းပသည့်အခမ်းအနားတွင် နီပေါနိုင်ငံဏ်၏အစိုးရဘဏ်များ၊ ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲခြင်းလုပ်ငန်းများတွင် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းခြင်းတို့ကို သိရှိရမည်ဖြစ်ခြင်းကြောင့် တက်ရောက်လာသူများသို့ ဗဟုသုတများစွာပံ့ပိုးပေးနိုင်မည်ဖြစ်သဖြင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများကိုရရှိစေနိုင်ကြောင်းတို့ကို ပြောကြားသည်။

ထို့နောက် နီပေါနိုင်ငံဘက်မှ ၎င်းတို့၏ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကိုတင်ပြရာ တက်ရောက်လာကြသူများမှ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့သတ္တိ ပြသည့်နွေ

* သရက်ဖူးနုံ၊ ထုံသင်းပျံ့၍
ဝါဖန့်ရွက်ကြွေ၊ လေရူးပွေလျက်
နွေမိန်ခါကျ၊ သည်မတ်လသို့
ရောက်ရပြန်ပါ ပြည်မြန်မာတည့်။

* လယ်ကွင်းယာကြော၊ ရိုးပြတ်တောမှာ
ဝါသော အဆင်း၊ ခြောက်သွေ့ခြင်းတို့
မင်းမူထပ်ထပ်၊ ခိုးတံလျှပ်နှင့်
မြင်တတ်သူမှာ လွမ်းဖွယ်ရာတည့်။

* ညနေဆည်းဆာ၊ သည်အခါဝယ်
တောမှာလင်းရောင်၊ တောမီးလောင်လျက်
တောင်ထက်ဝန်းကျင်၊ ရစ်ပတ်သွင်နှင့်
မြင်ရသူမှာ ရင်လှိုက်စွာတည့်။

* နံနက်လင်းကာ၊ နေခြည်မှာလျှင်
ပွင့်လွှာနီရဲ၊ ပင်ပေါက်လဲတို့
နွေထဲလျှံဝင့်၊ ပင်ယံတင့်သည်
သခင့်ပြည်ရွာ အားမာန်ပါတည့်။

* ပင်လက်ပံထက်၊ ဆက်ရက်ညံဆူ
မြူခိုးထူခိုက်၊ စရိုက်လွမ်းဟန်
တောမြိုင်ယံမှ၊ လွင့်ပျံ"ဥဩ"
ဖော်ရွာသောသံ ခါဂိမှာန်တည့်။

* အတိတ်ပုံလွှာ၊ ထိုချိန်ခါဝယ်
မြန်မာပြည်လုံး၊ အုန်းအုန်းကျွက်ကျွက်
ကိုင်လက်နက်ဖြင့်၊
ရိုက်ဖျက်ချိုးလှန်၊ နယ်ချဲ့ရန်ကို
မှန်ပယ်ခွင်းကာ၊ လွတ်လမ်းရှာသည်
ကမ္ဘာသိသည့် မတ်လခြေ။
မြန်မာ့သတ္တိ ပြသည့်နွေ။ ။

ညွန့်ဝင်း(နတ်တလင်း)

◆ **စာမျက်နှာ ၂၃ မှအဆက်**

နိုင်ငံတစ်ဝန်းလုံးဆိုင်ရာ ကာကွယ်ဆေးအသုံးပြုခြင်းလုပ်ငန်းစဉ်ကိုစတင်ခဲ့သည်။ ကြက်သန္ဓေသားလောင်းပါသော ကြက်ဥ






ကြက်လည်လိမ်ရောဂါ ကာကွယ်ဆေး(New-castle Disease Vaccine I_2

Booster အသုံးမပြုနိုင်ပါက သုံးလတစ်ကြိမ် ပုံမှန်မျက်စဉ်းခတ်ပေးရမည်။ တစ်နှစ်လေးကြိမ်ခတ်ပေးခြင်းဖြင့် ကြက်များတွင် သေဆုံးမှုအများဆုံးဖြစ်သည့် ကြက်လည်လိမ်ရောဂါဘေးမှ ကာကွယ်နိုင်မည်ဖြစ်သည်။ ကာကွယ်ဆေးအသုံးပြုရာတွင် ရောဂါခုခံအားဓာတ် အပြည့်အဝရရှိရေးအတွက် I_2 ကာကွယ်ဆေးသုံးခြင်းဖြင့် တိုင်းရင်းကြက်မွေးမြူမှုဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ရေးသားလိုက်ရပေသည်။ ။

တွင် လည်လိမ်ရောဂါပိုးအမျိုးအစား I_2 Strain ဗိုင်းရပ်ပိုးအရှင်ကိုပေါက်ပွားစေ၍ အရည်ပုံစံ(Wet form) ထုတ်လုပ်ထားသည့် ကာကွယ်ဆေးဖြစ်သည်။ အရည်ပုံစံ (Wet form) ကာကွယ်ဆေးသည် အခန်းအပူချိန် ၂၂-၂၈ ဒီဂရီစင်တီဂရိတ်တွင် တစ်ပတ်ကြာအထားခံနိုင်သည်။ ကြာရှည်စွာသိမ်းဆည်းလိုပါက ၂-၄ ဒီဂရီစင်တီဂရိတ်ရှိသော ရေခဲသေတ္တာအတွင်းသိမ်းဆည်းနိုင်သည်။

ကြက်အသက် ၁၀ ရက်သားမှ အသက်အရွယ်အမျိုးမျိုးအထိ ကြက်များအား မျက်စဉ်းခတ်ပေးရန်ဖြစ်သည်။ ဆေးအဆ ၂၀၀ ပါသော ကာကွယ်ဆေးရည်တစ်ပုလင်းကို ကြက်တစ်ကောင်လျှင်တစ်စက်နှုန်း၊ ပထမအကြိမ်မျက်စဉ်းခတ်ပြီးနှစ်ပတ်အကြာတွင် ဒုတိယအကြိမ်အား ဖြည့်ပေးခြင်း (Booster) ဖြင့် ရောဂါဆိုင်ရာ ခုခံအား လေးလအပြည့်ရရှိမည်ဖြစ်သည်။



I_2 မျက်စဉ်းသုံးရန်လများ

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၅-၃-၂၀၂၅(အင်္ဂါနေ့)

၁။	၀၆:၀၀	နိုင်ငံတော်သီချင်း	
၂။	၀၈:၀၀	မျိုးချစ်တပ်မတော်	
၃။	၀၉:၀၀	Soft Skill	
၄။	၁၀:၀၀	နိုင်ငံတကာသတင်း	
၅။	၁၁:၀၀	သီချင်းလက်ဆောင်	
၆။	၁၂:၀၀	မြဝတီရုပ်မြင်သံကြားသတင်း	
၇။	၁၃:၀၀	တစ်ပတ်အတွင်း ထိပ်တန်းရောက် ကမ္ဘာ့သတင်း သုံးသပ်ချက်	
၈။	၁၉:၀၀	ရုပ်မြင်သံကြား ဇာတ်လမ်း သစ္စာမျိုးဆက် (အပိုင်း-၆) သရုပ်ဆောင် ခန့်စည်သူ၊ ကျော်ဇော်ဟိန်း၊ အောင်ပိုင်၊ မေသဇာဦး၊ ဆုပန်ထွာ၊ မုန်း ဒါရိုက်တာ-အကယ်ဒမီ တင်အောင်စိုး (ပန်းမြို့တော်)	

"ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားကပြည်သူ့စကား"** အစီအစဉ်မှ **"တားဆီးနှောင့်ယှက်မှုများကြားမှ ပွင့်လန်းလာတဲ့ပန်းကလေးများ"** ခေါင်းစဉ်ဖြင့် ၂၆-၃-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"စစ်ရေးနဲ့ နိုင်ငံရေးမှာ အခွင့်မသာလို့ ရုက်ရမ်းရမ်းပြီး အကြမ်းဖက်လာတဲ့ PDF"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ မနက် ၁၀ နာရီ အချိန်မှ ၁၁ နာရီ အတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၂၄-၃-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၅၈၀,၀၀၀)ကျပ်ဖြစ်သည်။**

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

မန်းရွှေစက်တော်ဘုရားပွဲတွင် တေးဂီတဖျော်ဖြေပွဲ ဖျော်ဖြေတင်ဆက်မှုအား ပြည်သူများအေးချမ်းပျော်ရွှင်စွာ လာရောက်ကြည့်ရှုအားပေး



မင်းဘူး မတ် ၂၄

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး(စက္ခု)မြို့နယ်ရှိ မန်းရွှေစက်တော်ဘုရားပွဲတွင် အနုပညာရှင်များက မြန်မာသံစဉ်နှင့် ခေတ်ပေါ်တေးဂီတဖျော်ဖြေပွဲများဖြင့် ဘုရားဖူးလာပြည်သူများအား မတ်လ ၂၃ ရက် ည ၇ နာရီက ဖျော်ဖြေပွဲပထမညကို မန်းရွှေစက်တော်ဘုရား သောင်ပြင်၌ ဖျော်ဖြေတင်ဆက်သည်။

တေးဂီတဖျော်ဖြေပွဲတွင် မန်းရွှေစက်တော်ဘုရားပွဲကာလအတွင်း တပေါင်းပွဲတော်ညအဖြစ် သရုပ်ဆောင် မင်းစစ်အောင်၊ ခွဲအာဒံ၊ ရဲထွန်း၊ ဖူးဝေသာ၊ မြတ်နိုးစံ၊ တေးသံရှင် သန္တာမိုးသိမ့်၊ KB နေမျိုးလင်း၊ DJ ဂျွန် စသည့် အနုပညာရှင်များက မြန်မာသံစဉ်နှင့် ခေတ်ပေါ်တေးများဖြင့် အခမဲ့ဖျော်ဖြေတင်ဆက်ခဲ့ရာ ဖျော်ဖြေပွဲပထမညတွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးအပန်းဖြေလာရောက်ကြသူများနှင့် ဒေသခံပြည်သူများက အေးချမ်းပျော်ရွှင်စွာ လာရောက်ကြည့်ရှုအားပေးခဲ့ကြောင်း၊ အဆိုပါတေးဂီတဖျော်ဖြေပွဲတွင် ပြည်သူများ စိတ်အေးချမ်းပျော်ရွှင်စွာ ကြည့်ရှုနိုင်ရေး စနစ်တကျစီစဉ်ဆောင်ရွက်ပေးထားကာ မတ်လ ၂၄ ရက်ညတွင်လည်း ဖျော်ဖြေပွဲဒုတိယညကို အခမဲ့ဆက်လက်ဖျော်ဖြေတင်ဆက်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

မကွေးတိုင်းဒေသကြီး၏ စိုက်ပျိုးရေဖူလုံရေးနှင့် ရေသယ်ဇာတ ထိန်းသိမ်းအသုံးပြုနိုင်ရေး မြေအောက်တမံများ တည်ဆောက်အသုံးပြု



နေပြည်တော် မတ် ၂၄

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ယမန်နေ့ မွန်းလွဲပိုင်းက မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ယင်းမလည်ချောင်းပေါ်ရှိ မြေအောက်တမံတည်ဆောက်မည့်နေရာကိုကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစဉ် ဒုတိယဝန်ကြီးက ချောင်းကမ်းဘေးနှစ်ဖက်ရှိ မြေသားအနေအထား၊ ချောင်းကြမ်းပြင်ရေလုံလွှာအနေအထားတို့ကို ဘူမိဗေဒစမ်းသပ်မှုများထပ်မံစစ်ဆေးရေး၊ နှစ်စဉ်မိုးရေချိန်နည်းပါးပြီး ပူပြင်းခြောက်သွေ့သော မကွေးတိုင်းဒေသကြီးအတွင်း မြေအောက်ရေအရင်းအမြစ်များပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး၊ဒေသနေပြည်သူများ စိုက်ပျိုးရေ၊ သောက်သုံးရေ ပိုမိုဖူလုံစွာ ထုတ်ယူသုံးစွဲနိုင်စေရေးအတွက် ရည်မှန်းကာ မြေအောက်တမံများကို ထပ်မံဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သဲချောင်းများအား စူးစမ်းလေ့လာတိုင်းတာခြင်းလုပ်ငန်းများကို ယခုထက်ပိုမိုလုပ်ဆောင်ထားကြရမည်ဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။

ယင်းနောက် မကွေးမြို့နယ် ဆိပ်သာကျေးရွာအနီးတွင် ဆောင်ရွက်လျက်ရှိသော ဆိပ်သာဆိုလာစနစ်ရေတင်စီမံကိန်းသို့ရောက်ရှိပြီး ဒေသတွင်းတောင်သူများအတွက် အလျင်အမြန်အကျိုးရလဒ်(Quick Win) ရရှိစေနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်စီမံကိန်းဖြစ်သောကြောင့် စက်ကိရိယာယန္တရားများ လုံလောက်စွာ အသုံးပြု၍ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး၊ လုပ်ငန်းစံချိန်စံညွှန်းအရည်အသွေး ပြည့်မီရေးနှင့် စီမံကိန်းလုပ်ငန်းပြီးစီးပါက သီးနှံပုံစံအလိုက် စိုက်ပျိုးရေ လိုအပ်ချက်အတိုင်း အပြည့်အဝပေးဝေစိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ထို့နောက် မကွေးမြို့နယ်ရှိညောင်ပင်ခလချောင်းနှင့် ဖလံချောင်းတို့တွင် မြေအောက်တမံများ တည်ဆောက်နိုင်ရန် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များအား ဆွေးနွေးမှာကြားခဲ့သည်။

ထို့နောက် မကွေးတိုင်းဒေသကြီး ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန ထိန်းသိမ်းရေးရုံး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီး ဦးစီးမှူးများနှင့် တွေ့ဆုံ၍ မြေအောက်တမံများ တည်ဆောက်ပြီး စိုက်ပျိုးရေပေးဝေနိုင်ရေး ဆိုင်ရာကိစ္စရပ်များ၊ နွေစပါးနှင့် အခြားသီးနှံများ ရေပေးဝေမှုဆိုင်ရာကိစ္စရပ်များ၊ သီးထပ်စွမ်းအား တိုးတက်ရေး၊ ပန်းတိုင်အထွက်နှုန်း ပြည့်မီရေးဆိုင်ရာကိစ္စရပ်များနှင့် မွေးမြူရေးကဏ္ဍဆိုင်ရာများအား ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ပြည်ထောင်စုရာထူးဝန်အဖွဲ့ မူးယစ်ဆေးဝါးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲအခမ်းအနားကျင်းပ



နေပြည်တော် မတ် ၂၄

မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများ အသုံးပြုခြင်းကြောင့်ဖြစ်ပေါ်လာသည့် ဆိုးကျိုးများနှင့် ဥပဒေအရအရေးယူအပြစ်ပေးခြင်း ကိစ္စရပ်များအသိပညာပေးဆွေးနွေးပွဲကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ရုံးအမှတ်(၁၇) ရှိ စုပေါင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးဆန်းမြင့်က အဖွင့်အမှာစကား ပြောကြားပြီး ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးရဲတပ်ဖွဲ့မှ ရဲမှူးချုပ် သန့်လွင်မောင်က မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများ အသုံးပြုခြင်းကြောင့် ဖြစ်ပေါ်လာသည့် ဆိုးကျိုးများနှင့် ဥပဒေအရအရေးယူအပြစ်ပေးခြင်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြရာ တက်ရောက်လာသူများက သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းကြသည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြကြောင်း သိရသည်။

(သတင်းစဉ်)

ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ်မတွေ့ရှိရ

နေပြည်တော် မတ် ၂၄

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ၁၆-၃-၂၀၂၅ ရက် ည ၈ နာရီမှ ၂၃-၃-၂၀၂၅ ရက် ည ၈ နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၄၁၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်မတွေ့ရှိရပါ။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)မှ သတင်းထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန

နိုင်ငံဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆိုခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

စင်ကာပူနိုင်ငံသို့ မြန်မာလုပ်သားစေလွှတ်နိုင်ရေးနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့်လုပ်ငန်းအစီအစဉ်

စဉ်	စံပြုလုပ်ငန်းစဉ် (SOP)	ဆောင်ရွက်ရမည့်လုပ်ငန်းအစီအစဉ်	ဆောင်ရွက်ရမည့်အဖွဲ့အစည်း
၁	မြန်မာအေဂျင်စီမှ Demand Letter ကို အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ တင်ပြခြင်း	- မြန်မာအေဂျင်စီများမှ Demand Letter အား အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ အောက်ပါအတိုင်းတင်ပြခြင်း - (က) Demand Letter တစ်စောင်လျှင် လူဦးရေ ၅ ဦးထက် မပိုစေရန်၊ (ခ) စင်ကာပူနိုင်ငံ Ministry of Manpower မှ အလုပ်သမားများကို ထုတ်ပေးသည့် In-principle Approval Letter (IPA) ပူးတွဲတင်ပြရန်၊ (ဂ) အေဂျင်စီတစ်ခုသည် တစ်လလျှင် တစ်ကြိမ်သာတင်ပြရန်၊ (ဃ) Demand Letter တင်ပြရာတွင် dolmigrationsingaporeother@gmail.com သို့ တင်ပြရန် (အလုပ်သမားဝန်ကြီးဌာနသို့ လူကိုယ်တိုင်လာရောက်တင်ပြခြင်းမပြုရန်)၊	မြန်မာအေဂျင်စီ
၂	အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ စိစစ်၍ အေဂျင်စီများထံသို့ အကြောင်းကြားခြင်း	- အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ IPA Letter မှန်ကန်မှု ရှိ/မရှိ Ministry of Manpower Website တွင် တိုက်ဆိုင်စိစစ်ခြင်းနှင့် မှန်ကန်မှုရှိပါက သက်ဆိုင်ရာအေဂျင်စီများထံသို့ စေလွှတ်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ခွင့်ပြုကြောင်းအကြောင်းကြားခြင်း၊	အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန
၃	မြန်မာအေဂျင်စီမှအလုပ်ဃသမားညွှန်ကြားရေးဦးစီးဌာနသို့ စာချုပ်ချုပ်ဆိုခွင့်ပြုရန် တင်ပြခြင်း	- မြန်မာအေဂျင်စီမှ စာချုပ်ချုပ်ဆိုခွင့်အား စာချုပ်ချုပ်လိုသည့် ရက်မတိုင်မီ (၇)ရက်ကြိုတင်၍ အောက်ပါအချက်များအတိုင်း အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ တင်ပြခြင်း - (က) Demand Letter မိတ္တူ၊ စေလွှတ်ရေးလုပ်ငန်းစဉ် ဆောင်ရွက်ခွင့်ပြုကြောင်း အကြောင်းကြားစာ၊ အလုပ်သမားများ၏ နိုင်ငံကူးလက်မှတ်မိတ္တူနှင့် IPA မိတ္တူ၊ စင်ကာပူအလုပ်ရှင်နှင့် အလုပ်သမားစာချုပ်မိတ္တူများ၊ အလုပ်သမားများ၏ကိုယ်ရေးအချက်အလက်များပါရှိသော Excel Name List Soft copy တို့နှင့်အတူ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ dolmigration-singaporeother @gmail.com သို့တင်ပြရန်၊ (ခ) အလုပ်ခေါ်စာတစ်စောင်လျှင် လူဦးရေ ၅ ဦးထက် မပိုစေရန်နှင့် တစ်လလျှင်တစ်ကြိမ်သာတင်ပြရန်၊	မြန်မာအေဂျင်စီ
၄	အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ အလုပ်သမားဝန်ကြီးဌာနသို့ တင်ပြ၍ ခွင့်ပြုချက်ရယူခြင်း	- မြန်မာအေဂျင်စီမှ တင်ပြလာသော စာချုပ်ချုပ်ဆိုခွင့်အား အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှအလုပ်သမားဝန်ကြီးဌာနသို့တင်ပြ၍ ခွင့်ပြုချက်ရယူခြင်းနှင့် အလုပ်သမားဝန်ကြီးဌာနမှ စိစစ်ပြန်ကြားခြင်း၊	အလုပ်သမားဝန်ကြီးဌာန၊ ဝန်ကြီးရုံး အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန
၅	အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ မြန်မာအေဂျင်စီထံသို့ စာချုပ်ချုပ်ဆိုခွင့်အား အကြောင်းပြန်ကြားခြင်း	- အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ သတ်မှတ်ပေးသည့်နေ့ရက်တွင် အမှတ် (၂၇)၊ အာနန္ဒာဘုရားလမ်းနှင့် မေဃဝတီကျောင်းလမ်းထောင့်၊ ဘဝမြင့်ရပ်ကွက်၊ သဃ်နိးကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ နည်းပညာအထောက်အကူပြုရုံး (ရန်ကုန်)၌ စာချုပ်ချုပ်ဆိုခြင်း၊	အလုပ်သမားညွှန်ကြားရေးဦးစီးဌာန မြန်မာအေဂျင်စီ
၆	မြန်မာအေဂျင်စီမှ သင်တန်းတက်ရောက်ခွင့်နှင့် OWIC ပြုလုပ်ခွင့်အား အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့တင်ပြခြင်း	- ပြည်ပအလုပ်အကိုင်လမ်းညွှန်သင်တန်းတက်ရောက်ခွင့်နှင့် ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ် (OWIC) ပြုလုပ်ခွင့်အား ရက်သတ္တပတ်စိစစ်တင်ပြ၍ အောက်ပါအချက်များနှင့်တကွ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့လိပ်မူ၍ တင်ပြခြင်း- (က) သင်တန်းတက်ရောက်ခွင့် (တစ်ရက်သာ) နှင့် OWIC ပြုလုပ်ခွင့်တင်ပြစာ၊ (ခ) အလုပ်ခေါ်စာမိတ္တူ၊ စေလွှတ်ရေးလုပ်ငန်းစဉ်များဆောင်ရွက်ခွင့်ပြုကြောင်း အကြောင်းကြားစာ၊ နိုင်ငံကူးလက်မှတ်မိတ္တူ၊ IPA Letter မိတ္တူ၊ (ဂ) စင်ကာပူအလုပ်ရှင်နှင့် အလုပ်သမားသဘောတူညီမှုစာချုပ်၊ မြန်မာအေဂျင်စီနှင့် အလုပ်သမားအကြားချုပ်ဆိုသည့် သဘောတူစာချုပ်၊	မြန်မာအေဂျင်စီ
၇	အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ သင်တန်းတက်ရောက်ခွင့်နှင့် OWIC ပြုလုပ်ခွင့်ပြုခြင်း	- အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ မှတ်ပုံတင်စာရင်းရေးသွင်းထားသည့် မြန်မာအေဂျင်စီများကို ဦးစားပေးအစီအစဉ်အလိုက် သင်တန်းတက်ရမည့် နေ့ရက်သတ်မှတ်ခြင်းနှင့် သင်တန်းကျောင်းတာဝန်ခံသို့ အကြောင်းကြားခြင်း၊ Safe Migration Telegram Channel တွင် အသိပေးကြေညာခြင်း၊ - သင်တန်းတက်ရောက်ပြီးပါက OWIC ပြုလုပ်ခွင့်ပြုကြောင်း OWIC ထုတ်ပေးရေးစခန်းတာဝန်ခံ၊ သက်ဆိုင်ရာအေဂျင်စီများထံသို့ အကြောင်းကြားခြင်းနှင့် OWIC ကတ်ထုတ်ပေးခြင်း၊	အလုပ်သမားညွှန်ကြားရေးဦးစီးဌာန မြန်မာအေဂျင်စီ
၈	မြန်မာအေဂျင်စီမှ အလုပ်သမားစေလွှတ်ခွင့်ရရှိရေး အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့တင်ပြခြင်း	- မြန်မာအေဂျင်စီအနေဖြင့် OWIC ရရှိပြီးသည့် အလုပ်သမားများအတွက် စေလွှတ်ခွင့်အား ထွက်ခွာလိုသည့်ရက် (- -၂၀၂၅) မှ (- -၂၀၂၅) (ရက်သတ္တပတ်စိစစ်ပတ်အတွင်း) ဖော်ပြပြီးစေလွှတ်မည့် အလုပ်သမားစာရင်း၊ နိုင်ငံကူးလက်မှတ်မိတ္တူ၊ OWIC ကတ်မိတ္တူ တို့နှင့်အတူ Excel soft copy ပြုစုု၍ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ dolmiagrationsingaporeother@gmail.com သို့ တင်ပြခြင်း၊	မြန်မာအေဂျင်စီ
၉	အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ စိစစ်ခွင့်ပြုခြင်းနှင့် မြန်မာအေဂျင်စီမှ ထွက်ခွာမည့်ရက် ပြန်လည်တင်ပြခြင်း	- အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ခွင့်ပြုချက်ရရှိသည့်အချိန်တွင် လေယာဉ်လက်မှတ်ဝယ်ယူခြင်းဆောင်ရွက်ပြီး ထွက်ခွာမည့်ရက်ဖော်ပြ၍ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ dolmigrationsingaporeother@gmail.com သို့ ပြန်လည်တင်ပြခြင်း၊	အလုပ်သမားညွှန်ကြားရေးဦးစီးဌာန မြန်မာအေဂျင်စီ
၁၀	အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ မြန်မာအေဂျင်စီနှင့် လေဆိပ်တာဝန်ခံသို့ အကြောင်းကြားခြင်း	- အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ မြန်မာအေဂျင်စီ၊ လေဆိပ်တာဝန်ခံထံသို့ အကြောင်းကြားခြင်း၊ - သတ်မှတ်ထားသည့်နေ့ရက်အတွင်း စေလွှတ်နိုင်ခြင်းမရှိပါက စေလွှတ်ခွင့်ပြုနိုင်ရေးတင်ပြသည့်အဆင့်မှစ၍ အသစ်ထပ်မံပြန်လည်တင်ပြခြင်း၊	အလုပ်သမားညွှန်ကြားရေးဦးစီးဌာန မြန်မာအေဂျင်စီ
၁၁	ပြည်ပသို့စေလွှတ်ပြီးစီးမှုသတင်းပို့ခြင်း	- သက်ဆိုင်ရာအေဂျင်စီများအနေဖြင့် အလုပ်သမားများစေလွှတ်ပြီးပါက သတ်မှတ်ပေးထားသော ဇယားပုံစံအတိုင်းစာရင်းပြုစု၍ Excel Soft copy ဖြင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ အချိန်နှင့်တစ်ပြေးညီတင်ပြခြင်း၊	မြန်မာအေဂျင်စီ
၁၂	ပြန်လည်ဝင်ရောက်မှုသတင်းပို့ခြင်း	- မြန်မာအေဂျင်စီများမှ ပြည်ပသို့စေလွှတ်ခဲ့သည့် အလုပ်သမားသည် အကြောင်းအမျိုးမျိုးကြောင့် ပြန်လည်ရောက်ရှိလာပါက ရောက်ရှိသည့်အကြောင်းအရာ၊ ပြန်လည်ထွက်ခွာမည်ဆိုပါက ထွက်ခွာမည့်နေ့ရက်တို့ကို အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ dolmigrationsingaporeother@gmail.com သို့ အချိန်နှင့်တစ်ပြေးညီ တင်ပြခြင်း။	မြန်မာအေဂျင်စီ

မှတ်ချက်။ (၁) ၃၀-၁-၂၀၂၅ ရက်နေ့မတိုင်မီ Demand Letter တင်ပြထားသည့် မြန်မာအေဂျင်စီများအနေဖြင့် လူဦးရေ ၅ ဦးထက်ပိုသော Demand Letter များကို ၅ ဦးဖြင့် ၂၅-၃-၂၀၂၅ ရက်နေ့မှစ၍ ပြင်ဆင်တင်ပြရန်နှင့် အေဂျင်စီတစ်ခုသည် တစ်လလျှင်တစ်ကြိမ်သာတင်ပြရမည်။

(၂) စင်ကာပူနိုင်ငံ၏ Demand Letter အသစ်တင်ပြခြင်းကို ၂၀၂၅ ခုနှစ်၊ မေလ ၂ ရက်နေ့မှစ၍ လက်ခံဆောင်ရွက်ပါမည်။


Myanmar
ကမ္ဘာ့အဆင့် ရွှေတံဆိပ်ဆုများနှင့်
မြန်မာ
GOLD A.I.B.A MEDAL
AWARDED TROPHY
BY THE WORLD'S BEST BEER JUDGES
THE INTERNATIONAL BEER CHALLENGE 2020
AIBA
GOLD 2019


ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက် Ngwepinlae Livestock Breedings & Fisheries Co., Ltd
ငါး/ပုစွန် မြုပ်အေးခဲထုတ်လုပ်ခြင်း (အသေးခန်းစက်ရုံ)
အဆင့်မြင့် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးကုမ္ပဏီ
လှိုင်းတွန့်စက္ကူဘူးထုတ်လုပ်ရေးစက်ရုံ
ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE : ngwepinlae.com


နိုင်ငံတကာရှိ ကိုတယ်၊ Coffee Shop များတွင် နှစ်မြို့ကမက်မောစွာ အသုံးပြုနေသော
ပြင်ဦးလွင်
နန်းမြိုင်ကော်ဖီ
PYIN OO LWIN
Nan Myaing
2+1 coffee
PYIN OO LWIN
NAN MYAING
PURE ARABICA
Coffee
Black Coffee
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉၅၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။
ဝန်ထမ်းလစာ / ပင်စင်လစာ ထုတ်ပေးခြင်း ၊ ငွေသွင်း ငွေထုတ်ခြင်း / ငွေလွှဲခြင်း ၊ ဈေးဝယ်ခြင်း
Skynet Bill Payment ပေးသွင်းခြင်း ၊ Gift Card Bill ပေးခြင်း ၊
Internet Bill ပေးဆောင်ခြင်း ၊ E - Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊
လျှပ်စစ်မီတာ Bill များ ပေးဆောင်ခြင်း ၊ ပြည်ပ ငွေလွှဲ (ထိုင်း)
Myanmar MOBILE MONEY
အငြိမ်းစား လစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ ဝိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။
ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

ရေယာဉ်လွှဲပြောင်းတင်ဆောင်ခြင်းလုပ်ငန်းစဉ် စတင်ခြင်းအခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း တက်ရောက်

ရန်ကုန် မတ် ၂၄

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှဦးဆောင်ပြုလုပ်သည့် ပထမအကြိမ် ရေယာဉ်လွှဲပြောင်းတင်ဆောင်ခြင်း(Transshipment) လုပ်ငန်းစဉ်စတင်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ Asia World Port Terminal (AWPT) ဆိပ်ကမ်းတံတား၌ ကျင်းပသည်။

အခမ်းအနားသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း၊ ရန်ကုန်မြို့တော်ဝန်၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများမှန်ကန်မြန်ဆန်စေရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ အကောက်ခွန်ဦးစီးဌာနညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်အသင်းအဖွဲ့များ၊ ကုန်သေတ္တာဆိပ်ကမ်းတံတားများနှင့် ကုန်သေတ္တာသင်္ဘောလိုင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် Transshipment ကုန်သေတ္တာကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဆိပ်ကမ်းများသို့ ပို့ဆောင်မည့် MV. SITC Yuanming သင်္ဘောပေါ်သို့ စတင်တင်ဆောင်ခြင်းကို ကြည့်ရှုအားပေးကြပြီး Asia World ဆိပ်ကမ်းတံတားအတွင်း ဆိပ်ကမ်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးက မြန်မာနိုင်ငံသည် ပထဝီအနေအထားအရ တောင်အာရှနှင့် အရှေ့တောင်အာရှဒေသတွင်း နိုင်ငံများကို ချိတ်ဆက်ပေးနိုင်သည့် အနေအထားတွင်ရှိကြောင်း၊ ရန်ကုန် ဆိပ်ကမ်းသည် အိန္ဒိယသမုဒ္ဒရာနှင့် ဆက်စပ်ကမ်းရိုးတန်းတစ်လျှောက်ရှိ ဆိပ်ကမ်းများသို့ ရေယာဉ်လွှဲပြောင်းတင်ဆောင်ခြင်း (Transshipment) နည်းလမ်းကိုအသုံးပြုပြီး ဒေသတွင်း ကြားခံဆိပ်ကမ်း (Transit Port) အဖြစ် ဆောင်ရွက်နိုင်မည့် အနေအထားရှိကြောင်း။

ရန်ကုန်မြစ်ရေလမ်းကြောင်း တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် လက်ရှိတွင် ရန်ကုန်ဆိပ်ကမ်း၌ ကုန်သေတ္တာ TEU ၂၆၀၀ အထိ သယ်ဆောင်နိုင်ပြီး ရေစူး ၁၀ ဒသမ ၅ မီတာအထိရှိသည့် တန်ချိန် ၅၀၀၀၀ သင်္ဘောကြီးများ ဝင်/ထွက် လက်ခံဝန်ဆောင်မှုပေးလာနိုင်ပြီဖြစ်ကြောင်း၊ ရေယာဉ်လွှဲပြောင်းတင်ဆောင်ခြင်းလုပ်ငန်းများဆောင်ရွက်လာနိုင်မည်ဆိုပါက နိုင်ငံ၏အဓိကပို့ကုန်များဖြစ်သော ပဲနှင့်ပြောင်းဈေးကွက်ဝေစုပိုမိုရရှိပြီး ပိုမိုတင်ပို့နိုင်လာမည်ဖြစ်ကြောင်း။

ရန်ကုန်ဆိပ်ကမ်းအနေဖြင့် လက်ရှိကုန်သေတ္တာ ကိုင်တွယ်ရရှိမှုပမာဏ တစ်နှစ် TEU ၈ သိန်း ပမာဏထက်ပိုမိုတိုးတက်ကိုင်တွယ်လာနိုင်မည်ဖြစ်၍ နိုင်ငံအတွက် ဆိပ်ကမ်းဝင်ငွေတိုးတက်ရရှိလာမည်ဖြစ်ကြောင်း၊ မကြာသေးမီက နိုင်ငံတော်အကြီးအကဲ ရန်ကုန်ဆိပ်ကမ်းသို့ လာရောက်ကြည့်ရှုစစ်ဆေးခဲ့စဉ် လမ်းညွှန်မှာကြားခဲ့သည့်အတိုင်း မြစ်တွင်းမှ Barge ရေယာဉ်များဖြင့် ချိတ်ဆက်သယ်ပို့ခြင်းအပြင် ကုန်းလမ်းမှ ကား၊ ရထားတို့ဖြင့် သယ်ပို့ခြင်းစသည့် သယ်ယူပို့ဆောင်ရေး





နည်းလမ်းများပေါင်းစပ်ပြီး ဝန်ဆောင်မှုပေးနိုင်ရန်အတွက် Stakeholder များအားလုံးက ပူးပေါင်းပါဝင်ပိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

(သတင်းစဉ်)

အိန္ဒိယနိုင်ငံတွင်ကျင်းပသည့် ISTAF WORLD CUP ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့ ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ်တစ်ခု ဆွတ်ခူး

ရန်ကုန် မတ် ၂၄

အိန္ဒိယနိုင်ငံ ဘီဟာပြည်နယ် ပတ္တနားမြို့တွင်ကျင်းပသည့် ISTAF WORLD CUP ပိုက်ကျော်ခြင်းပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နေသည့် မြန်မာအားကစားအဖွဲ့သည် ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ်တစ်ခု ဆွတ်ခူးရရှိကြောင်း သိရသည်။

အဆိုပါ ISTAF WORLD CUP ပိုက်ကျော်ခြင်းပြိုင်ပွဲကို မတ်လ ၂၀ ရက်မှ ၂၅ ရက်ထိ ကျင်းပလျက်ရှိပြီး မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအားကစားအဖွဲ့မှ အမျိုးသား နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသားလေးယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီးလေးယောက်တွဲပြိုင်ပွဲနှင့် အမျိုးသား၊အမျိုးသမီး လေးယောက်တွဲပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ကြရာ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲတွင် ရွှေတံဆိပ်၊ အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲတွင် ငွေတံဆိပ်နှင့် အမျိုးသားလေးယောက်တွဲပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုများ ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။

ISTAF WORLD CUP ပိုက်ကျော်ခြင်းပြိုင်ပွဲသို့ ထိုင်း၊ စင်ကာပူ၊ သီရိလင်္ကာ၊ မြန်မာ၊ ပြင်သစ်၊ မလေးရှား၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ နီပေါ၊ ဘရာဇီး၊ ဂျပန်၊ နယူးဇီလန်၊ အမေရိကန်၊ အီရန်၊ တရုတ်၊ ပိုလန်၊ တရုတ်(တိုင်ပေ)၊ အီတလီ၊ ဆွစ်ဇာလန်နှင့် အိမ်ရှင်အိန္ဒိယနိုင်ငံမှ အားကစားသမားများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

မြန်မာအသင်းသည် အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲ၌ ထိုင်း၊ အီတလီ၊ အင်ဒိုနီးရှား၊ ဆွစ်ဇာလန် တို့နှင့်လည်းကောင်း၊ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲ၌ အီရန်၊ ဂျပန်၊ ပိုလန်တို့နှင့်လည်းကောင်း၊ အမျိုးသားလေးယောက်တွဲပြိုင်ပွဲ၌ ပြင်သစ်၊ မလေးရှား၊ ဗီယက်နမ်တို့နှင့်လည်းကောင်း၊ အမျိုးသမီးလေးယောက်တွဲပြိုင်ပွဲ၌ ဗီယက်နမ်၊ သီရိလင်္ကာ၊ ဂျပန်၊ ထိုင်းတို့နှင့်လည်းကောင်း၊ အမျိုးသား၊အမျိုးသမီးလေးယောက်တွဲပြိုင်ပွဲ၌ ထိုင်း၊ သီရိလင်္ကာ၊ မလေးရှားတို့နှင့်လည်းကောင်း အုပ်စုတူယှဉ်ပြိုင်ခဲ့ကြရပြီး အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲတွင် အိမ်ရှင်အိန္ဒိယကိုနောက်ဆုံးအနိုင်ယူကာ ရွှေတံဆိပ်ဆုကိုဆွတ်ခူးရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဝန်းရံခ



နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး



နေပြည်တော် မတ် ၂၄

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးပြည်ထောင်စုရန်ပုံငွေဖြင့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် တပ်ကြီး- ကံလှကုန်းကျေးရွာချင်းဆက်ကျောက်ချောလမ်း ၃ မိုင်အား ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းရာနှုန်းပြည့် ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါလမ်းပိုင်းဆောင်ရွက်ပေးနိုင်ခဲ့မှုကြောင့် ဒေသခံကျေးရွာ ရှစ်ရွာမှ လူဦးရေ ၅၉၇၄ ဦးတို့၏ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်သဖြင့် ဒေသခံပြည်သူများ ပျော်ရွှင်ဝမ်းမြောက်လျက်ရှိသည်။

ရှမ်းပြည်နယ် (တောင်ပိုင်း)အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေဖြင့် မြေလမ်း ၄၉ မိုင် ၃ ဖာလုံ၊ အမာခံလမ်း ၁၃ မိုင် ၄ ဖာလုံ၊ ကျောက်လမ်း ၂၀ မိုင် ၃ ဖာလုံ၊ ကျောက်လမ်းပြင်ထိန်း ၄ မိုင်၊ ကတ္တရာလမ်း ၄ မိုင်၊ ကတ္တရာထပ်ပိုးလွှာလမ်း ၁၁ မိုင် ၃ ဖာလုံ၊ ကွန်ကရစ်လမ်း ၃ မိုင် ၇ ဖာလုံ၊ ကွန်ကရစ်တံတား ရှစ်စင်း၊ Box Culvert ၁၂၄ စင်း၊ ကျောက်တောင်မိုင်းခွဲခြင်းလုပ်ငန်း နှစ်ခု၊ ကျောက်စီရေမြောင်း ပေ ၁၅၀၊ မြေပြိုဖယ်ရှားခြင်း ၅ မိုင် ၆ ဖာလုံ၊ လမ်းတာချဲ့ခြင်း ၂ မိုင် ၂ ဖာလုံ၊ ပညာရေးလုပ်ငန်းနှစ်ခု၊ အဝီစိတွင်း တူးဖော်ခြင်းလုပ်ငန်း တစ်တွင်း၊ သာသနာရေးလုပ်ငန်းရှစ်ခု၊ စိုက်ပျိုးရေးရှိရေးလုပ်ငန်း ခြောက်ခု၊ ဆိုလာ ၉၄ စုံနှင့် ဦးစီးဌာနလုပ်ငန်းခြောက်ခုအား စုစုပေါင်းခွင့်ပြုရန်ပုံငွေကျပ် ၁၂၈၆၂ ဒသမ ၂၁၅ ကျပ်သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန်ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၂။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၃။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၄။ Myawady Webportal
https://myawady.net.mm

၅။ Myanmar National Portal
https://myanmar.gov.mm

အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင်ဆက်စပ်ပါဝင်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသား ၃၀ ဦးနှင့် လာအိုနိုင်ငံသား ၂၃ ဦးလွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၂၃၀ ဦးထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်း

နေပြည်တော် မတ် ၂၄

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam)နှင့် အွန်လိုင်းလောင်းကစားမှု(Online Gambling) လုပ်ဆောင်နေသူများ၊ ပါဝင်ပတ်သက်သူများအားလုံးကို ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်လျက်ရှိပြီး အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများ၊ အထူးသဖြင့် မြန်မာ-တရုတ်-ထိုင်းသုံးနိုင်ငံအကြားသုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုပုံစံ(Trilateral Cooperation)တို့ဖြင့် စည်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်နေထိုင်ပြီး ကရင်ပြည်နယ်၊ မြဝတီမြို့- မယ်ထော်သလေးနယ်မြေမှ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများနှင့်ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသား ၃၀ ဦးနှင့် လာအိုနိုင်ငံသား ၂၃ ဦးတို့ကို လူသားချင်း စာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ယနေ့တွင် မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ပြည်ပနိုင်ငံသား ၂၃၀ ဦးကို ထပ်မံ စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။



အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင်ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများအား မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှတာဝန်ရှိသူထံ လွှဲပြောင်းပေးအပ်စဉ်။

ဦးစွာ ကရင်ပြည်နယ်အစိုးရအဖွဲ့၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသူကျော်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင်သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးမည့်ပြည်ပနိုင်ငံသားများ၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေး၊ လုံခြုံရေးအစရှိသည့် ကိစ္စရပ်များနှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများအား လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲ ကျင်းပခဲ့ရာတွင် ကရင်ပြည်နယ်အစိုးရအဖွဲ့၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမင်းသူကျော်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင် သံရုံး (ရန်ကုန်)မှ Third Secretary Mr.Peter John V. Dela Fuente နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ လာအိုသံရုံးမှ Third Secretary Mr.Heuangchalern Phommasone နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ၊ တာ့ခ်ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေး ဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်သည်။

အလားတူ ယနေ့တွင်လည်း မြဝတီမြို့၊ မယ်ထော်သလေးနယ်မြေသို့ တရားမဝင် လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် ပြည်ပနိုင်ငံသား ၂၃၀ ဦးကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး လိုအပ်သည့် ကိုယ်ရေးအချက်အလက်များ၊ မှတ်တမ်းများ စာရင်းကောက်ယူခြင်းကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက ဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ မတ်လ ၂၄ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားစုစုပေါင်း ၈၄၃၂ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ဦးရေ ၅၂၀၀ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံး လုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၃၂၃၂ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကိုသက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

ရေစကြို၊မြို့နယ်၊ ရေလယ်ကျွန်းဒေသ၊ မိုးဖြူကျေးရွာနှင့် မိုးကွဲကျေးရွာတို့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက သက်ကြီးရွယ်အိုနှင့်ကလေးများအပါအဝင် ဒေသခံပြည်သူ ၅၀ ကျော်ကို ပစ်ခတ်ဖမ်းဆီးခဲ့ကြောင်း မဟုတ်မမှန်သတင်းအမှားများ ရေးသားဖြန့်ဝေ

နေပြည်တော် မတ် ၂၄

မကွေးတိုင်းဒေသကြီး၊ ရေစကြို၊မြို့နယ်၊ ရေလယ်ကျွန်းဒေသ၊ မိုးဖြူကျေးရွာနှင့် မိုးကွဲကျေးရွာတို့ကို မတ်လ ၂၁ ရက်နေ့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်ပြီး သက်ကြီးရွယ်အိုနှင့်ကလေးငယ်များအပါအဝင် ဒေသခံပြည်သူ ၅၀ ကျော်ကို ပစ်ခတ်ဖမ်းဆီးခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်သတင်းအမှားများ ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာမြို့နယ် လုံခြုံရေးတာဝန်ရှိသူတစ်ဦးထံ ဆက်သွယ်မေးမြန်းပြောကြားချက်အရ အဆိုပါသတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အဆိုပါနေ့ရက်တွင် လိုအပ်သည့် နယ်မြေလုံခြုံရေး ဆောင်ရွက်ခဲ့သော်လည်းအေးချမ်းစွာနေထိုင်နေသည့် ဒေသခံပြည်သူများအား အကြောင်းမဲ့ဖမ်းဆီးခြင်းမရှိကြောင်း၊ PDF အမည်ခံအကြမ်းဖက်သမားများကသာ ၎င်းတို့အား ထောက်ခံအားပေးမှုမရှိသည့် ဒေသခံပြည်သူများ၊ အစိုးရဝန်ထမ်းများနှင့် ရဟန်းသံဃာများအား ခေါင်းစဉ်အမျိုးမျိုးပြု၍ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုဖြစ်စဉ်တွင် အကြမ်းဖက်အားပေး တရားမဝင်ပြည်ဖျက်မီဒီယာများမှ အကြမ်းဖက်သမားများ၏ ယုတ်မာရက်စက်သည့် လုပ်ရပ်များကို ဖုံးကွယ်ပေးရန်နှင့် နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေး တပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ



အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန် လုပ်ကြံဝါဒဖြန့်နေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၅-၃-၂၀၂၅ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	ပုံတူ	ပုသိမ်	မြစ်ကြီးနား	စစ်ကိုင်	ဘားအံ	မော်လမြိုင်	လားရှိး	တောင်ကြီး	ဒိုင်းတော်	ဟားခါး
92 Ron	၂၉၉၀	၃၁၀၅	၃၀၇၀	၃၀၀၅	၃၁၁၀	၃၁၂၅	၃၁၄၅	၃၀၆၀	၄၅၀၅	၃၃၉၅	၃၀၈၀	၃၀၈၀	၃၁၅၀	၃၁၁၅	၃၁၃၅	၃၃၉၅
95 Ron	၃၀၄၅	၃၀၅၅	၃၁၂၀	၃၀၅၅	၃၁၆၀	၃၁၈၀	၃၁၉၅	၃၁၁၅	၄၄၆၀	၃၄၀၅	၃၁၃၀	၃၁၃၀	၃၂၀၀	၃၁၆၅	၃၁၉၀	၃၄၄၅
HSD (500 ppm)	၂၆၀၀	၂၇၁၅	၂၆၀၀	၂၆၁၅	၂၇၂၀	၂၇၃၅	၂၇၅၀	၂၆၇၀	-	၂၉၆၅	၂၆၉၀	၂၆၉၀	၂၇၆၀	၂၇၂၅	၂၇၄၅	၃၀၀၅
HSD (50 ppm)	၃၂၁၅	၃၃၃၀	၃၂၉၅	၃၂၃၀	၃၃၃၅	၃၃၅၀	၃၃၇၀	၃၂၈၅	၄၈၃၀	၃၅၈၀	၃၃၀၅	၃၃၀၅	၃၃၇၅	၃၃၄၀	၃၃၆၅	၃၆၂၀
HSD (10 ppm)	၃၂၁၅	၃၃၃၀	၃၂၉၅	၃၂၃၀	၃၃၃၅	၃၃၅၀	၃၃၇၀	၃၂၈၅	-	၃၅၈၀	၃၃၀၅	၃၃၀၅	၃၃၇၅	၃၃၄၀	၃၃၆၅	၃၆၂၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၈၂၁	၂၉၁၁
95 Ron	၂၈၇၂	၂၉၆၃
HSD (500 ppm)	၂၄၆၂	၂၅၂၁
HSD (50 ppm)	၃၀၄၀	၃၁၃၁
HSD (10 ppm)	၃၀၄၀	၃၁၃၁

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၄၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၂၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် မတ်လ ၂၄

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **မတ်လ ၂၁ ရက်**တွင် ချမ်းအေးသာစံမြို့နယ်၊ အောင်စိုးမိုးဆေးဆိုင်၌ တရားမဝင်ဆေးဝါး (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၉၁၅၀၀)ကို အမျိုးသားဆေးဝါးဥပဒေအရလည်းကောင်း၊ အမရပူရမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်၊ ပြင်ဦးလွင်မြို့နယ်နှင့် သာစည်မြို့နယ်တို့၌ တရားမဝင်ကျွန်းသစ် (၇ ဒသမ ၃၄၉)တန်၊ သစ်မာ (၆ ဒသမ ၄၃၃)တန်၊ အခြားသစ် (၂၂ ဒသမ ၂၄၃)တန်နှင့် ဆက်စပ်ပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၉၅၀၃၂၀) နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် Mitsubishi Canter (၁)စီး၊ Toyota Dyna (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၀၀၀၀၀၀) တို့ကို သစ်တောဥပဒေအရလည်းကောင်း၊ **မတ်လ ၂၂ ရက်**တွင် ပလိပ်မြို့၊ Denko ဆီဆိုင်အနီး၌ မော်တော်ယာဉ် (၂)စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉၀၁၈၆၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Man Tractor Head (၁)စီး၊ Nissan UD Tractor Head (၁)စီးနှင့် နောက်တွဲယာဉ် (၂)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၂၀၀၀၀၀)နှင့် ရန်ကုန်-မန္တလေးအမြန်လမ်း၊ မိုင်တိုင်အမှတ် (၃၅၆)မိုင်အနီး၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁၁)မျိုး၊ စားသောက်ကုန်ပစ္စည်း (၆)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၂၂၅၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Higer Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)တို့ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၅၆၂၉၀)** ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

မတ်လ ၂၂ ရက်တွင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ်(သုည ဒသမ၉၆၈)တန်၊ သစ်မာ (၁ ဒသမ ၁၀၈)တန်၊ အခြားသစ် (၁ ဒသမ ၂၆၇)တန် **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၄၆၈၈၇၄)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နှင့် အင်းစိန်မြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ် (၂)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၀၀၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ မြန်မာနိုင်ငံသားခရီးသည် (၈)ဦးနှင့် တရုတ်နိုင်ငံသားခရီးသည် (၁)ဦးတို့၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၂၁)မျိုး၊ လုပ်ငန်းသုံးပစ္စည်း (၆)မျိုး၊ စားသောက်ကုန်ပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၁၆၅၀၀၀)ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ (၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၇၀၆၂၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၈၇၁၈၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

မတ်လ ၂၃ ရက်တွင် ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ်၊ ဘားအံ စက်မှုဇုန်အနီး၌ မော်တော်ယာဉ် (၃၀)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၄၉)မျိုး၊ လူသုံးကုန်ပစ္စည်း(၂၆)မျိုး၊ လုပ်ငန်းသုံးပစ္စည်း(၆၀)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၇၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Truck (၉)စီး၊ Mitsubishi Fuso Truck (၅)စီး၊ Hino Ranger Truck (၃)စီး၊ Nissan Diesel Truck (၃)စီး၊ Pyay Truck (၃)စီး၊ Chenglong Dump Truck (၁)စီး၊ Hino Truck (၁)စီး၊ Hyundai KMFLA Truck (၁)စီး၊ Dagon Tawwin Truck (၁)စီး၊ Hino Profia Truck (၁)စီး၊ Toyota Truck (၁)စီး၊ Yae Nan Chaung Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၀၀၀၀၀၀၀) စုစုပေါင်း **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၂၀၆၃၂၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့၊ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Nissan X-Trail မော်တော်ယာဉ်(၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ တနင်္သာရီတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့နယ်၊ အေးရိပ်ငြိမ်ရပ်ကွက်၊ ဗိုလ်ရွဲလမ်း၊ အင်ဂျင်ဝိုင်စက်ရုံဟောင်းအနီး၌ စုပုံထားသော အကောက်ခွန်မဲ့လူသုံးကုန်ပစ္စည်း (၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၂၀၀၀၀၀)ကိုလည်းကောင်း၊ ကော့သောင်းမြို့၊ အေးရိပ်ငြိမ်ရပ်ကွက်၊ ရေခဲစက်လမ်းရှိ ကမ်းနားဂိုဒေါင်၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၀၀၀၀၀၀)ကိုလည်းကောင်း၊ စုစုပေါင်း **(ခန့်မှန်းတန်ဖိုးငွေကျပ် ၉၁၂၀၀၀၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

မတ်လ ၂၁ ရက်၊ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၉၃)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၉၅၂၅၄၄၉၄)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့်အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေသည်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာ တာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှသိရသည်။

(သတင်းစဉ်)

ပျောက်ဆုံးကြောင်း

နေအောင်(ဘ)ဦးပဲဇ/တသန (နိုင်) ၁၄၃၅၁၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (MA 385284)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၅၄၆၀၇၅

ပျောက်ဆုံးကြောင်း

နန်းခမ်းမိုင်(ဘ)ဦးစိုင်းထွန်းလေး ၁၃/မဆတ(နိုင်)၀၄၄၇၇၆ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 301961)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၉၈၀၀၇၀

ပျောက်ဆုံးကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ သာပေါင်းမြို့နယ်၊ ကွပ်ပြင်ရွာနေ နော်ပစောဘွီး(ဘ)ဦးကျောရီ ၁၄/သပန(နိုင်)၀၆၇၃၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၃၀၁၆၈၁၀

မတည်ငွေရင်းလျှော့ချမည့် ဖြစ်ကြောင်း ကြေညာခြင်း

Jiang Dong Co.,Ltd. (Reg No. 101994848)၏ မတည်ငွေရင်းလျှော့ချရန်အတွက် အစုရှယ်ယာရှင်များ၏ အထွေထွေအစည်းအဝေးတစ်ရပ်အား ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒါရိုက်တာအဖွဲ့
Jiang Dong Co.,Ltd.

ပျောက်ဆုံးကြောင်း

မင်းသူထိုက်(ဘ)ဦးမောင်သန့် ၁၂/သဃက(နိုင်)၂၀၀၅၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၄၀၀၅၇၇

ပျောက်ဆုံးကြောင်း

မလှခင်(ဘ)ဦးတော်ယောက် ၁၂/ဒဂဆတ(နိုင်)၀၃၁၅၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၁၈၆၄၇၆၀

ပျောက်ဆုံးကြောင်း

ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ်၊ ဒု-ပြင်ရှည်ရွာနေ ဦးညီလေးဆန်း(ဘ)ဦးဇွန်လှထွန်း ၁၀/ဘသတ(နိုင်)၀၃၀၅၇၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (MD 998365)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၀၄၀၆၅၇၃

မတည်ငွေရင်းလျှော့ချမည့် ဖြစ်ကြောင်း ကြေညာခြင်း

E-Bridge Co.,Ltd. (Reg No. 100777746)၏ မတည်ငွေရင်းလျှော့ချရန်အတွက် အစုရှယ်ယာရှင်များ၏ အထွေထွေအစည်းအဝေးတစ်ရပ်အား ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒါရိုက်တာအဖွဲ့
E-Bridge Co.,Ltd.

ပျောက်ဆုံးကြောင်း

ထက်အောင်၀င်း(ဘ)ဦးကျော်စွာအောင်ဇ/ဥတသ(နိုင်)၀၁၀၇၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 698516)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၀၉၂၂၁၁၀၀

ပျောက်ဆုံးကြောင်း

သီဟစိုး(ဘ)ဦးနုလှိင်၁၂/အစန(နိုင်)၂၃၀၆၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (MC 023546)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၇၃၇၇၁၁၁၃

ပျောက်ဆုံးကြောင်း

မြဝတီမြို့၊ အမှတ်(၄)ရပ်ကွက်၊ ကျောက်လုံးကြီးဘုရားလမ်းနေ မအေးအေးပိုင် (ဘ)ဦးဝေလွင် ၁၀/မလမ(နိုင်)၂၀၆၃၂၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၇၃၃၀၄၅၅

မတည်ငွေရင်းလျှော့ချမည့် ဖြစ်ကြောင်း ကြေညာခြင်း

Good Father Co.,Ltd. (Reg No. 100778106)၏ မတည်ငွေရင်းလျှော့ချရန်အတွက် အစုရှယ်ယာရှင်များ၏ အထွေထွေအစည်းအဝေးတစ်ရပ်အား ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဒါရိုက်တာအဖွဲ့
Good Father Co.,Ltd.

ပျောက်ဆုံးကြောင်း

ဗန်ပါရဲ(ဘ)ဦးဘွေဆိန်း ၄/မတပ(နိုင်)၀၆၁၅၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 250004)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၀၈၆၀၃၂၈

ပျောက်ဆုံးကြောင်း

မောင်မောင်ထွန်း(ဘ)ဦးလေးမောင် ၁၂/ဥကတ(နိုင်)၀၃၁၆၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(073700)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

ပျောက်ဆုံးကြောင်း

ပဲခူးမြို့၊ (၁၉)ရပ်ကွက်၊ ဟသံဘကုန်းနေ မမိဖြူ(ဘ)ဦးစိန်လင်း ၇/ပခန(နိုင်)၂၀၈၂၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၅၆၂

မတည်ငွေရင်းလျှော့ချမည့် ဖြစ်ကြောင်း ကြေညာခြင်း

Jian Dong Co.,Ltd. (Reg No. 101644774)၏ မတည်ငွေရင်းလျှော့ချရန်အတွက် အစုရှယ်ယာရှင်များ၏ အထွေထွေအစည်းအဝေးတစ်ရပ်အား ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဒါရိုက်တာအဖွဲ့
Jian Dong Co.,Ltd.

ပျောက်ဆုံးကြောင်း

ရဲနိုင်(ဘ)ဦးချစ်ခင် ၁၂/မရက(နိုင်)၀၃၆၄၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၄၀၀၈

ပျောက်ဆုံးကြောင်း

ဘီဗန်ဘွဲ့ထောင်း(ဘ)ဦးဘွဲ့ခွန် ၅/ကလဝ(နိုင်)၀၂၇၉၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၀၆၆၈၅၁

ပျောက်ဆုံးကြောင်း

ဒိုက်ဦးမြို့နေ မိုးသူဇော်၀င်း(ဘ)ဦးစိန်ကုလား ၇/ဒဥန(နိုင်)၁၇၄၄၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၅၆၂

မတည်ငွေရင်းလျှော့ချမည့် ဖြစ်ကြောင်း ကြေညာခြင်း

Jing Dong Diesel Engine Co.,Ltd.(Reg No.101643107)၏ မတည်ငွေရင်းလျှော့ချရန်အတွက် အစုရှယ်ယာရှင်များ၏ အထွေထွေအစည်းအဝေးတစ်ရပ်အား ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒါရိုက်တာအဖွဲ့
Jing Dong Diesel Engine Co.,Ltd.

ပျောက်ဆုံးကြောင်း

စန္ဒာအောင်(ဘ)ဦးသန်းအောင် ၁၂/အလန(နိုင်)၀၁၉၁၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 299762)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၄၁၁၆၆၅၃

မတည်ငွေရင်းလျှော့ချမည့် ဖြစ်ကြောင်း ကြေညာခြင်း

Chamg Fa Co.,Ltd. (Reg No. 115512951)၏ မတည်ငွေရင်းလျှော့ချရန်အတွက် အစုရှယ်ယာရှင်များ၏ အထွေထွေအစည်းအဝေးတစ်ရပ်အား ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဒါရိုက်တာအဖွဲ့
Chamg Fa Co.,Ltd.

မတည်ငွေရင်းလျှော့ချမည့် ဖြစ်ကြောင်း ကြေညာခြင်း

Kawar Co.,Ltd. (Reg No. 10679535)၏ မတည်ငွေရင်းလျှော့ချရန်အတွက် အစုရှယ်ယာရှင်များ၏ အထွေထွေအစည်းအဝေးတစ်ရပ်အား ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဒါရိုက်တာအဖွဲ့
Kawar Co.,Ltd.

ပျောက်ဆုံးကြောင်း

လှမိုးစိ(ဘ)ဦးလှရီ ၁၂/ဥကမ(နိုင်)၀၇၇၉၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(A 232506)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၀၅၃၂၇

ပျောက်ဆုံးကြောင်း

ဆုမော်ဇင်(ဘ)ဦးကျော်ရိန် ၆/မမန(နိုင်)၁၉၆၅၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 453092)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၂၀၀၀၅၅

ပျောက်ဆုံးကြောင်း

သူဇောသိမ့်(ဘ)ဦးလွန်းကြည် ၈/မကန(နိုင်)၂၆၂၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 859064)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၀၆၆၈၅၁

အလိမ္မာစာမှာရှိ

ဖုန်းဘေလ်နှင့်ထိုက်စမ်းထားသူများအတွက် ထိဆုငွေထုတ်ယူရန်နည်းလမ်းများ

5 Digits Online Lottery



Application ကနေတဆင့် ဖုန်းဘေလ်နှင့်ဝယ်ယူသူများ
ထိဆုငွေလက်ခံမည့် အကောင့်တွင် မိမိ၏ eWallet
အကောင့် နှင့် ဖုန်းနံပါတ်ကို မှန်ကန်စွာဖြည့်ထားပါ။



*117# ကနေတဆင့် ဝယ်ယူသူများ
*117*5# ကိုခေါ်ဆိုပြီး
ထိဆုငွေလက်ခံမည့် မိမိ၏
eWallet အကောင့်နှင့်ဖုန်းနံပါတ်ကို မှန်ကန်စွာဖြည့်ထားပါ။

Call Center 777 (or) 09 677 000 777

*117# ကိုခေါ်ဆိုပြီး Mytel ဖုန်းဘေလ်ဖြင့် 5 Digits အောင်ဘာလေအွန်လိုင်းထိ ဝယ်ယူကံစမ်းနိုင်ပါပြီ။

ပျောက်ဆုံးကြောင်း

အောင်ကိုကို(ဘ)ဦးဇော်ဝင်း ၁၂/တမန(နိုင်)၁၃၉၀၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၅၂၉၀၀၅၁

ပျောက်ဆုံးကြောင်း

တိုးဝေဝေဖြိုး(ဘ)ဦးတင်ညွန့် ၁၂/ဒဂတ(နိုင်)၀၅၉၉၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆

ပျောက်ဆုံးကြောင်း

သူဇာဝင်း(ဘ)ဦးညီ ၉/တကန(နိုင်)၂၀၇၉၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 984848)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆

ပျောက်ဆုံးကြောင်း

ကွေးလျှဲ(ဘ)ဦးကျွမ်းဆိုင် ၁၃/လရန(နိုင်)၂၃၉၀၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောကဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆

ပျောက်ဆုံးကြောင်း

မခင်ပြိုး(ဘ)ဦးခင်မောင် ၁၂/စခန(နိုင်)၀၁၇၂၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(265818)မှာ ပျောကဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆

ပျောက်ဆုံးကြောင်း

ရာဇာစိုး(ဘ)ဦးခင်မောင်စိုး ၈/မကန(နိုင်)၁၇၂၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၀၅၃၂၇

ပျောက်ဆုံးကြောင်း

ရဲမင်းစိုး(ဘ)ဦးဟူစိန် ၁၂/သကတ(နိုင်)၂၂၉၂၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 016838)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၁၀၅၈၄၂

ပျောက်ဆုံးကြောင်း

သင်းစုနိုင်(ဘ)ဦးတင်မျိုးအောင် ၁၂/သလန(နိုင်)၁၅၉၈၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆

ပျောက်ဆုံးကြောင်း

နှင်းရန်စိုး(ဘ)ဦးမောင်မောင်ရီ ၁၄/မအန(နိုင်)၂၂၁၅၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆

ပျောက်ဆုံးကြောင်း

အေးအေးသန်း(ဘ)ဦးချစ်တင် ၁၂/ဒပန(နိုင်)၀၄၀၈၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆

ပျောက်ဆုံးကြောင်း

မပြည့်စုစံ(ဘ)ဦးသက်နောင်ဦး ၁၂/ဒဂတ(နိုင်)၁၄၃၆၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၃၅၀၃

ပျောက်ဆုံးကြောင်း

သန်းစိုး(ဘ)ဦးမောင်မောင် ၁၂/အစန(နိုင်)၀၃၀စ၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 533526)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၄၀၄၄၅၀၃

အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ အောင်ဇေယျလမ်းနေ (ဘ) ဦးမြင့်ဌေး၏သမီး ၉/တကန(နိုင်)၂၁၃၄၆၆ ကိုင်ဆောင်သူ မဇင်ညိုထွန်းဟုပြောင်းလဲခေါ်ဆိုပါရန်။ မဇင်ညိုထွန်း

ပျောက်ဆုံးကြောင်း

နေခြည်ထွန်း(ဘ)ဦးအေးသိန်း ၁၄/ဓနဖ(နိုင်)၀၉၂၉၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆

ပျောက်ဆုံးကြောင်း

သူသူစိုး(ဘ)ဦးမောင်တင်စိုး ၁၄/ငရက(နိုင်)၀၁၅၇၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆

ပျောက်ဆုံးကြောင်း

ဇော်မင်းထွန်း(ဘ)ဦးကျော် ၉/မခန(နိုင်)၁၉၅၉၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆

ပျောက်ဆုံးကြောင်း

ဒေါ်လဲ့လဲ့အောင်(ဘ)ဦးလှညို ၈/ထလန(နိုင်)၀၃၉၉၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 809546)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၄၅၀၅၉၃၈

ပျောက်ဆုံးကြောင်း

စုစုစံ(ဘ)ဦးကျော်မြင့်အေး ၁၂/မရက(နိုင်)၁၄၀၇၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၃၀၅၅၀၈

ပျောက်ဆုံးကြောင်း

မျိုးမြင့်အောင်(ဘ)ဦးအောင်ကောင်း ၁၄/ဒဒရ(နိုင်)၁၁၅၈၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(551640)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၄၄၅၂၃၇၇

ပျောက်ဆုံးကြောင်း

ခင်သီတာဆွေ(ဘ)ဦးခင်မောင်ဆွေ ၅/ကလထ(နိုင်)၁၇၁၈၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 386583)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၀၀၅၀၇၄၉၀

ပျောက်ဆုံးကြောင်း

ဦးသိန်းဝင်း(ဘ)ဦးသန်းရွှေ ၁၂/မဂတ(နိုင်)၀၄၇၈၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆

ပျောက်ဆုံးကြောင်း

မာလာအောင်(ဘ)ဦးအောင်ချင်း ၁၂/ဥကမ(နိုင်)၂၄၉၈၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆

ပျောက်ဆုံးကြောင်း

သဏ္ဌာန္တယ်(ဘ)ဦးသိန်းစိုး ၁၄/ဒဒရ(နိုင်)၁၈၆၃၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 278315)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆

ပျောက်ဆုံးကြောင်း

မကေမာဝင်း(ဘ)ဦးကြင်ရှိ ၆/ရဖန(နိုင်)၀၆၂၀၆၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၉၉၂၂၇၀၀

ပျောက်ဆုံးကြောင်း

မောင်မင်းမင်း(ဘ)ဦးကောင်းယုံဆင် ၁၃/ တမဆ(နိုင်)၀၀၅၁၀၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 399689)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

ပျောက်ဆုံးကြောင်း

မြတ်မင်းသူ(ဘ)ဦးမြဝင်း ၈/တတက(နိုင်)၁၃၄၉၇၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၆၄၉၀၅၄၄၄

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
အထွေထွေပို့လျှံရန်ပုံငွေ(GRF)ဖြင့် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ဓမ္မူသိရိမြို့နယ်၊ နေပြည်တော်တွင် အထွေထွေပို့လျှံရန်ပုံငွေ(GRF)ဖြင့် ဆောင်ရွက်မည့် တစ်ထပ်ယာယီ ကျောင်းသား/ကျောင်းသူဆောင်များ၊ ကျောင်းသား/ကျောင်းသူများအတွက် တစ်ထပ်ယာယီထမင်းစားဆောင်များနှင့် အဆောက်အဦများအတွက် ဆက်စပ်လုပ်ငန်းများဖြစ်သော လူသွားလမ်း၊ ရေရှိရေးနှင့် လျှပ်စစ်မီးရရှိရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန(ရုံးချုပ်)တွင် ၂၄-၃-၂၀၂၅ ရက်နေ့မှ ၇-၄-၂၀၂၅ ရက်နေ့အထိ ရုံးချိန်အတွင်းရောင်းချမည်ဖြစ်ပြီး ပြန်လည်တင်သွင်းလာမည့် တင်ဒါပုံစံများကို ၇-၄-၂၀၂၅ ရက်နေ့ တစ်ရက်တည်းသာ ရုံးချိန်အတွင်း တင်ဒါပုံစံဝယ်ယူခဲ့သောနေရာတွင် ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်းနံပါတ် ၀၆၇၃၄၀၄၀၂၊ ၀၆၇၃၄၀၄၄၈၅ (ဦးစီးဌာန၊ ရုံးချုပ်)တွင် ဆက်သွယ်စုံစမ်းနိုင်ပြီး Website ဖြစ်သော www.dtvet.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန

ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

နေပြည်တော် ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၁၅/တပင်ရွှေထီးရပ်ကွက်ရှိ ထွန်းထွန်းစိုး ၁/ဒဂန(နိုင်)၀၃၀၀၇၇ အဘာအမည် ဦးလှစိုး အမည်ပေါက်ပါမစ်မြေကွက်အမှတ်၊ ပစ(င)၄၂၃ အမည်ပေါက်(ကွယ်လွန်)၏တရားဝင်အမွေခံဇနီးဖြစ်သူ ဒေါ်လှဌေးမြင့်၈/ရနခ(နိုင်)၀၂၀၉၂၅ အဘာအမည် ဦးကျော်ရင်မှ တရားဝင်အမွေခံဇနီးဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဖိုးပေးသွင်းချလန် မိတ္တူ၊ ထွန်းထွန်းစိုး၊ သေဆုံးခြင်းလက်မှတ်မိတ္တူ၊ မြေကွက်ပေါ်ရှိအဆောက်အဦပိုင်များတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်၊ ဒီဂရီများအထောက်အထားနှိုင်းလုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာချက်ပါရှိသည့်ရက်မှစ၍(၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

GKF MYANMAR COMPANY LIMITED
မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာ ဥပဒေပုဒ်မ(၁၄၇)
အစုရှယ်ယာရှင်များဆန္ဒအလျောက် ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းရန် ကြေညာခြင်း

၁။ "GKF MYANMAR COMPANY LIMITED"ကို အစုရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန်(၂၄-၃-၂၀၂၅)နေ့က ကုမ္ပဏီရုံးခန်းတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအရပ်ရပ်အစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ၎င်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တိုက်အမှတ်(၂၉၅)၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇင်ဝေ(၂၁၀)လက်မှတ်ရပြည်သူ့စာရင်းကိုင်အားခန့်အပ်ထားရန်ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကိုတစ်လအတွင်း ဦးဇင်ဝေ(၂၁၀)လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဦးဇင်ဝေ	ARKAR KYAING
B.Com(AA);C.P.A(210)	Director
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ	GKF MYANMAR COMPANY LIMITED

"၃၁ ရွှေမန္တလာ ကုမ္ပဏီလီမိတက်
လူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ(၁၄၇)၊ ပုဒ်မ(က)၊ ပုဒ်မခွဲငယ်(၂)အရ အစုရှင်များ၏ဆန္ဒအလျောက် ဖျက်သိမ်းရန်ကြေညာချက်"

၁။ ၃၁ ရွှေမန္တလာကုမ္ပဏီလီမိတက်ကို အစုရှင်များ၏ဆန္ဒအလျောက်ဖျက်သိမ်းရန်(၂၄-၃-၂၀၂၅)နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးဇော်လွင်(နိုင်ငံသားစိစစ်ရေးအမှတ်-၅/ရဥန(နိုင်)၀၅၅၂၈၄)အား ခန့်ထားရန် ဆုံးဖြတ်ကြပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့် ရရန်ရှိသည်များကို (၂၄-၄-၂၀၂၅)နေ့ နောက်ဆုံးထား၍ ဦးဇော်လွင်(စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ)ထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာအပ်ပါသည်။

ဒေါ်ခိုင်ခိုင်ဝင်း	ဦးဇော်လွင်(စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ)
(အုပ်ချုပ်မှုဒါရိုက်တာ)	အမှတ်(၃၁၃/၃၂၃)၊ အခန်း-၈/၆၊ (၇)လွှာ၊ Sea
၃၁ ရွှေမန္တလာ	Green Tower၊ မဟာဗန္ဓုလလမ်းနှင့် ဗိုလ်အောင်ကျော်
ကုမ္ပဏီလီမိတက်	လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊
	ရန်ကုန်တိုင်းဒေသကြီး။

OKKALAPA MIN COMPANY LIMITED
စာရင်းရှင်းလင်းဖျက်သိမ်းအရာရှိခန့်အပ်ကြောင်းကြေညာခြင်း
လူမွဲခံယူခြင်းဆိုင်ရာဥပဒေ ၁၅၂(က)လူမွဲခံယူခြင်းဆိုင်ရာနည်းဥပဒေ ၁၅အရ (ကုမ္ပဏီတွင်ပါဝင်သူများဆန္ဒအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

၁။ OKKALAPA MIN COMPANY LIMITED အားကုမ္ပဏီတွင်ပါဝင်သူများဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန်(၂၂-၃-၂၀၂၅)ရက်နေ့တွင် ကျင်းပခဲ့သော သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးတွင် ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးသိန်းလှိုင်ထွန်း(စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ)(MMAIP-00232)အားခန့်အပ်သွားရန်ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို (၂၄-၄-၂၀၂၅)ရက်နေ့ထက် နောက်မကျစေဘဲ အထက်ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ ခိုင်လုံသောသက်သေပြစာရွက်စာတမ်းအထောက်အထားများနှင့်တကွ တင်ပြတောင်းခံနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ဖော်ပြပါနေ့စွဲထက်နောက်ကျပြီး တင်ပြလာသော ကြွေးမြီများအား ကုမ္ပဏီမှ တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါ။

ဦးသိန်းလှိုင်ထွန်း(တရားလွှတ်တော်ရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းအရာရှိ(MMAIP-00232) PAI Consultant Service
ရုံးခန်းလိပ်စာ-အမှတ်၆/၈၊ အခန်း ၁၀၄၊ အထက်ပုဇွန်တောင်လမ်းမ၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉၄၂၂၁၇၅၁၄၊ ၀၉၇၇၄၄၈၈၄၆

LWIN DEVELOPMENT COMPANY LIMITED
စာရင်းရှင်းလင်းဖျက်သိမ်းအရာရှိခန့်အပ်ကြောင်းကြေညာခြင်း
လူမွဲခံယူခြင်းဆိုင်ရာဥပဒေ ၁၅၂(က)လူမွဲခံယူခြင်းဆိုင်ရာနည်းဥပဒေ ၁၅အရ (ကုမ္ပဏီတွင်ပါဝင်သူများဆန္ဒအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

၁။ LWIN DEVELOPMENT COMPANY LIMITED အားကုမ္ပဏီတွင်ပါဝင်သူများဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန်(၂၂-၃-၂၀၂၅)ရက်နေ့တွင် ကျင်းပခဲ့သော သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးတွင် ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးသိန်းလှိုင်ထွန်း(စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ)(MMAIP-00232)အားခန့်အပ်သွားရန်ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို (၂၄-၄-၂၀၂၅)ရက်နေ့ထက် နောက်မကျစေဘဲ အထက်ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ ခိုင်လုံသော သက်သေပြစာရွက်စာတမ်းအထောက်အထားများနှင့်တကွ တင်ပြတောင်းခံနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ဖော်ပြပါနေ့စွဲထက်နောက်ကျပြီး တင်ပြလာသော ကြွေးမြီများအား ကုမ္ပဏီမှ တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါ။

ဦးသိန်းလှိုင်ထွန်း(တရားလွှတ်တော်ရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းအရာရှိ(MMAIP-00232) PAI Consultant Service
ရုံးခန်းလိပ်စာ-အမှတ်၆/၈၊ အခန်း ၁၀၄၊ အထက်ပုဇွန်တောင်လမ်းမ၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉၄၂၂၁၇၅၁၄၊ ၀၉၇၇၄၄၈၈၄၆

ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြော်ငြာခြင်း

မော်လမြိုင်မြို့မူပွန်(နတ်ကျွန်းရပ်)သစ်မာရုံးရှေ့နေ (ဘ)ဦးခင်မောင်လေး၏ သမီးဖြစ်သူ ဒေါ်အေးအေးသင်း ၁၂/မဂတ(နိုင်)၀၂၉၀၀၄ ကိုင်ဆောင်သူမှ အများသိစေရန် ကြော်ငြာအပ်ပါသည်။

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မူပွန်ရပ်ကွက်၊ တိုးချဲ့(၁)လမ်း၊ လမ်းသွယ်(၄)ရှိ မြေကွက်အမှတ်(၅၄၆/အေ)မြေအကျယ်အဝန်း(၄၀x၆၀)ပေအနက်(ခေါင်းရင်းခြမ်း)(၂၀x၆၀)ပေရှိ မြေကွက်အား ဦးအောင်လွင်(ခ)လချမနား(ဘ)ဦးမာလီပါး ၁၀/မလမ(နိုင်)၃၀၄၇၁၂ ကိုင်ဆောင်သူမှ (၂-၁-၂၀၂၅)ရက်စွဲပါ "နှစ်ဦးသဘောတူအိမ်ခြံမြေအရောင်းအဝယ်ကတိစာချုပ်" ဖြင့်လက်ထိလက်ရောက်ဝယ်ယူပိုင်ဆိုင်ခဲ့သော မြေကွက်ဖြစ်ပြီး ယခုအခါ အဆိုပါမြေကွက်အား ဒေါ်အေးအေးသင်း ၁၂/မဂတ(နိုင်)၀၂၉၀၀၄ ကိုင်ဆောင်သူမှ (၂၀-၃-၂၀၂၅)ရက်စွဲပါ "နှစ်ဦးသဘောတူခြံမြေကွက်အရောင်းအဝယ်စာရွက်စာတမ်းစာချုပ်"ဖြင့် အရောင်းအဝယ်ပြုလုပ်ရန် စရန်ငွေပေးအပ်ထားပြီးဖြစ်ရာ အထက်ပါမြေကွက်နှင့်စပ်လျဉ်း၍ တစ်စုံတစ်ရာကန့်ကွက်တားမြစ်လိုသူများရှိပါက ယခုကြော်ငြာပါရှိပြီးသည့်နေ့ရက်မှစတင်၍ (၇)ရက်အတွင်း ခိုင်လုံသောသက်သေအထောက်အထားဖြင့် ကန့်ကွက်တားမြစ်နိုင်ပါကြောင်း၊ အကယ်၍ သတ်မှတ်ရက်အတွင်း တစ်စုံတစ်ရာကန့်ကွက်တားမြစ်မှုများမရှိပါက ကျွန်ုပ်တို့မှ အထက်ပါမြေကွက်အားဥပဒေနှင့်အညီ အရောင်း/အဝယ်ပြုလုပ်မည်ဖြစ်ကြောင်း ယခုကြော်ငြာဖြင့် အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်အေးအေးသင်း(ဘ)ဦးခင်မောင်လေး ၁၂/မဂတ(နိုင်)၀၂၉၀၀၄
သစ်မာရုံးရှေ့၊ မူပွန်နတ်ကျွန်းရပ်၊ မော်လမြိုင်မြို့။
ဖုန်း-၀၉၆၇၆၇၀၉၀၁၅

❖ **စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသနှင့်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူ ဖြစ်စေနိုင်မည်ဖြစ် . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ မေလ ၂၄ ရက်နေ့တွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားမှုမှကောက်နုတ်ချက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗဟုဝါဒနှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

နှစ်(၈၀)ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနား၌ ပါဝင်စစ်ရေးပြကြမည့် စစ်ရေးပြစစ်ကြောင်းကြီးများ ဝတ်စုံပြည့်စစ်ရေးပြလေ့ကျင့်

နေပြည်တော် မတ် ၂၄

၂၀၂၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် ကျရောက်မည့် နှစ်(၈၀)ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် ပါဝင်ချီတက်စစ်ရေးပြကြမည့် စစ်ရေးပြစစ်ကြောင်းကြီးများသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်စစ်ရေးပြကွင်း၌ ဝတ်စုံပြည့်စစ်ရေးပြလေ့ကျင့်မှုများဆောင်ရွက်ကြသည်။

စစ်ရေးပြလေ့ကျင့်မှုတွင် စစ်ကြောင်း(၇)ကြောင်းမှ အရာရှိ၊ စစ်သည်များ၊ အမျိုးသမီးတပ်ဖွဲ့ဝင်များသည် စုရပ်ဖြစ်သည့် သစ်တပ်ကွင်းမှ စစ်ရေးပြကွင်းကြီးသို့ တပ်မတော်(ကြည်း၊ ရေ၊ လေ)စစ်တီးဝိုင်းအဖွဲ့နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲတီးဝိုင်းအဖွဲ့တို့၏ တီးခတ်မှုနှင့် အတူ စစ်ချီသီချင်းများကို အားမာန်အပြည့်အဝဖြင့် သီဆို၍ ညီညာစွာချီတက်ကြပြီး စစ်ရေးပြအခမ်းအနားအစီအစဉ်များအတိုင်း လေ့ကျင့်ဆောင်ရွက်ကြသည်။ **စာမျက်နှာ ၁၁ ကော်လံ ၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း စစ်ကြောင်းတပ်ခွဲများ၏ ဝတ်စားဆင်ယင်မှု ဆိုင်ရာများ၊ စစ်ရေးပြလက်နက်ငယ်များနှင့် စစ်ဝတ်တန်ဆာများပြင်ဆင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။



ဆောင်းပါး

စစ်ရေးစစ်ရာ ပျို့လင်္ကာသုံးစောင်

စာ - ၁၃ သို့

ယနေ့ထုတ် မြဝတီသတင်းစာတွင် နှစ်(၈၀)ပြည့် တပ်မတော်နေ့ အထူးအချပ်ပို (၄)မျက်နှာ ပါရှိပါသည်။



မြဝတီ
အထူးအချပ်ပို


နှစ်(၈၀)ပြည့် တပ်မတော်နေ့

၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်၊ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၇ ရက်၊ အင်္ဂါနေ့ အချပ်ပို(က)




လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူပေါ်ပေါက်လာသည့်တပ်မတော်











တပ်မတော်

မရှိသောနိုင်ငံဟူ၍ ကမ္ဘာတွင် မရှိသေးသည်မှာ တပ်မတော်၏ အရေးပါမှု၊ အရာရောက်မှုကို ညွှန်းဆိုနေခြင်းဖြစ်သည်။ တပ်မတော်ဆိုသည်မှာ ကြည်းတပ်၊ ရေတပ်၊ လေတပ် ပါဝင်သော နိုင်ငံတော်၏ကာကွယ်ရေး တပ်ပေါင်းစုဖြစ်သည်။

အခြားသောနိုင်ငံများထက်မြန်မာနိုင်ငံတွင် တပ်မတော်ပေါ်ပေါက်လာရသည့် သမိုင်းကြောင်းမှာထူးခြားလှသည်ဟုဆိုနိုင်သည်။ မလွတ်လပ်သောနိုင်ငံအဖြစ် နေထိုင်ကြရစဉ် တပ်မတော်တစ်ရပ်ဖြစ်ပေါ်လာအောင် လှုပ်ရှားရုန်းကန်ခဲ့ရသည့် သမိုင်းကြောင်းသည် အမြဲထာဝစဉ်မမေ့အပ်သည့် သမိုင်းကြောင်းဖြစ်သည်။ တပ်မတော်တစ်ရပ်အဖြစ်ထင်ရှားစွာပေါ်ပေါက်လာသည့်အတွက် မြန်မာနိုင်ငံသည် လွတ်လပ်ရေးလမ်းကြောင်းပေါ်သို့ ရောက်ရှိလျှောက်လှမ်းနိုင်ခြင်းဖြစ်သည်။


မြန်မာ့သမိုင်းကိုအကျဉ်းမျှဖော်ပြရလျှင် ၁၉ ရာစုနှောင်းပိုင်းတွင် ကမ္ဘာ့အနောက်ခြမ်းနိုင်ငံများတွင် စက်မှုအတတ်ပညာများထွန်းကားလာသည်။ မြန်မာနိုင်ငံတွင် ပဒေသရာဇ်စနစ်ကျင့်သုံးနေသည်။ နိုင်ငံတော်ကာကွယ်ရေးအင်အားအနေဖြင့်ရှိနေသော်လည်း ခေတ်မီလက်နက်၊ ခေတ်မီစစ်အတတ်ပညာတို့တွင် အားနည်းသည်။ ထိုသို့သော အခွင့်ကောင်းကိုယူကာ အင်္ဂလိပ်နယ်ချဲ့တို့က ၁၈၂၄ ခုနှစ်၊ ၁၈၅၂ ခုနှစ်နှင့် ၁၈၈၅ ခုနှစ်တို့တွင် ကျူးကျော်စစ်သုံးကြိမ် ဆင်နွှဲခဲ့သည်။ ထိုစစ်ပွဲသုံးကြိမ်တွင် မြန်မာတို့စစ်ရှုံးခဲ့သည်။

သိုးငယ်ကို ဝံပုလွေအနိုင်ကျင့်သကဲ့သို့ အနိုင်ကျင့်ခံခဲ့ရသော အဖြစ်အပျက်သည် မြန်မာတို့အတွက် နာကြည်း၊ မုန်းတီး၊ စက်ဆုပ်ဖွယ်ဖြစ်သည်။ စာထဲတွင်သာသင်ကြားဖတ်ရှုခဲ့ရသော ကိုယ်တွေ့မကြုံသည့် သမိုင်းကြောင်းကိုပင် ကျွန်တော်တို့ခံစားနေရသေးလျှင် ထိုခေတ်ထိုအခါက လူငယ်တို့စိတ်တွင် မည်သို့ဖြစ်နေမည်ကိုစဉ်းစားကြည့်ရုံဖြင့် သိနိုင်ပါသည်။ သူ့ကျွန်အဖြစ်နေရစဉ်အတွင်း မြန်မာလူငယ်တို့နာကျင်ခံခက်ဖြစ်နေမည်သာဖြစ်သည်။ ထို့ကြောင့်လည်း အရေးကြုံလာသည်နှင့် “အင်္ဂလိပ်အခက် ဗမာ့အချက်” စွဲမှတ်ကာ အင်္ဂလိပ်တို့အခက်အခဲကြုံနေစဉ် မြန်မာလူငယ်တို့ပြည်ပသို့ထွက်ခွာသွားကာ စစ်ပညာများတတ်မြောက်အောင် သင်ယူခဲ့ကြသည်။

“တပ်မတော်အစ ဘီအိုင်အေက” ဆိုစကားအတိုင်း တပ်မတော်၏အစ ဘီအိုင်အေစတင်ဖွဲ့စည်းစဉ်က ဦးဆောင်ပါဝင်ခဲ့ကြသည့် ရဲဘော်သုံးကျိပ်အကြောင်းကိုမှတ်တမ်းတင်ထားရမည်ဖြစ်သည်။ သခင်လူငယ်ရဲဘော်သုံးကျိပ်တွင် ဗိုလ်ချုပ်အောင်ဆန်းသည် ခေါင်းဆောင်ဖြစ်သည်။ ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) ကို ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်တွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ စတင်ဖွဲ့စည်းခဲ့ကြသည်။

“ငါတို့ဗမာလူမျိုးများသည် ကျွန်လူမျိုးမဟုတ်၊ သခင်လူမျိုးဖြစ်သည်၊ မည်သည့်လူမျိုးအောက်မှ ဒူးထောက်ကာ ကျွန်ခံခဲ့သောလူမျိုးမဟုတ်၊ လာရောက်လွှမ်းမိုးသောလူမျိုးတို့အား အစဉ်သဖြင့် တော်လှန်သုတ်သင်ခဲ့ကြသည်ချည်းဖြစ်၏။ သို့ဖြစ်၍ နယ်ချဲ့အင်္ဂလိပ်တို့အား တော်လှန်ကြကုန်အံ့။ ပုန်ကန်ကြကုန်အံ့။ ငါတို့သည်လွတ်လပ်ရေးကို သွေးနှင့်လဲခဲ့ကြသည့် လူမျိုးဖြစ်သည့်အလျောက် ဗမာ့မြေပြင်တွင် ဗမာ့သွေးများကို သွန်းလောင်းကာ လွတ်လပ်ရေးအောင်ပန်းကို ဆွတ်လှမ်းကြကုန်အံ့”ဟု ဗမာတစ်ပြည်လုံး အုန်းအုန်းကျွက်ကျွက် တစ်ခဲနက် ငြာသံပေးကာ နိပွန်(ဂျပန်)တို့၏အကူအညီဖြင့် ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ)နှင့် မျိုးချစ်လူကြီးလူငယ်၊ လူရွယ်၊ မိန်းမ၊ ယောကျ်ားမကျန်ပူးပေါင်းကာ အင်္ဂလိပ်တို့အား တိုက်ထုတ်ချေမှုန်းမောင်းနှင်လိုက်ကြသည်။

ဘီအိုင်အေသည် ဂျပန်တပ်မတော်၏စစ်ဦးခံ ဘီလူးအဖြစ်ဖြင့် အမှုထမ်းခဲ့ရသည်။ ဂျပန်တပ်မတော်နှင့်အမြဲပူးပေါင်းတိုက်ခိုက်လေ့ရှိသည်။ တစ်ခါတစ်ရံ ဂျပန်တပ်များ၏ရှေ့ပြေးအဖြစ်လည်းကောင်း၊ လမ်းကြောင်းအဖြစ်လည်းကောင်း၊ တပ်တောင်ပံတစ်ရပ်အဖြစ်ဖြင့်လည်းကောင်း တိုက်ပွဲဝင်ခဲ့ရသည်။ မြန်မာပြည်မှအင်္ဂလိပ်တပ်များကိုမောင်းထုတ်ရာ၌ ရက်ပေါင်း ၇၀ ကြာခဲ့သည်။ ရက်ပေါင်း ၇၀ အရေးတော်ပုံတွင် ဘီအိုင်အေက ဦးလည်မသုန် **အချပ်ပို (ခ) သို့ ☆**









☆ အချပ်ပို (က) မှအဆက်

ဦးဆွေးဆံမြည့်သည့်တိုင်အောင် အထမြောက်အောင်မြင်စွာ သွေးနှင့်ချွေးနှင့်ရင်းနှီးကာ တိုက်ပွဲဝင်ခဲ့ကြသည်။ နယ်ချဲ့အင်္ဂလိပ်များ မြန်မာ့မြေပေါ်မှ ဆုတ်ခွာထွက်ပြေးခဲ့သည်။

နယ်ချဲ့လက်အောက် ကျရောက်နေရာမှ သခင်ဘဝသို့ ပြန်လည်ရောက်ရှိလာသောအခါ တစ်တိုင်းပြည်လုံးမှာ ရေတွေ့သောကြာပန်းကဲ့သို့ ရွှင်လန်းဝမ်းမြောက်ကြည်နူးခြင်းသို့ ရောက်ရှိလာခဲ့သည်။ နယ်ချဲ့အင်္ဂလိပ်များ မြန်မာနိုင်ငံမှ ဆုတ်ခွာထွက်ပြေးရခြင်းတွင် ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) ၏ တိုက်စွမ်းရည်နှင့် ဇွဲသတ္တိမှာ အကြောင်းရင်းခံဖြစ်သည်။ တိုင်းပြည်နှင့်လူမျိုးကို တကယ်ချစ်၍ တကယ်ပင် ရွပ်ရွပ်ခွံခွံ ရင်မြေကတုတ်လုပ်ပြီး တိုက်ခိုက်ခြင်းပြုခဲ့ကြသော မျိုးချစ်ပုဂ္ဂိုလ်များအား အစဉ်သဖြင့် ရင်ထဲနှလုံးသည်းပွတ်ထဲတွင် အမြဲထာဝရအောက်မေ့သတိရသင့်ပေသည်။

ဂျပန်တို့အနေဖြင့် မြန်မာနိုင်ငံအား ၁၉၄၃ ခုနှစ် ဩဂုတ်လ ၁ ရက်တွင် လွတ်လပ်ရေးပေးခဲ့သည်။ ထိုလွတ်လပ်ရေးကိုအတုအယောင်ရွှေရည်စိမ်လွတ်လပ်ရေးဟုဆိုခဲ့သည်။ လွတ်လပ်ရေးပေးသည်ဆိုသော်လည်း မြန်မာတို့တွင် လွတ်လွတ်လပ်လပ်လုပ်ပိုင်ခွင့်ရှိခဲ့သည်မဟုတ်၍ ရွှေရည်စိမ်ဟုနာမဝိသေသနပြုခြင်းဖြစ်သည်။

ဂျပန်များအုပ်စိုးနေသည့်ကာလတွင် မြန်မာနိုင်ငံ၏အခြေအနေမှာ ပြည်သူများစိတ်ဆင်းရဲကိုယ်ဆင်းရဲ ကြီးစွာနေထိုင်ကြရသည်။ အနေအထိုင်အစားအသောက် ဆင်းရဲသည်သာမက လူလုံခြုံမှု၊ ပစ္စည်းလုံခြုံမှုများလည်း ကင်းမဲ့နေသည်။ အထူးသဖြင့် မြန်မာတိုင်းရင်းသားများ ခံစားနေရသည်မှာ ချွေးတပ်စွဲခြင်းဖြစ်သည်။ ချွေးတပ်စခန်းမှာ ဖျားနာသေဆုံးသည့်ဦးရေများလာသည်။ မသေဘဲပြန်ရောက်လာသူများမှာလည်း လူစဉ်မမီဖြစ်သွားကြသည်။ ချွေးတပ်လိုက်နေရသည့်အတွက် လယ်ယာလုပ်ငန်းများကို ထိခိုက်သည်။ ထိုစဉ်က ဒေါက်တာဘမော်အစိုးရအနေဖြင့်လည်း လုပ်ပိုင်ခွင့်မရှိဖြစ်နေသည်။ ထို့ကြောင့် ဂျပန်ဆန့်ကျင်ရေး၊ မုန်းတီးရေးနာကြည်းစိတ်များ တစ်နိုင်ငံလုံးတွင်ပျံ့နှံ့လာသည်။ ထိုအချိန်က ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ)ကို ၁၉၄၂ ခုနှစ် ဇူလိုင်လ ၂၇ ရက်တွင် ဗမာ့ကာကွယ်ရေးတပ်မတော် (ဘီဒီအေ)အဖြစ် ပြန်လည်ဖွဲ့စည်းသည်။ အင်အား ၃၀၀၀ ခန့်ဖြင့် ဗမာ့ကာကွယ်ရေးတပ်မတော်ကို ပျဉ်းမနားတွင် ဌာနချုပ်ထားကာဖွင့်လှစ်သည်။ ထို့နောက် ၁၉၄၃ ခုနှစ် စက်တင်ဘာလ ၁၅ ရက်တွင် ဗမာ့ကာကွယ်ရေးတပ်မတော်ကို ဗမာ့အမျိုးသားတပ်မတော်(ဘီအင်ဒန်အေ)အဖြစ် ပြင်ဆင်ဖွဲ့စည်းခဲ့သည်။ ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်တွင် ဗမာ့အမျိုးသားတပ်မတော်(ဘီအင်ဒန်အေ)သည် ပြည်သူလူထုတစ်ရပ်လုံးနှင့်လက်တွဲကာ ဖက်ဆစ်တော်လှန်ရေးကိုစတင်ဆင်နွှဲခဲ့သည်။ ထို့နောက် ၁၉၄၅ ခုနှစ် ဇူလိုင်လ ၂၃ ရက်တွင် တပ်မတော်ကို မျိုးချစ်ဗမာ့တပ်မတော်ဟုပြင်ဆင်ဖွဲ့စည်းခဲ့သည်။ ဤသည်မှာ တပ်မတော်ကိုအမည်အမျိုးမျိုးပြောင်းလဲကာ ဖွဲ့စည်းခဲ့ကြခြင်းအကြောင်းဖြစ်သည်။

တပ်မတော်သည် မည်သို့သောအမည်များပြောင်းလဲနေစေကာမူ တိုင်းပြည်အတွက်သာအဓိကဖြစ်သည်။ မိမိနိုင်ငံ၊ မိမိလူမျိုးတိုးတက်ကြီးပွားရေးအတွက် စစ်ရေးဆိုင်ရာကိစ္စရပ်များတွင် အောင်မြင်အောင်ကြိုးစားသည်။ မည်သည့်အခက်အခဲကိုမဆို ရင်ဆိုင်ကျော်လွှားခဲ့သည်။ ဖက်ဆစ်တော်လှန်ရေးကာလသည် အလွန်ပင်ကြမ်းတမ်းခက်ခဲလှသည့် ကာလဖြစ်သည်။ တပ်မတော်သားများ၊ ပြည်သူများကြုံတွေ့ရသောအခက်အခဲများမှာ ပင်လယ်သမုဒ္ဒရာရေပြင်အဝှမ်းထက်ပင် များပြားလှသည်ဟုဆိုနိုင်သည်။ ထို့ကြောင့် ဖက်ဆစ်တော်လှန်ရေးကြီး အောင်မြင်ခဲ့သည်။ တပ်မတော်သားတို့၏စစ်ရေးစွမ်းအားမှာလည်းမြင့်မားခဲ့သည်။ မတ်လ ၂၇ ရက်မှစပြီး တပ်မတော်သည် မည်သူ၏လက်အောက်ခံမှမဟုတ်ဘဲ မိမိတို့ဘာသာကိုယ်ပိုင်ရပ်တည်နိုင်သည့် တပ်မတော်ဖြစ်သည့်အတွက် ထိုနေ့ကို တပ်မတော်နေ့ဟုသတ်မှတ်ခဲ့သည်။ တပ်မတော်အနေဖြင့် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိသည်အထိ ဆက်လက်တိုက်ပွဲဝင်ရမည်မှာ သမိုင်းပေးတာဝန်ဖြစ်သည်။ ထို့ကြောင့် ၁၉၄၇ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်တွင် တပ်မတော်(လေ) ကိုလည်းကောင်း၊ ဒီဇင်ဘာလ ၂၄ ရက်တွင် တပ်မတော်(ရေ) ကိုလည်းကောင်း စတင်ဖွင့်လှစ်ခဲ့သည်။

ကမ္ဘာ့သမိုင်းတွင် ဒုတိယကမ္ဘာစစ်ကြီးသည် ၁၉၃၉ ခုနှစ် စက်တင်ဘာလ ၁ ရက်မှ ၁၉၄၅ ခုနှစ် စက်တင်ဘာလ ၂ ရက်အထိဖြစ်ပွားခဲ့သည်။ တပ်မတော်အနေဖြင့် ဖက်ဆစ်တော်လှန်ရေးဆင်နွှဲခဲ့သည့် ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်မှာ ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားဆဲကာလဖြစ်သည်။ ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးသောအခါ မြန်မာနိုင်ငံကို အင်္ဂလိပ်တို့ တစ်ကျော့ပြန်သိမ်းပိုက်သည်။ မျိုးချစ်ဗမာ့တပ်မတော်ကို ဖျက်သိမ်းရန် တိုက်တွန်းခဲ့သည်။ မျိုးချစ်ဗမာ့တပ်မတော်ကိုလည်း မြန်မာပြည်ကို လွတ်လပ်ရေးမပေးဘဲ မျိုးချစ်ဗမာ့တပ်မတော်ကို ဖျက်သိမ်းခဲ့လျှင် ပြန်လည်တိုက်ခိုက်ရန် ရည်ရွယ်ထားပြီးဖြစ်သည်။

အင်္ဂလိပ်တို့အနေဖြင့် မျိုးချစ်ဗမာ့တပ်မတော်ကို မဖျက်သိမ်းရဲတော့ဘဲ ကန္ဒီစာချုပ်ချုပ်ဆိုကာ အရာရှိ ၂၀၀၊ တပ်သား ၅၂၀၀ နှင့်ဗမာ့တပ်မတော်အသစ်ကို ပြန်လည်ဖွဲ့စည်းရန်သဘောတူခဲ့ကြရသည်။ လွတ်လပ်ရေးရယူရန် ဖွဲ့စည်းထူထောင်ခဲ့သော တပ်မတော်သည် ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဖွဲ့စည်းထူထောင်ပေါ်ပေါက်လာသော ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့်အတူ တပ်မတော်(ကြည်း၊ ရေ၊ လေ) တည်းဟူသော အင်အားကြီးတစ်ရပ်ကို တရားဝင်ဖွဲ့စည်းနိုင်ခဲ့သည်။ မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်တွင် လွတ်လပ်ရေးရရှိခဲ့သည်။ ဤသည်ကား လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ ပေါ်ပေါက်လာသည့် တပ်မတော်၏ သမိုင်းအကျဉ်းချုပ်ပင်ဖြစ်ပါတော့သတည်း။ ။

ဘုန်းမောင်ဝင်း(ဗျာပုံ)



❑ **အချပ်ပို (ဃ) မှအဆက်**

ပိုင်ဆိုင်ခဲ့သည့် လေတပ်အဆောက်အအုံများကို ဗမာ့အပျော်တမ်းလေတပ်သို့ တဖြည်းဖြည်းလွှဲပြောင်းပေးခဲ့သည်။ ၁၉၄၇ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက် နေ့စွဲဖြင့် မြန်မာနိုင်ငံအစိုးရကာကွယ်ရေးဌာနမှ ထုတ်ပြန်ကြေညာသည့် အမိန့်အမှတ်၊ ၄၀၉ အရ ဗမာ့လေတပ်မတော်ဟု ပြောင်းလဲဖွဲ့စည်းခဲ့သည်။ ၁၉၅၅ ခုနှစ်တွင် တပ်မတော်(ကြည်း၊ ရေ၊ လေ)ပေါင်းစည်းရေးမူအရ တပ်မတော်(လေ)ဟု အမည်ပြောင်းလဲ၍ ခေါ်ဝေါ်ခဲ့သည်။

မျက်မှောက်ခေတ် ကမ္ဘာတစ်လွှားဖြစ်ပွားနေသည့်စစ်ပွဲများနှင့် လက်နက်ကိုင်ပဋိပက္ခများကိုကြည့်ပါက လေကြောင်းနှင့်အာကာသစွမ်းအားသည်အဓိက အရေးပါလျက်ရှိသည်ကို တွေ့ရမည်ဖြစ်သည်။


တပ်မတော်(လေ)၏ သက်တမ်းမှာ (၇၇) နှစ် ပြည့်မြောက်ကျော်လွန်ခဲ့ပြီဖြစ်သည်။ တပ်မတော်(လေ)သည် လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာပြီး ယခုအခါ စွမ်းရည်ထက်မြက်သော လေတပ်တစ်ခုအဖြစ် စိန်ရတုအလွန်နှစ်များတွင် ခုံညားထည်ဝါစွာရောက်ရှိခဲ့ပြီဖြစ်သည်။ ဆက်လက်၍ တပ်မတော်(လေ)အား ကျစ်လျစ်ပြီး စွမ်းရည်ထက်မြက်သည့် အီလက်ထရွန်နစ်စွမ်းအား မြင့်မားသော ခေတ်မီတပ်မတော်အဖြစ် အဆင့်ဆင့်တိုးမြှင့်တည်ဆောက်လျက်ဖြစ်သည်။

❁ **အချပ်ပို (ဃ) မှအဆက်**

တပ်မတော်(ရေ)၏ သက်တမ်းမှာ (၇၇)နှစ်ပြည့်မြောက်ကျော်လွန်ခဲ့ပြီဖြစ်သည်။ တပ်မတော်(ရေ)ကိုတည်ဆောက်ရာတွင် ပထမအဆင့်ဖြစ်သည့် မြန်မာ့ပင်လယ်ပြင်သီးသန့် စီးပွားရေးဇုန်အား အပြည့်အဝကာကွယ်နိုင်သည့် သုံးဖက်မြင်စစ်ဆင်နိုင်စွမ်းရှိသော တိုက်ပွဲဝင်အသင့်ရေတပ် (Three Dimensional Combat Ready Navy) အဖြစ်သို့ တက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။ ဒုတိယအဆင့်အနေဖြင့် မြန်မာ့ပင်လယ်ပြင်နှင့် ဆက်စပ်ပင်လယ်ပြင်များသို့ ဖြန့်ကြက်နိုင်စွမ်းရှိသည့် ရေတပ် (Adjacent Force Projection Navy/Regional Navy) အဖြစ်သို့ တက်လှမ်းနိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။







တပ်မတော်(ရေ)

မြန်မာ့ရေတပ်သည် ရှေးမြန်မာမင်းလက်ထက် ၁၂ ရာစုအစပိုင်းကာလကပင် အစပြုခဲ့သည်။ ၁၈ ရာစု ကုန်းဘောင်မင်းဆက် ရတနာပုံခေတ်ကာလတွင် ရာထူးဌာနန္တရ၊ အဆောင်အယောင်တို့ဖြင့် စနစ်တကျ စုဖွဲ့တည်ရှိလာခဲ့သည်။ ကုန်းဘောင်ခေတ်နှောင်းပိုင်းတွင် မြန်မာ့ရေတပ်၌ သဘော်စု၊ လှေစု၊ ဖောင်စု၊ လှော်ကားစု၊ သမ္မန်စု၊ သရပတ်စုနှင့် လှေကုတ် စသည်ဖြင့်ဖွဲ့စည်းခဲ့သည်ကိုတွေ့ရှိရသည်။ ဒုတိယကမ္ဘာစစ်မတိုင်မီ ကိုလိုနီခေတ်တွင် နယ်ချဲ့ဗြိတိသျှတို့သည် အရာရှိ ၁၃၈ ဦး၊ အခြားအဆင့် ၁၀၀၀ ဦးတို့ဖြင့် အပျော်တမ်းရေတပ်ဖွဲ့ကို စတင်ဖွဲ့စည်းခဲ့သည်။

၁၉၄၂ ခုနှစ် ဇန်နဝါရီလတွင် ဘီအိုင်အေတပ်များ မြန်မာပြည်တွင်းဝင်ရောက်ခဲ့ပြီးနောက် ဗိုလ်ချုပ်အောင်ဆန်းသည် ဗမာ့ကာကွယ်ရေးတပ်မတော်ကို တိုးချဲ့သွားမည်ဖြစ်ကြောင်း၊ ခေတ်မီလေတပ်နှင့်ရေတပ်ဖွဲ့တို့အား ထူထောင်သွားမည်ဖြစ်ကြောင်းပါရှိပြီး ၁၉၄၃ ခုနှစ် ဩဂုတ်လ ၃ ရက်တွင် တိုင်းပြည်သို့ ကြေညာချက်ထုတ်ပြန်ခဲ့သည်။ ၁၉၄၆ ခုနှစ်တွင် ဗြိတိသျှ အစိုးရသည် ဗမာပြည်ဘုရင့်အပျော်တမ်းအရန်ရေတပ်အား အရာရှိ ၄၇ ဦး၊ အခြားအဆင့် ၇၆၃ ဦးတို့ဖြင့် အမြဲတမ်းရေတပ်အဖြစ်ပြောင်းလဲဖွဲ့စည်းရန် စီမံချက်ရေးဆွဲခဲ့ပြီး ပြောင်းလဲဖွဲ့စည်းမည့်ရေတပ်၌ ဖရီးဂိတ်ရေယာဉ်နှစ်စင်းနှင့် HDML ၁၃ စင်း ထည့်သွင်းခဲ့သည်။ ပထမဆုံး ဖရီးဂိတ်စစ်ရေယာဉ် ဖားလ်(HMS Fal) အား ၁၉၄၇ ခုနှစ် မေလ ၂၅ ရက်တွင် ရန်ကုန်မြစ်အတွင်း လွှဲပြောင်းပေးခဲ့ရာ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်လက်ခံခဲ့သည်။

အဆိုပါဖရီးဂိတ်စစ်ရေယာဉ်အား မြန်မာအမည် “မေယု” ဟု အမည်ပြောင်းလဲခဲ့သည်။ စစ်ရေယာဉ်မေယုလွှဲပြောင်းလက်ခံခြင်းနှင့်အတူ အခြားတိုက်ရေယာဉ် ၁၂ စင်းကိုပါ လွှဲပြောင်းရယူခဲ့သည်။ မြန်မာနိုင်ငံအစိုးရကာကွယ်ရေးဌာနက ၁၉၄၇ ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်တွင် ဗမာပြည်ဘုရင့်အပျော်တမ်းအရန်ရေတပ်အား ဗမာ့ရေတပ်မတော် (Burma Navy) အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့သည်။ ၁၉၅၅ ခုနှစ် နိုဝင်ဘာလ ၂ ရက်တွင် ဗမာ့ရေတပ်မတော်ကို တပ်မတော်(ရေတပ်)ဟု ပြောင်းလဲခေါ်ဝေါ်ခဲ့သည်။ **အချပ်ပို (ဂ) သို့** ✿

တပ်မတော်(လေ)

၁၉၄၀ ပြည့်နှစ် စက်တင်ဘာလ ၁၉ ရက်တွင် ဗမာ့အပျော်တမ်းလေတပ်ဖွဲ့ (Burma Volunteer Air Unit-BVAU) ကို စတင်ဖွဲ့စည်းခဲ့ပြီး မြန်မာနိုင်ငံဗြိတိသျှအစိုးရ ကာကွယ်ရေးဌာနက ၁၉၄၁ ခုနှစ် ဧပြီလ ၄ ရက်တွင် ဗမာ့အပျော်တမ်းလေတပ် (Burma Volunteer Air Force-BVAF) အဖြစ် ထပ်မံပြောင်းလဲဖွဲ့စည်းခဲ့သည်။ ဒုတိယကမ္ဘာစစ်အတွင်း ၁၉၄၂ ခုနှစ်၌ အင်္ဂလိပ်တပ်များ အိန္ဒိယသို့ဆုတ်ခွာရာတွင် ဗမာ့အပျော်တမ်းလေတပ် BVAF သည် အင်္ဂလိပ်စစ်တပ်နှင့်အတူ ပါသွားခဲ့ရသည်။ ၁၉၄၆ ခုနှစ်တွင် ဗမာ့အပျော်တမ်းလေတပ်ဌာနက အနာဂတ်လေတပ်စီမံကိန်းတစ်ခု ရေးဆွဲတင်ပြခဲ့ပြီးနောက် ၁၉၄၇ ခုနှစ်တွင် ဘုရင့်လေတပ်မတော်မှ **အချပ်ပို (ဂ) သို့** ❑





